www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရ
## အစီအစဉ်

သို့

မမမယ်မင်းဘုံ...

အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ။

လုံးကြီးတင်ဆန်ခတ်ကို ဖတ်ပြီး ကျေနပ်တယ်။ ဘယ်စာတ်လမ်းလေးနဲ့မှ မတူအောင် ပြောင်းပြီးရေးနိုင်တဲ့ မမယ်မင်းဘုံရဲ့ အရေးအသားတွေ ပြောင်မြောက်လှပါတယ်။

ကျေးဇူးပါပဲ မမမယ်မင်းဘုံ။

မမရဲ့ အခွေ စာအုပ် စောစောငှားမှ ရတယ်နော်။

နောက်တစ်အုပ်က ဘယ်တော့ထွက်မှာလဲ။ စာအုပ်အမည်လေးကကော...

မျှော်လင့်နေမယ်...

ချစ်တဲ့ ညီမလေး
**အင်နီနွှိုင်း**
(တ–နှစ် စီးပွားရေး)
အဝေးသင်
ရန်ကုန်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရ အစီအစဉ်

သို့

ချစ်တဲ့ဘုံဘုံ...

နေကောင်းပါရဲ့လား...

မိုးလုံလေလုံအိမ်ထောင်ပြုသည်ဆိုတဲ့ ဗီဒီယိုကား လေး ဘယ်တော့ထွက်မှာလဲ၊ ဘယ်သူတွေနဲ့ ရိုက်တာလဲဟင်... ကြည့်ချင်လှပြီ။

အခုဖတ်ရတဲ့ လုံးကြီးတင်ဆန်ခတ် အမျိုးသားက တော့ ဇာတ်လေး အရမ်းဆန်းတယ်နော်။ မိုက်တယ် ဘုံဘုံရဲ့ စာအုပ်တွေဆို မလွတ်တမ်းဖတ်တဲ့ ပရိသတ်ပါနော်...

အားပေးနေတယ်...

ဘုံဘုံရဲ့

**နှင်းနွေဦး**

၂၅ x ၂၆ လမ်း

မဟာဓေယျဘုံရပ်၊ မန္တလေး။



## စေတနာစာပေ၏

### အမှတ်တရ အစီအစဉ်

မမယ်...

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ...

လုံးကြီးတင်ဆန်ခတ်အမျိုးသား စာအုပ် ကောင်း ပါတယ်၊ ကြိုက်ပါတယ်။

မမယ်ရဲ့စာအုပ်တွေ တစ်အုပ်ထက် တစ်အုပ် ပိုလို့ လည်း ကောင်းလာတယ်။

မမယ်ရေ... နောက်တစ်အုပ်က ဘာစာအုပ်ထွက် မှာလဲ။

စာအုပ်အမည်လေးတွေ ကြိုပြီးရေးပေးရင် ကောင်း မှာပဲလို့ ထင်ပါတယ်။

မမယ်ရဲ့စာအုပ်တွေကို အမြဲမျှော်နေတဲ့...

**မထက်**

၁၀/တောင်

သာကေတမြို့နယ်

ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

ဆရာမ မယ်မင်းဘုံရေ...

နေကောင်းတယ်မို့လား။

လုံးကြီးတင်ဆန်စက်အမျိုးသားက မှုကွဲအောင် ရေးထားတယ်နော်။ ဖတ်လို့ကောင်းပါတယ်။ ယောက္ခမကြီးနဲ့ ချွေးမနှစ်ယောက် ဓာတ်လမ်းလေးမို့ အဆန်းတကြယ် ဖတ်လို့ကောင်းပါတယ်။

ဒါနဲ့ "မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည်"ရယ်၊ "သံယောဇဉ်မျက်စောင်းထိုးရယ်" ဗီဒီယိုအခွေ ဘယ်တော့ထွက်မှာလဲ။ ဆရာမရဲ့ ကားလေးတွေကို ကြည့်ချင်လှပြီ။ ပြောရမယ်ဆိုရင်တော့ အရမ်း Good လို့ပေါ့။ နောက်တစ်လမှာလည်း ဘာစာအုပ်ထွက်မှာလဲ ရင်ခုန်စွာနဲ့ စောင့်နေမယ်နော်။

**ညီညီတာ**
တူးမြောင်းကြီးရွာ
ဟသ်ာတမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး။



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

ဘုံဘုံရေ...

ဖုန်းဆက်တာ လက်ခံ စကားပြောပေးတဲ့အတွက် ကျေးဇူးပါ။

လေးစားပြီး အားကျပါတယ်။

ဘုံဘုံရဲ့စာအုပ်တွေကို အမြဲတမ်း မလွတ်တမ်းဖတ်တဲ့ ပရိသတ်ပါ။

ခင်မင်အားပေးတဲ့...

**ရဲရင့်**
အမှတ်(၆)၊
ဘူတာတောင် ၁၈ လမ်း
ဖြူး

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေဇော်

**အမှတ်တရ**
**အစီအစဉ်**

သို့

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ...

မမမယ်မင်းဘုံ fb မှာလည်း ညီမလေးတို့ကို လက်ခံပေးတယ်။

မမရဲ့စာအုပ်တွေကိုလည်း ကြိုက်တယ်၊ ကဗျာတွေကိုလည်း ကြိုက်တယ်။

မမရဲ့ video ကားလေးတွေ အသစ် ဘယ်တော့ ထွက်မှာလဲ၊ မမရေ... စာအုပ်လေးတွေ မြန်မြန်ထုတ်ပေးပါလားဟင်၊ ညီမလေးတို့ ဖတ်ချင်လို့ပါ။ မမရေ... မမစာအုပ်လေးတွေက ညီမလေးတို့မြို့မှာတော့ Star ပဲနော်။ မမရဲ့လုံးကြီးတင် ဆန်ခတ်အမျိုးသားကလည်း သိပ်ကောင်းပါတယ်။

မမ ဒီထက်မက အောင်မြင်ပါစေ။

ညီမလေး
**ညိုညိုမြင့် (ခ) အယ်ကိုဟော**
အမှတ်(၂) ကံမ
သရက်မြို့
မကွေးတိုင်း



## စေတနာစာပေဇော်

**အမှတ်တရ**
**အစီအစဉ်**

သို့

မမ...

မမရဲ့ အုပ်(၄၀)မြောက် အမှတ်တရ ဆိုတဲ့ အတိုင်း အမှတ်တရကို ဖြစ်စေပါတယ်။

ခေါင်းစဉ်လေးကလည်း ဆန်းတယ်၊ မမရဲ့အရင် ရေးတဲ့ idea အတိုင်း မဟုတ်ဘဲ မူကွဲထွက်ပြီး ရေးထားတာ သိပ်ကြိုက်ပါတယ်။

မမရေ... ညီမက ဒါပထမဦးဆုံး မမဆီကိုစာရေးတာပါ။ fb မှာတော့ မမနဲ့ fri ပါမမ။

ညီမ
**မေစပယ်ဖြူနု (ခ) နုအိ**
မင်္ဂလာလမ်း
၄– ရပ်ကွက်
ဒိုက်ဦး။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

မမဘုံ

ညီမလေးကို Ph: နဲ့ လက်ခံစကားပြောတဲ့အတွက် very thank you so much ပါ။

လုံးကြီးတင်ဆန်ခတ်အမျိုးသား ဆိုတဲ့ ဝတ္ထုလေးကို အားရကျေနပ်မိတယ်။

မမဘုံရေ... ဒီဝတ္ထုလေးက မှုကွဲထွက်သွားတယ်နော်။ နောက်ထွက်မယ့် ဝတ္ထုလေးကိုလည်း ဘယ်လိုတင်ဆက်မယ်ဆိုတာ ရင်ခုန်စွာဖြင့် စောင့်မျှော်နေပါ့မယ်။

ချစ်ခင်စွာဖြင့်

**ချူးချူး**
(၃)လွှာ၊ ရေကျော်လမ်းမကြီး
ပုဇွန်တောင်။



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

သို့

ဘုံရေ...

အောင်မြင်မှုများစွာနဲ့ ပိုင်ဆိုင်နိုင်ပါစေ။ ဘုံ့ရဲ့ အုပ်(၄၀)မြောက် စာအုပ်ကို ဖတ်ပြီးပါပြီ။ အရမ်းကြိုက်ပါတယ်။

အပြင်မှာဖြစ်နေတတ်တဲ့ ဇာတ်လေးမို့လည်း သိပ်ကြိုက်ပါတယ် ဘုံ...

ဇာတ်လမ်းကောင်းလေးတွေကိုလည်း ပိုပိုပြီးရေးသား နိုင်ပါစေ။

**ကောင်လေး**
(၆) ဆိပ်ကမ်းသာလမ်း
ဒေါပုံ
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

ဆရာမ မယ်မင်းဘုံ...

မင်္ဂလာရှိသော နေ့လေးကို ပိုင်ဆိုင်နိုင်ပါစေ။ သဝန်တိုမင်္ဂလာကကြိုး ဝတ္ထုလေးကို အရမ်းကြိုက်ပါတယ်။

ဆရာမရဲ့ Video ကားလေးတွေ ဘယ်တော့ထွက်မှာလဲ။ Video တွေထဲမှာ ရိုးမြေကျခေါင်းခါသည် ကြိုက်တယ်။

ဆရာမရေ... သဝန်တိုကကြိုး နောက်မှာ စာအုပ်ဆိုင်က ဆရာမစာအုပ် မရလို့တဲ့ မဖတ်ရသေးဘူး၊ စာအုပ်ထွက်ရင် fb မှာ တင်ပေးပါလို့ ပြောပါရစေ။

**နုနုသာ**
လေးဒေါင့်ကန်စံပြရပ်ကွက်
ဒဂုံ–တောင်
ရန်ကုန်တိုင်းဒေသကြီး။



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

မမမယ်မင်း...

ဝတ္ထုတွေ တအားကောင်းလာတယ်။

မမမယ်မင်းရဲ့ဓာတ်ပုံလေးတွေ စာအုပ်ထဲမှာ ထည့်ပေးပါဦး။

မမမယ်မင်းရဲ့ အုပ်(၄၀)မြောက်စာအုပ်လေးကိုလည်း ကြိုက်တယ်။ အဲ့ထဲက ကဗျာလေးလည်း ကြိုက်တယ်။

လွမ်းတယ်ကွာ ချစ်သူ
စာစီပြီး အလွမ်းသတင်းပို့လည်း
reply မင်း မလာတာကို
အရမ်းဝမ်းနည်းတယ်။

ဝါရဲ့ခံစားချက်နဲ့ တိုက်ဆိုင်လို့ ကျေးဇူးပါ မမ။

ဝါ

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

အမှတ်တရ
အစီအစဉ်

သို့

အစ်မမယ်မင်း…

သဝန်တိုမင်္ဂလာကကြိုး ဖတ်ပြီးပြီ။ ဓာတ်သိမ်းလေးက ထင်မကားတဲ့ လှည့်ကွက်လေးတွေနဲ့မို့ တအားဆွဲဆောင်မှုရှိအောင် ကောင်းပါတယ်။ အစ်မရေ… တစ်လကို တစ်အုပ်တော့ ပုံမှန်လေး ထွက်ပေးပါနော်။

ကျေးဇူးတင်ပါတယ်။ အမြဲလည်း အားပေးလျက်ပါ ချစ်မ။

**ရွှေရည်တင့်**
ချောင်းဆုံဆီဆိုင်
မြစ်သား၊ မန္တလေး။

# မယ်မင်းဘုံ

## တောက်ပစွာမုန်းမည်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မယ်မင်းဘုံ၏ ထွက်ပြီးစာအုပ်များ


၁။ အချစ်ဇရီယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် (အောင်သီရိဇီဒီယို)
၂။ ချစ်ရင် ... နှစ်မိနစ်စောင့် (ရွှေစင်ဦးဇီဒီယို)
၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိဇီဒီယို)
၄။ ချစ်သူလိမ်းဖို့ဒေးကရင်မ် (အောင်သီရိဇီဒီယို)
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ရွှေစင်ဦးဇီဒီယို)
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန်ငါသေပါရစေ (အောင်သီရိဇီဒီယို)
၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိဇီဒီယို)
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည် (အောင်သီရိဇီဒီယို)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိဇီဒီယို)
၁၀။ နမူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဇီဒီယို)
၁၁။ အနမ်းမြို့ကသတို့သား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ် (အောင်သီရိဇီဒီယို)
၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ (အောင်သီရိဇီဒီယို)
၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း(အောင်သီရိဇီဒီယို)
၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည် (အောင်သီရိဇီဒီယို)
၁၆။ ဘာညာသာရကာ (အောင်သီရိဇီဒီယို)
၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သီရိဇီဒီယို)
၁၈။ အနမ်း Equation (အောင်သီရိဇီဒီယို)
၁၉။ တဆိတ်လောက်ခင်ဗျာ ချစ်သူကို ... ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (အောင်သီရိဇီဒီယို)
၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိဇီဒီယို)
၂၁။ ဖျိုလေးရည်းစားမြို့ကြီးသား (အောင်သီရိဇီဒီယို)
၂၂။ အမုန်းပြယ်ဝိုင် (အောင်သီရိဇီဒီယို)
၂၃။ နှလုံးသား Hacker (အောင်သီရိဇီဒီယို)
၂၄။ ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ (အောင်သီရိဇီဒီယို)
၂၅။ သူ့စိတ်နာတဲ့ကြားပြတ်အစီအစဉ် (အောင်သီရိဇီဒီယို)
၂၆။ 4 In 1 (အောင်သီရိဇီဒီယို)
၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိဇီဒီယို)
၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (အောင်သီရိဇီဒီယို)
၂၉။ နေမထိအလွမ်း (အောင်သီရိဇီဒီယို)
၃၀။ မိုးလုံလေလုံအိမ်ထောင်ပြုသည် (အောင်သီရိဇီဒီယို)
၃၁။ နောက်ကျောကချစ်သူ (အောင်သီရိဇီဒီယို)
၃၂။ ရိုးမြေကျခေါင်းခါသည် (စိမ်းဝါနီဇီဒီယို)
၃၃။ သံယောဇဉ်မျက်စောင်းထိုး (အောင်သီရိဇီဒီယို)
၃၄။ မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည် (အောင်သီရိဇီဒီယို)
၃၅။ ဆေးကျောင်းသားနှင့်အိုကွင်း (အောင်သီရိဇီဒီယို)
၃၆။ အခန့်မသင့်မုန်တိုင်း (အောင်သီရိဇီဒီယို)
၃၇။ ချော့လို့နေလို့ ချစ်လေသည် (အောင်သီရိဇီဒီယို)
၃၈။ သဝန်တို မင်္ဂလာကကြိုး (အောင်သီရိဇီဒီယို)
၃၉။ သကြားဖျန်းတဲ့သကြိန် (အောင်သီရိဇီဒီယို)
၄၀။ လုံးကြီးတင်ဆန်ခတ် အမျိုးသား(အောင်သီရိဇီဒီယို)

**ယခုလ**

၄၁။ တောက်ပစွာမုန်းမည်


www.burmeseclassic.com

www.burmeseclassic.com


မယ်မင်းဘုံ

တောက်ပစွာမှုန်းမည်

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

**တန်ဖိုး**

၁၀၀ ကျပ်

**အုပ်ရေ**

၅၀၀

**ထုတ်ဝေသူ**

ဦးကျော်လှိုင် (၀၀၆၅၁) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်။

**ပုံနှိပ်သူ**

ဦးကျော်လှိုင် (၀၀၄၇၇)၊ စေတနာ Offset


အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

| | |
|---|---|
| မယ်မင်းဘုံ | ၈၉၅.၈၃ |
| တောက်ပစွာမှုန်းမည် | မယ်မင်းဘုံ၊ (ရန်ကုန်) |
| စေတနာစာပေ။ ၂၀၁၅ | |
| ၂၈၈–စာ၊ ၅ x ၇ လက်မ။ | |
| (၁) တောက်ပစွာမှုန်းမည် | |




# အပိုင်း(၁)

## ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com





"ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မတို့ တစ်ပတ်အတွင်း အိမ်ပြောင်းပြီးတာနဲ့ သော့လာအပ်ပါ့မယ်"

နီက ကျေးဇူးတင်စကား ဆိုပြီးသည့် နောက်မှာ ဦးသန့်ထူးက နီတို့ကို စာနာနားလည်စွာသော အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ...

"ရပါတယ်။ လောလောဆယ်လည်း ဦးတို့က ဒီအိမ်ကို ပြင်ဆင်ဦးမှာ မဟုတ်သေးဘူးလေ။ သမီးတို့က ပြောင်းဖို့ အိမ် ရထားပြီလား"

"ဟုတ်ကဲ့ ဦး၊ အိမ်က အဆင်သင့် ရှိတယ်ပဲ ပြောရမှာပေါ့။ နီတို့တွေက နယ်ပဲ ပြန်နေတော့မှာပါ။ မေမေတို့ ဇာတိက ကျောက်ဆည်ကလေ။ ဟိုမှာ မေမေ့ညီမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရှိသေးတော့ သူကပဲ အိမ်ကိစ္စ စီစဉ်ထားပေးပါတယ်"

"ဩော်... ဒါဆို သမီးက အလုပ်ပါထွက်ရမှာပေါ့"

နီက အဲဒီအမေးကို သက်ပြင်းမောတစ်ခု ချရင်း ခေါင်းဆတ်ပြလိုက်သည်။ ဘဝမှာ ဘာမှမှ မတည်မြဲတာလေ။

"ဟုတ်ကဲ့ ဦး။ ဒီမှာကျတော့ အလုပ်အဆင်ပြေတယ်ဆိုပေမယ့် နေ့စဉ်နေ့တိုင်း အလုပ်ပဲ သွားနေရတော့ အိမ်ကိုလည်း အချိန်မပေးနိုင်လို့ပါ"

"အေးပေါ့လေ... ဘာပဲဖြစ်ဖြစ် ဦးကတော့ နနီကိုရန်ကုန်မှာပဲ နေစေချင်တာ၊ နနီလို ထက်မြက်တဲ့ မိန်းကလေးအတွက် အလုပ်မရှားဘူးလေ။ ပြီးတော့ ရန်ကုန်ကျတော့ အစစ အဆင်ပြေနိုင်တဲ့ နေရာမျိုးလေ။ ဦးက စေတနာနဲ့ ပြောတာနော်"

"ဟုတ်ကဲ့ပါ ဦး၊ နီ နားလည်ပါတယ်။ ဦးစေတနာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီအိမ်လေးကို ဦးဝယ်တာ





ကပဲ နီတို့အတွက် တော်တော်အဆင်ပြေသွားတာပါ။ အခုက,ကတော့ ရှန်းရကန်ရတဲ့ ရန်ကုန်မြို့ထဲမှာ နေချင်စိတ်လည်း မရှိတော့လို့ပါ။ အေးအေးဆေးဆေး ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခုလုပ်ပြီး ကျောက်ဆည်မှာပဲ အခြေချဖို့ နီ ဆုံးဖြတ်ပြီးပါပြီ"

"အေးပါကွယ်၊ လိုအပ်တဲ့ အကူအညီရှိလည်း ပြောပေါ့ ဟုတ်လား။ ကဲ... သွားလိုက်ဦးမယ် အဲဒါဆို"

"ဟုတ်ကဲ့ပါရှင့်၊ ကျေးဇူးတင်ပါတယ် ဦး၊ နီ သော့ကို ကိုယ်တိုင်လာအပ်ပါ့မယ်"

"ကောင်းပါပြီ"

ဦးသန့်ထူးကို နီက အိမ်အဝထိ လိုက်ပို့ပြီး အိမ်ထဲပြန်ဝင်လာလျှင် မျက်နှာသိပ်မကောင်းတဲ့ မေမေနဲ့ သားကိုတွေ့ရလျှင် နီက အားတင်းပြုံးတစ်ခုဖြင့် သားကိုချီကာ ပေါင်ပေါ်မှာ ထိုင်စေပြီး အားပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… သားလေး၊ ဘာစားမလဲ။ ဘာဝယ်မလဲ။ သားလုပ်ချင်တာကို မေမေ အကုန်ဖြည့်ဆည်းပေးမယ်။ ဘာလိုချင်လဲ သားလေး"

နို့ရဲ့အမေးကို သားက ချက်ချင်းပြန်မပြောသေးဘဲ နို့ကို တမှေ့တမော ငေးကြည့်ကာ မပီကလာ ပီကလာ လေသံလေးဖြင့် မေးရှာသည်။

"မေမေ… သားသားတို့က ဒီမှာ မနေရတော့ဘူးလားဟင်"

သားရဲ့အမေးကြောင့် နီက ရင်ထဲနင့်သွားရကာ မျက်ရည်ဝဲမိသွားသည်။ သားရှေ့မှာမို့ အားတင်းအပြုံး ပြုံးလိုက်ကာ…

"သားလေးကလည်း မေမေတို့က တခြားနေရာကို သွားနေကြမှာလေ။ ဒီအိမ်မှာမှ မနေတော့တာ။ အဲဒီတော့ ပိုတာကို ရောင်းလိုက်တာပေါ့ သားလေးရဲ့။ အခု ပိုက်ဆံတွေအများကြီးရပြီ။ သားလေး လိုချင်တာ ဝယ်လို့ရပြီ။ ပျော်စရာကြီးပါ သားသားရယ်"





"သား ဖေဖေနဲ့ မခွဲနိုင်ဘူး"

သားရယ်။

နီက တင်းထားတဲ့ကြားက မျက်ရည်တစ်စက်က ပေါက်ခနဲ ကျလို့သွားလေသည်။ မေမေက အာရုံလွှဲတဲ့အနေဖြင့် သားကို နို့ပေါင်ပေါ်ကနေ ဆွဲချီလိုက်ကာ စကားလွှဲသွား၏။

"အမယ်လေး… သားလေးကလည်း၊ ဟိုနေ့ကပဲ ကျောက်ဆည်မှာ နေချင်တာဆို။ ကျောက်ဆည်မှာ သားကြိုက်တဲ့ မိုမိုရုပ်ကြီးတွေ ရှိတယ်လေ။ သားကို ဘွားဘွားက အများကြီး ဝယ်ပေးမှာ။ အဲ… နေပါဦး။ သားသားက မိုမိုရုပ်ကို သေးသေးလေး ယူမှလား။ အကြီးကြီး ယူမှာလား"

"အကြီးကြီးယူမှာ"

"အဲ… ဟုတ်ပြီ။ ဘွားဘွားက မိုမိုရုပ်အကြီးကြီးကို ငါးရုပ်ဝယ်ပေးမယ်။ ဟုတ်ပြီလား။ ဩော်… မေ့နေတာ။ သားသား ဘောလုံးဆော့မယ်ဆို။ ဟိုမှာသွားဆော့ဘူးလား"

"သွားမယ်။ ဘွားဘွား… မေမေ… သားသား သွားဆော့လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး… အေး"

သားအတွက် ကစားဖို့ လုပ်ပေးထားတဲ့ နေရာလေးကို သားက အပြေးသွားကာ သူ့ဘာသာ တစ်ယောက်တည်း ဘောလုံးကစားနေတာကိုကြည့်ရင်း စိတ်ထဲမှာ မကောင်းဖြစ်လာမိသည်။ မေမေက နီ့ရဲ့ပခုံးတွေကို ခပ်ဖွဖွ ပုတ်ပေးရင်းက နှစ်သိမ့်ပေးလေသည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ သမီးရယ်။ မြေးလေး ဟိုမှာ အနေပျော်သွားမှာပါ။ ကလေးဆိုတော့ ခဏဘဲ စွဲလမ်းတာပါ။ နောက်တော့လည်း နေသားတကျ ရှိသွားမှာပေါ့။ ဟိုမှာလည်း ရွေထူးလေးတို့ ရှိတာပဲ။ သူနဲ့ ကစားဖော်ရှိပါတယ်"

"နီလည်း အဲဒီလိုဖြစ်ဖို့ မျှော်လင့်ပါတယ်။ ဟိုမှာပြောင်းနေလိုက်တော့ စိတ်လည်း အပြောင်းအလဲ ဖြစ်ပါတယ်။ ဒီအိမ်လေးကို နီကော သားလေးကော အရမ်းချစ်တာ။ မောင့်အငွေ့အသက်တွေ ကျန်နေတဲ့ ဒီအိမ်လေးကိုစွန့်ပြီး နီ ထွက်သွားတာကို မောင် နားလည်မှာပါနော်… မေမေ"





နီက အားကိုးတကြီးဖြင့် မေမေ့ရဲ့လက်တွေကို ဆုပ်ကိုင်ကာ မေးလိုက်လျှင် မေမေက ခေါင်းတဆတ်ဆတ်ညိတ်ပြရင်း…

"မောင်မောင် နားလည်မှာပါ။ သမီး ဒီအိမ်လေးကို ရောင်းလိုက်မှပဲ သမီးဘဝ အသက်ရှုချောင်မှာလေ။ မောင်မောင် တင်နေတဲ့ အကြွေးတွေလည်း ရှင်းပြီးပြီဆိုတော့ သူလည်း သံသရာကြွေး မပါတော့ဘူး။ နောက်ပြီး သမီးက မြေးလေးနဲ့အတူ ဘဝကို အကြာကြီး ရင်ဆိုင်ရဦးမှာလေ။ သမီး လုပ်သင့်လုပ်ထိုက်တာကို လုပ်တာပါ။ မောင်မောင် သမီးတို့ သားအမိကို သူစိတ်ချပါတယ်"

နီက မျက်ရည်တွေဖြင့် မေမေ့စကားကို နားထောင်ကာ ခေါင်းညိတ်ပြရင်း မေမေ့ရင်ခွင်ထဲကို ခေါင်းတိုးဝင်လိုက်မိသည်။

ဒီအိမ်ကလေးမှာ နီတို့ ဘဝစခဲ့ကြတယ်။ ဒီအိမ်လေးကနေပဲ မောင် နီတို့ကို ထားခဲ့တယ်။ မောင်မရှိတော့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ မုဆိုးမဘဝကို ရဲရဲကြီးခံယူရင်း သားလေးအတွက် စိတ်ဓာတ်ခွန်အားတွေပေးဖို့ သားလေး လူတော်လူကောင်းဖြစ်လာဖို့ နီ့ အများကြီး ကြိုးစားရဦးမယ် မောင်။


✦ ✣ ✦





# အဖွင့်(၂)

## “ကျောက်ဆည်”



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



"ဒေါ်လေးရွှေ... ဖြစ်နိုင်ရင်တော့ နီက တစ်ခါတည်း နှစ်,နှစ်လောက် စာချုပ် ချုပ်ထားချင်တယ်။ အချိန်တိုတို လေးနဲ့ ဟိုအိမ်ရွှေ့ရ ဒီအိမ်ရွှေ့ရတာမျိုးကြီးလည်း မဖြစ်ချင်ဘူး"

"ပြောလို့တော့ ရမှာပါအေ။ ဒီအိမ်က ပိုနေလို့ ဆောက်ထားတာ။ ကိုဒေါ်သဘော ထားထားတာ။ လူငှားတွေဘာတွေလဲ မတင်ဘူးအေ့။ အခုကျမှ အိမ်ငှားမယ်ဆိုတော့ အဆင်ပြေမှာပါ နီရဲ့"

နီက အိမ်လေးကိုကြည့်ကာ သဘောလည်းကျတာမို့ တစ်ခါတည်းပဲ ဆုံးဖြတ်လိုက်တော့သည်။ အကယ်၍ မကြိုက်ဘူးဆိုရင်တောင် နေရမယ့်သဘောပဲလေ။ ဒီမြို့က ဇာတိမြို့ဆို



www.burmeseclassic.com

www.burmeseclassic.com



သော်ငြားလည်း မရောက်တာဆိုတာ နှစ်ချို့နေခဲ့ပြီ။ နီ ဆယ်တန်းအောင်လို့ ရန်ကုန်တက်လာကာ အဝေးသင်တက်ရင်း အလုပ်လုပ်ကတည်းက ဒီမှာ အခြေဖျက်ပြီး မေမေ့ကိုပါ ခေါ်ထားခဲ့တာ။ မောင်နဲ့ အိမ်ထောင်ကျတော့လည်း ကိုယ့်မြို့ ကိုယ့်ရွာရယ်ဆိုပြီး တစ်ခေါက်မှ ရောက်ဖြစ်တာ မဟုတ်။

မောင် ဆုံးသွားမှပဲ နီတို့ ဒီပြန်လာနေဖို့ ဆုံးဖြတ်ပြီး လာခဲ့တာမို့ ကိုယ့်ကို အစစကူညီပေးမယ့် ဒေါ်လေးရွှေနှင့် အိမ်ချင်းနီးတာက ပိုအဆင်ပြေမယ်မှလား။ အခုတော့ အိမ်လေးကိုလည်း နီကိုယ်တိုင်က သဘောကျ နှစ်သက်တာမို့ တစ်ခါတည်းပဲ စာချုပ်,ချုပ်ဖို့ ဆုံးဖြတ်လိုက်တာဖြစ်၏။

အိမ်ကလေးက တိုက်ခံအိမ်လေးဖြစ်ကာ နယ်ဆိုတော့ မြေကွက်ကျယ်ကျယ်ဝန်းဝန်းမို့ ရန်ကုန်လိုတော့ ကျဉ်းကျဉ်းကျပ်ကျပ် မဟုတ်တာတော့ အမှန်ပဲဖြစ်၏။

"အဲဒါဆိုရင်လည်း ဒီနေ့ပဲ တစ်ခါတည်း အငှားစာချုပ်ချုပ်လိုက်ချင်တယ် ဒေါ်လေးရွှေရယ်။ နီက ဒီဘက်မှာ





အားလုံးအဆင်သင့်ဖြစ်ပြီဆိုမှ ပြောင်းလာလို့ရမှာလေ။ ဟိုအိမ်ကလည်း ရောင်းထားပြီးပြီဆိုတော့ ပိုင်ရှင်ကို တစ်ပတ်လောက် အချိန်တောင်းထားပြီး အိမ်ပြောင်းဖို့ အချိန်ယူထားရတာ...

ဒီနေ့ ချုပ်လို့ရရင်တော့ ပိုကောင်းမယ် ဒေါ်လေးရွှေ၊ စာချုပ်,ချုပ်ပြီးရင် ညကားနဲ့ ရန်ကုန်ပြန်လိုက်လို့ရတယ်"

"အေးပါ... အေးပါ။ နေဦး... အဲဒါဆို ငါ ဖုန်းဆက်မေးပေးမယ်... ခဏလေး"

ဒေါ်လေးရွှေက သူ့ဖုန်းကိုထုတ်ကာ စာအုပ်ထဲမှတ်ထားတဲ့နံပါတ်ကိုနှိပ်ကာ ဖုန်းခေါ်နေ၏။ ဩော်... အခုတော့လည်း ဖုန်းဆိုတာ သိပ်ပေါပါလား။ ဟိုအရင် မောင်နဲ့နီ နှစ်ယောက် ငွေတွေအသေအကြေစုကာ ဝယ်ခဲ့မိတဲ့ (51) Sim Card လေးအကြောင်း တွေးမိသွားကာ နှုတ်ခမ်းက အလိုလို ပြုံးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို... အေး... ဘယ်သူလဲ"

"........."

"သြော်... အေး... မင်းမင်း။ ငါ... ကြီးရွှေ။ နင့်ကို ပြောထားတဲ့ ငါ့အိမ်ဘေးက အကွက်လေး ငှားမယ်ဆိုတာလေ။ အဲဒါ ဒီနေ့ စာချုပ်,ချုပ်ရမလားတဲ့။ ငှားတဲ့သူက ရန်ကုန်ကဆိုတော့ ဒီနေ့ စာချုပ်,ချုပ်ပြီးလို့ မီရင် ညကားနဲ့ ရန်ကုန်ပြန်ဆင်းချင်လို့တဲ့။ ဖြစ်လား"

"........."

"အေး... ဟုတ်ပြီ။ ဟုတ်ပြီ။ အဲဒါဆို လာခဲ့မယ်။ အေး... ဒါပဲနော်"

ဒေါ်လေးရွှေ ပြောသံကြားတာနဲ့ ဒီနေ့ အဆင်ပြေပြီဆိုတာ သဘောပေါက်ရတာမို့ နီက တော်တော်လေး ဝမ်းသာသွားသည်။

"ဒေါ်လေးရွှေ... အဆင်ပြေလား"

"အမယ်လေး... ပြေပ့ါ။ ညည်း ကံကောင်းတာပဲ နီရေ။ အိမ်ရှင်ရှိတယ်တဲ့။ သွားလို့ရတယ်"





ဒေါ်လေးရွှေ စကားကြောင့် နီက ခေါင်းတစ်ချက် ညိတ်ပြလိုက်ရင်း လက်မှ လက်ပတ်နာရီလေးကို ကြည့်လိုက်မိလျှင် အချိန်က ဆယ့်တစ်ခွဲပဲ ရှိသေးတာမို့ ငွေလည်းသွားထုတ်ဖို့ အချိန်မီလေ၏။

"ဟုတ်ကဲ့... ဒေါ်လေးရွှေ။ အဲဒါဆို နီ ပိုက်ဆံတစ်ခါတည်းထုတ်ပြီး သွားလိုက်မယ်လေ။ ဒီမှာ ကမ္ဘောဇဘဏ် ရှိပါတယ်နော်"

"အမယ်လေးအေ... ကျုပ်တို့မြို့ကိုများ အထင်သေးရန်ကော၊ ရှိပါ့တော်၊ ရှိပါ့"

"အထင်မသေးရပါဘူး ဒေါ်လေးရွှေရယ်။ နီက အစက ဒီလောက်အထိ အဆင်ပြေပြေ ရှိလိမ့်မယ်တောင် ထင်မထားဘူး။ အခုတော့ အကုန်အဆင်ပြေတယ်။ အဲဒါတွေကလည်း ဒေါ်လေးရွှေ ကူညီပေးလို့ပါ။ ဒေါ်လေးရွှေကို တကယ်ကျေးဇူးတင်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်အေ… ဒီလူနဲ့ဒီလူ ပြောနေဖို့တောင် မလိုတာ။ ကျုပ်တို့က ညည်းနဲ့ အစ်မမေ ပြန်လာနေမယ်ဆိုကတည်းက လွှတ်ကို ဝမ်းသာနေတာ"

နီ့အတွက်တော့ ဒါဟာ အဆိုးထဲက အကောင်းဆိုပြီး အမြတ်ထုတ်လို့ ရစေတဲ့ စိတ်ချမ်းသာမှုပဲ ဖြစ်၏။ ပြောရမယ်ဆိုရင်တော့ နီတို့အတွက် ဒီအရပ်ဒေသကို ပြန်လာကာ အခြေချဖို့ဆိုတာဟာ ထိထိုးတဲ့သဘောပဲဖြစ်၏။

ဒေါ်လေးရွှေကလည်း ကိုယ်နဲ့ အဒေါ်တော်တယ်ဆိုသော်ငြားလည်း အဆက်အသွယ် ပြတ်နေသည်က နှစ်ကိုမနည်းတော့ချေ။

နီတို့ အကူအညီလိုမှ ဆက်သွယ်မိလည်း ဒေါ်လေးရွှေတို့ဘက်က အရင်လိုပဲ အရင်အတိုင်းပဲကို လှိုက်လှဲပျူငှာနေတုန်းပဲမို့ နီတို့အတွက်တော့ အားရှိလေ၏။

နီတို့ အဲဒီအိမ်လေးကို နှစ်ချုပ်ဖြင့် ငှားနိုင်ဖို့ရာအတွက် ဒေါ်လေးရွှေနှင့်အတူ ကျောက်ဆည် ကမ္ဘောဇဘဏ်မှ





ပိုက်ဆံအရင်သွားထုတ်ပြီးတာနှင့် အိမ်ပိုင်ရှင်ဆီကို သွားကြလေ၏။

ဒေါ်လေးရွှေတို့က အိမ်မှာ ဘေးတွဲနှစ်စီး ထောင်ထားတာမို့ စားဝတ်နေရေး ချောင်ချောင်လည်လည်ဖြင့် အဆင်ပြေနေတာပဲ ဖြစ်သည်။

နီကတော့ ဆိုက်ကားသဘော ဒါပေမဲ့ ဆိုက်ကားလို စက်ဘီးမဟုတ်ဘဲ ဆိုင်ကယ်ဖြစ်လို့ ဘေးတွဲဟု ခေါ်တဲ့ အသစ်အဆန်း ဘီးတပ်ယာဉ်လေးစီးကာ အဲဒီအိမ်ပိုင်ရှင်ဆီ ရောက်သွားလေတော့လေသည်။

ကျောက်ဆည်ဟာ ဟိုအရင်နှင့်မတူ ခြားနားနေစွာဖြင့် အစစအရာရာ ဖွံ့ဖြိုးနေကာ လူချမ်းသာတွေလည်း ပိုလို့တောင် ပေါ်လာတာပဲဖြစ်၏။

အဲဒီအိမ်ပိုင်ရှင်ဆိုသော သူ့ရဲ့အိမ်ကြီးဟာ အင်မတန်မှကို ခမ်းနားကြီးကျယ် ထည်ဝါသော လုံးချင်းတိုက်ကြီးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ခန့်ထည်ထည်ကို ရှိလှတာမို့ နီက အိမ်ကြီးကို အပြင်ကနေ အံ့အားတသင့် ငေးနေမိလျှင် ဒေါ်လေးရွှေက ပြောပြလေ၏။

"တို့မြို့ရဲ့ မြို့မျက်နှာဖုံး သူဌေးတွေပေါ့အေ။ အရမ်းချမ်းသာကြတာ။ ညည်းတို့ ရန်ကုန်ကအိမ်တွေလောက်ကတော့ သနားပေါ့အေ။ လာ... လာ... နနီ"

ဒေါ်လေးရွှေက နီ့ကိုခေါ်သွားလျှင် နီက ဟိုငေးဒီငေးနှင့်ပဲ အိမ်ထဲရောက်လာလေ၏။

အိမ်အတွင်းခန်းတွေဟာလည်း အင်မတန်မှကို ခမ်းနားထည်ဝါတာပဲ ဖြစ်သည်။

အိမ်ပိုင်ရှင် အမျိုးသမီးက အပေါ်ထပ်ကနေ ဆင်းလာလျှင် နီက ကြည့်လိုက်မိသည်။ အမျိုးသမီးကြီးဟာ မေမေတို့နှင့် ရွယ်တူလောက်ရှိမည်ဖြစ်ကာ အင်မတန်မှကို ချောမော၍ ထည်ဝါခန့်ညားသော အမျိုးသမီးကြီးပဲဖြစ်သည်။ နီနှင့်အကြည့်ချင်း ဆုံသွားတာမို့ နီက အပြုံးတစ်ခုဖြင့် နှုတ်ဆက်လိုက်လျှင်





အမျိုးသမီးက အသိအမှတ်ပြု အပြုံးနှင့်အတူ နီတို့ဆီလျှောက်လို့လာလေ၏။

"မရွှေတို့ ရောက်တာ စောသားပဲ။ ကျွန်မက မင်းမင်းပြောလို့ နေ့လယ်လောက်မှ လာမယ်ထင်ထားတာ"

"ဟုတ်တယ် အစ်မကြီးရဲ့။ တူမလေးက အချိန်မီတယ်ဆို ရန်ကုန်ပြန်ဆင်းမှာမို့လို့လေ"

"ဪ... သမီးက ရန်ကုန်ကလား"

အမျိုးသမီးကြီးက နီ့ဘက်ကိုကြည့်ကာ လှမ်းမေးတာမို့ နနီက အပြုံးဖြင့် ခေါင်းဆတ်ပြလိုက်ကာ...

"ဟုတ်ကဲ့ပါ အန်တီ။ ဇာတိကတော့ ဒီကပါပဲ။ ဒါပေမဲ့ ကျောင်းတက်ကတည်းက ရန်ကုန်ပဲ ပြောင်းနေကြတာလေ"

"အင်း... အင်း... ကောင်းပါတယ်။ အန်တီတို့ကလည်း အဲဒီအိမ်လေးက အပိုဖြစ်နေတဲ့အခါကျတော့ လူမနေရင် ပျက်စီးမှာစိုးလို့လေ။ အဲဒါ ဒီက မရွှေကိုပဲ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ထားတာ။ သမီးတို့က အိမ်နီးချင်းတွေပါ ဖြစ်သွားတော့ ပိုအဆင်ပြေသွားတာပေါ့"

"ဟုတ်ကဲ့... အန်တီ။ နီတို့ကလည်း ကျောက်ဆည်မှာပဲ ပြန်အခြေချပြီး နေတော့မယ်ဆိုတော့ လောလောဆယ် စီးပွားရေးလေးလည်း လုပ်ချင်သေးတော့ အဲဒီအိမ်လေးက နေရာလေးကော ဈေးလေးကော အဆင်ပြေတယ်လေ။ ဟို... ဖြစ်နိုင်မယ်ဆိုရင်တော့ နီက နှစ်,နှစ်လောက်ကို တစ်ခါတည်း စာချုပ်,ချုပ်ထားချင်ပါတယ် အန်တီ"

"အင်"

အမျိုးသမီးကြီးက နည်းနည်းတွေသွားဟန်ဖြင့် ငြိမ်သွားတာမို့ ဒေါ်လေးရွှေက ဝင်ကူပြောပေးလေ၏။

"လူအတွက်ကတော့ စိတ်ချပါ အစ်မကြီးရယ်။ ဒါက ကျွန်မ တူမလေး တစ်ဝမ်းပဲကွဲတာ။ မိသားစုလည်း များများစားစား မဟုတ်ဘူး။ အားလုံးမှ သုံးယောက်တည်းရယ်"

"ဪ... မိသားစုတော့ နည်းပါတယ်။ သမီးနာမည်က"





"ဟုတ်သားပဲ။ အလုပ်ကိစ္စ အရင်ပြောနေတာနဲ့ နာမည်တောင် မိတ်မဆက်ရသေးဘူး။ နီ့နာမည်က နုနီသွေးပါ အန်တီ။ ရန်ကုန်မှာတုန်းကတော့ ဆေးကုမ္ပဏီတစ်ခုမှာ အရောင်းမန်နေဂျာ လုပ်ပါတယ်ရှင့်"

"အေးပါကွယ်၊ တွေ့ရတာ ဝမ်းသာပါတယ်။ အန်တီ့နာမည်က ဒေါ်မြင့်မိုးရည်ပါ။ အင်း... သမီးက နှစ်,နှစ်တောင် ချုပ်မယ်ဆိုတော့လည်း အေးပါလေ... ဘာမှကိစ္စမရှိပါဘူး၊ ရပါတယ်"

အန်တီက စကားပြောရတာကလည်း အရမ်းအဆင်ပြေတာမို့ နီက အဆင်ပြေ ချောမွေ့မှုအတွက် တကယ်ပဲ ဝမ်းသာရလေသည်။

ဒီအိမ်သာ အဆင်မပြေဘူးဆို နီလည်း တော်တော် ဒုက္ခများမှာ သေချာပေသည်။

"ကျေးဇူးအများကြီး တင်ပါတယ် အန်တီရယ်။ နီ့ကို အန်တီ ကူညီပေးတာပါပဲ။ ရန်ကုန်က အိမ်လေးက



www.burmeseclassic.com

www.burmeseclassic.com



ရောင်းပြီးသွားပြီဆိုတော့ ဒီအိမ်လေးကိုမှ အန်တီ မငှားဘူး ဆို နီတို့ တော်တော်အဆင်မပြေဖြစ်မှာ”

“သြော်... အဆင်ပြေသွားတာပေါ့။ ဒါနဲ့ မိသားစုသုံး ယောက်တည်းဆိုတော့ အိမ်ထောင်နဲ့လား သမီးက”

အန်တီ့မေးခွန်းကြောင့် နီ့မျက်နှာက ညိုးသွားရ လေသည်။ နီ ဘာမှပြန်မဖြေရသေးခင်မှာပဲ ဒေါ်လေးရွှေက ပြန် ဖြေပေးလေသည်။

“နုနီ အမျိုးသားကောင်လေးက ပြီးခဲ့တဲ့နှစ်လကပဲ နှလုံး ရောဂါနဲ့ ဆုံးသွားတာလေ”

“သြော်... စိတ်မကောင်းလိုက်တာ သမီးရယ်။ အန်တီ မေးတာ စိတ်မရှိပါနဲ့နော်”

“ဟုတ်... ရပါတယ် အန်တီ။ ကိစ္စမရှိပါဘူး။ အခုတော့ နုနီ အမေနဲ့ သားလေးရယ် သုံးယောက်ပဲ ရှိပါတယ်”

“သြော်... သားလေးလည်း ရှိတာလား။ ကလေးက ဘယ်နှနှစ်ရှိပြီလဲ”





“သားသားက ဒီနှစ်မှ သူငယ်တန်းတက်မှာပါ အန်တီ။ ငါးနှစ်ပြည့်ပါပြီ”

“အေးပေါ့ကွယ်။ ဘာမှတော့ အားမငယ်ပါနဲ့ သမီးရယ်။ ဒီလိုပဲပေါ့။ လိုအပ်တဲ့ အကူအညီရှိရင်လည်း ပြောပါ”

“ကျေးဇူးတင်ပါတယ် အန်တီ။ အဲဒါဆို နီတို့စာချုပ်လေး ချုပ်လိုက်ရအောင်လား။ နီ ရန်ကုန်ပြန်ဆင်းရဦးမှာမို့လို့ပါ”

“ဟုတ်ပါပြီ... ဟုတ်ပါပြီ။ အလုပ်စကားလေး ဆက်လိုက် ကြတာပေါ့”

အဲဒီလိုဖြင့် နုနီက အိမ်ငှားစာချုပ်မှာ လက်မှတ်ထိုး ကာ အိမ်ကလေး ငှားလိုက်ပါတော့သည်။ အခုချိန်မှာ ဘာမဆို ကိုယ့်ကိုယ်ကိုယ်သာ အပြည့်အားကိုးထားရတာမို့ ဝမ်းနည်းအား ငယ်တဲ့စိတ်ကိုတော့ ရင်ထဲကနေ လုံးဝကို မောင်းထုတ်ထားရ လေသည်။

ရန်ကုန်မြို့ကနေ အခြေဖျက်လာကာ ဒီမှာပဲ ဘဝ ကိုဆက်သွားမယ့် နီ့အတွက် နေစရာအိမ်လေး အဆင်ပြေမှုက



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ကတော့ သေချာပြီမို့ အိမ်ပိုင်လေးတစ်လုံး ရရှိရန်အတွက် ခွန်အားရှိသမျှ ရုန်းရကန်ရကာ အလုပ်ကလေး တစ်ခုခုတော့ လုပ်ရမို့ စီစဉ်ရဦးမည် ဖြစ်သည်။

✦ ✣ ✦





ဘဝရဲ့ တစ်နေ့နေ့မှာ
တစ်စုံတစ်ယောက်နဲ့ ဆုံတွေ့ခဲ့လို့
ပျော်ရွှင်ဝမ်းသာခဲ့တယ်ဆို
ဘဝရဲ့တစ်နေ့နေ့မှာလည်း
တစ်စုံတစ်ယောက်နဲ့ လမ်းခွဲရလို့
သေချာပေါက် ဝမ်းနည်းရမှာပဲ။
ဝမ်းနည်းမယ့် ခံစားချက်မှာ
ရှေ့ဆက်မယ့် ခွန်အားတွေ မပါသွားဖို့
ကျားကန်, ကန်ထားတယ်။
အဲဒါမှ အချစ်စစ်လို့ သတ်မှတ်လို့ ရမယ်လေ။ ။

✦ ✣ ✦

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



(၁)

အိမ်အပြောင်းအရွှေ့ကိစ္စတွေနဲ့ နီဟာ ရန်ကုန်နှင့် ကျောက်ဆည်ကို တစ်ယောက်တည်း ချာလပတ်ယမ်းနေအောင် ပြေးရလွှားရကာ နီတို့အိမ် ဝယ်သွားတဲ့ အခန်းရှင် ဦးသန့်ထူးကို သော့အပ်ပြီးသည်နှင့် ရန်ကုန်မှာ နီ့ရဲ့ကိစ္စက ပြတ်ပြီဖြစ်ရာ ပစ္စည်းတွေပြောင်းဖို့ ရွှေ့ဖို့ ကားကြီးက နှစ်ဦးစီစဉ်ရကာ မေမေ နှင့် သားလေးကိုတော့ သက်သက်သာသာသွားဖို့ရာ Express ကားလက်မှတ်ဖြတ်ကာ ကျောက်ဆည်ကို လွှတ်ချိန်မှာ သားသား က နီနဲ့ပဲ အတူသွားမယ်ဟု ပြဿနာရှာတော့တာပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး… မရဘူး။ သားက မေမေ့ကားနဲ့ပဲလိုက်မှာ။ မေမေ့ကားနဲ့ပဲ လိုက်မှာ။ ဘွားဘွားနဲ့ မသွားဘူး"

"သားရယ်… လိမ္မာပါတယ်။ မေမေနဲ့ဆို သား ပင်ပန်းနေမှာပေါ့"

"ဟင့်အင်း… မရဘူး… မရဘူး။ သားက သားကားနဲ့ပဲ သားသွားမှာ"

"ကဲ… နုနီ… ညည်းသား ဒီလောက် ခေါင်းမာနေပုံနဲ့ဆို Express ပေါ်မှာလည်း သောင်းကျန်းနေဦးမှာပဲ။ မထူးတော့ဘူး။ အမေနဲ့ မြေးလေး သမီးကားနဲ့ပဲ တစ်ခါတည်းလိုက်ခဲ့လိုက်တော့မယ်".

ဘယ်လိုမှ ငြင်းမရတော့တဲ့ နောက်ဆုံးမှာတော့ နီဟာ မောင်ရှိတုန်းက ခြစ်ခြုပ်၍ ဝယ်ထားသည့် Hijet ပစ်ကပ်ကားလေးနဲ့ပဲ အမေ့ကိုကော သားသားကိုပါ ခေါ်လာခဲ့ရ၏။ ကားက ရှေ့ခန်းမှာပဲ အမေနှင့်သား မြေးအဖွားနှစ်ယောက်က ထိုင်လိုက်လာရကာ နောက်ခန်းကျပြန်တော့ ပစ္စည်းတွေ တင်





ထားတော့ ထိုင်လို့က မရပေ။ အဲဒီလို အဘွားပေါင်ပေါ်ပဲ ထိုင်လိုက်လာတာကြောင့် သားဟာ အညောင်းမိသလိုဖြစ်ကာ ကျောက်ဆည်အိမ်ရောက်တာနဲ့ ဖျားတော့တာပဲဖြစ်၏။

ဒေါ်လေးရွှေ အကူအညီဖြင့် ဆေးခန်းသွားပြကာ ဆရာဝန် ဆေးထိုးပေးလိုက်မှပဲ သားသားက သက်သာသွားတော့သည်။ နီက ခုတင်လေးပေါ်မှာလှဲကာ အိပ်ပျော်နေသော သားလေးရဲ့မျက်နှာကိုကြည့်ကာ စိတ်မကောင်းတော့ ဖြစ်ရလေသည်။

"မြေးလေးက ခရီးပန်းပြီး ဖျားတာပါ သမီးရယ်၊ မကြာခင် သက်သာသွားမှာပါ"

"နီ စိတ်မကောင်းဘူး မေမေရယ်"

"ဘာကို စိတ်မကောင်းဖြစ်ရမှာလဲ သမီးရယ်။ ဒီအချိန်ဟာ အရာရာကို အသစ်က ပြန်စရမယ့် အချိန်လေ။ ဘာလို့ အားလျော့နေရတာလဲ။ နီရဲ့သားလေး ဆက်ပိုင်သွေးအတွက် မိခင်နေရာကော ဖခင်နေရာပါယူမယ့် သတ္တိရှိနေရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



နီက စိတ်မောလှမောစွာ သက်ပြင်းတစ်ချက်ချလိုက်ရင်း သားရဲ့မျက်နှာပေါ်က ဆံပင်စလေးတွေကို သပ်တင်ပေးလိုက်သည်။

"နီတို့ ဒီအတိုင်းတော့ ထိုင်စားနေဖို့ မဖြစ်ဘူး။ စီးပွားရေးလေးတော့ တစ်ခုခုလုပ်မှဖြစ်မယ် မေမေ"

"မေမေကတော့ အိမ်မှာ အိမ်ဆိုင်လေးတည်ဖို့ စဉ်းစားထားတယ်။ မိန်းမတွေအတွက် အိုးအိမ်မကွာတဲ့ စီးပွားရေးလည်းဖြစ်တယ်လေ"

"အင်း... အဲဒါလည်း ကောင်းပါတယ်"

"ဟော့... ဒီအိမ်မှာ တက်နေ့နေကြတဲ့ အိမ်ငှားတွေထွက်ခဲ့ကြစမ်းပါ။ ဟမ်... ဒီအိမ်ကို မင်းတို့ အမေလင့်အိမ်မို့လို့ တက်နေနေကြတာလား။ အခု ထွက်ခဲ့စမ်း"

အသံဂူးဂူးဝါးဝါးတစ်ခုနှင့်အတူ အိမ်ခေါင်မိုးပေါ်သို့ ဒုန်းခနဲကျလာသော ခဲလုံးကြောင့် နီကော မေမေကော လန့်ဖျပ်သွားရလေသည်။





"မေမေ... ဘာ... ဘာဖြစ်တာလဲ"

"အေး... ဘာဖြစ်တာပါလိမ့်"

"နေ... နေ... မေမေ... နီ သွားကြည့်လိုက်မယ်"

မေမေက အိမ်ရှေ့ထွက်တော့မယ့်ဟန် ပြင်တာမို့နီက မေမေ့ကို တားလိုက်ရင်း နီနီပဲ ဦးဆောင်ထွက်လာခဲ့တော့သည်။ ဘာဖြစ်တာပါလိမ့်။ အိမ်ကိုတောင် ခဲနဲ့ထုတယ်ဆိုတော့။ နီက ရင်ထဲတော့ အထိတ်တလန့်စိတ်ဖြင့် အိမ်ရှေ့ထွက်လာလိုက်လျှင် အိမ်ရှေ့မှာ ဒယီးဒယိုင် ယိမ်းထိုးနေသော အရက်သမားကို တွေ့လိုက်ရလေ၏။

"ဟော့... နင်တို့ ထွက်မလာကြဘူးလား။ နင်တို့မလာရင် ငါဝင်လာမှာ။ ထွက်ခဲ့စမ်း"

အရက်သမားဟာ အိမ်ရှေ့ကနေ မိုက်ကြေးတွေခွဲနေတာမို့ နီနီရဲ့သွေးတွေက ဖျဉ်းခနဲဆူပွက်လာကာ ချက်ချင်းအိမ်အပြင် ထွက်လာခဲ့တော့သည်။

"ဟော့... အေး... တွေ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အရက်သမားဟာ နောက်ထပ် အုတ်ခဲတစ်လုံးကို ဆွဲကိုင်လိုက်တဲ့ အချိန်မှာ နုနီက မခံနိုင်သော ဒေါသတို့ဖြင့် ကျုံးအော်ပစ်လိုက်တော့သည်။

"ဒီမှာ... ရပ်လိုက်စမ်း"

နုနီရဲ့အသံကြောင့် အိမ်ခေါင်မိုးကို လှမ်းရွယ်နေတဲ့ အရက်သမားရဲ့လက်တွေက ပြန်ရုပ်သွားကာ နုနီကို လှမ်းကြည့်လေသည်။

ဟင်...။ နုနီက အံ့အားတသင့်နှင့် ငေးလို့ကြည့်နေတုန်းမှာပဲ အဲဒီတစ်ယောက်က ခြံစည်းရိုးကို ခြေထောက်ဖြင့်ဆောင့်ကန်ကာ အော်ဟစ်သောင်းကျန်းတော့တာပဲဖြစ်သည်။

"မင်းလားကွ။ ငါ့အိမ်ပေါ် တက်နေတာ"

ငေးငိုင်ဝေဝါးနေတဲ့ အံ့အားသင့်စိတ်ဟာ ခြံစည်းရိုးကို ခြေထောက်ဖြင့် ဆောင့်ကန်သည်အထိ ကျုံးကျုံးလွန်လွန်ရိုင်းလာသောအခါတွင်တော့ ဘယ်လိုမှ သည်းမခံနိုင်တော့စွာဖြင့် နုနီက ရဲရဲတောက် ရင်ဆိုင်တော့တာပဲဖြစ်သည်။





"ဒီမှာ... ရှင်ရိုင်းစိုင်းလှချည်လား။ ဘာတွေ လာအော်ဟစ်သောင်းကျန်းနေတာလဲ"

"ဟာ... ဒါ ငါ့အိမ်။ မင်းတို့ အခုဆင်းကြစမ်း။ မင်းတို့ မဆင်းရင် ငါ ဆွဲချမှာနော်"

"ဘာ..."

"ဟဲ့... ဟဲ့... သမီး။ ဟင်"

နုနီဒေါသက ငယ်ထိပ်ဆောင့်တက်ရကာ ပေါက်ကွဲလုနီးနီးမှာ အိမ်ထဲက မေမေက အလျှင်အမြန် ပြေးထွက်လာကာ နုနီကိုဝင်ဆွဲ၍ တားမြစ်ချိန်မှာ မေမေကိုယ်တိုင်ကလည်း အင်မတန်မှကို အံ့သြသွားစွာ ဟင်...ဟု အာမေဍိတ်သံ ထွက်လာတော့ဖြစ်သည်။

"မောင်သားဦး... မောင်သားဦး။ ဒေါ်ကြီး တောင်းပန်ပါတယ်ကွယ်။ မလုပ်ပါနဲ့။ ဒါ ဒေါ်ကြီးတို့မပါ။ မောင်သားဦးရဲ့အမေကိုယ်တိုင် အိမ်ငှားတင်ထားမယ်ပြောလို့ ဒေါ်ကြီးတူမတွေကို တင်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား… အမေ တင်ထား လက်ခံထားတိုင်း ပြီးရောလား ဗျ။ ဘာလဲ… ခင်ဗျားတို့က ကျုပ်ကို လူရာမသွင်းဘူးဆိုတဲ့ သဘောလား"

"မဟုတ်… မဟုတ်ရပါဘူးကွယ်။ ဒေါ်ကြီး တောင်းပန်ပါတယ်။ ဟဲ့… ဖိုးစည် ဘာလုပ်နေတာလဲ။ အိမ်ပြန်လိုက်ပို့ပေးလိုက်လေဟယ်"

ဒေါ်လေးရွှေက အကြောက်အကန်ကို ဖြစ်နေကာ ပြဿနာတက်မှာ ကြောက်လို့ကိုပဲ ဘာပြောပြော ကြားထဲကဝင်တောင်းပန်နေတော့တာဖြစ်သည်။ အမူအရာက လွန်ကဲလာတဲ့ပုံဖြစ်နေတာမို့ နုနီဟာ ဘယ်လိုမှလဲ သည်းမခံနိုင်စွာဖြင့် ဝင်ပြောလိုက်တော့သည်။

"ဒေါ်လေးရွှေ… ဘာမှ အောက်ကနေ တောင်းပန်နေစရာမလိုဘူး။ ဒီမှာ… ရှင် မူးနေတယ်ဆိုလည်း ကိုယ့်ဘာသာအေးဆေးနေ။ ဒီမှာလာပြီး အော်ဟစ်သောင်းကျန်းနေစရာအကြောင်း ဘာမှမရှိဘူး။ ကျွန်မတို့ကလည်း ဒီအိမ်ကို





စာချုပ်စာတမ်းနဲ့ အခိုင်အမာ ငှားထားတာ။ ထပ်ပြီး ရမ်းကားနေမယ်ဆိုရင်တော့ ကျွန်မဘက်က ငြိမ်ခံနေမှာ မဟုတ်ဘူး"

"ဘာကွ… မင်းက။ ဟေ့… မင်းတို့ပိုက်ဆံကို ငါချက်ချင်းပြန်ပေးလိုက်မယ်။ တောက်… လူပါးဝတဲ့ဟာတွေ"

"ဟဲ့… ဟဲ့… မလုပ်ပါနဲ့။ မလုပ်ပါနဲ့… ဖိုးစည်… သွား… သွား… ခေါ်သွားပါ"

အဲဒီ အရက်သမားဟာ ခြံစည်းရိုးတွေကို ကန်ကြောက်ဆောင့်ကန်ကာ သောင်းကျန်းတော့တာမို့ အရပ်ထဲက လူနှစ်ယောက် သုံးယောက်လောက်က အဲဒီ အရက်သမားကို နှုတ်ကိုဆွဲခေါ်မှ ပြဿနာက ငြိမ်းသွားတော့တာဖြစ်သည်။

ဒီလောက်ထိတောင် ရမ်းကားတဲ့သူတွေ ဒီမှာရှိနေတာလား။ နုနီက အဲဒီအရက်သမား ထွက်သွားတာနှင့် ဒီကစ္စာခံ ဒေါ်လေးရွှေကိုသာ မေးရတော့တာဖြစ်၏။

"ဒေါ်လေးရွှေ… သူ… သူက ဘယ်သူလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါတယ် နုနီရယ်။ အဲဒါက အိမ်ရှင် မမြင့်မိုးရဲ့ သားလေ။ သူ မူးလာပြီဆို ဒီလိုပဲ သွေးဆိုးတော့တာပဲ"

"တူလိုက်တာနော်"

မေမေက တစ်ချိန်လုံးငြိမ်သက်နေပြီးမှ ဝင်ပြောလျှင် ဒေါ်လေးရွှေက စိတ်ဝင်စားသွားဟန်ဖြင့် မေမေ့ဘက်ကိုကြည့်ကာ မေးခွန်းပြန်ထုတ်နေသောကြောင့်မို့ နုနီကပဲ ကြားဖြတ်ဝင်ပြောလိုက်ရသည်။

"ဘာတူတာလဲ အစ်မ"

"ဩော်... ဘာမှမဟုတ်ပါဘူး။ ဒေါ်လေးရွှေ... နီ အဲဒီသူကို လုံးဝမကျေနပ်ဘူး။ နီတို့က ဒီအိမ်ကို စာချုပ်စာတမ်းနဲ့ တရားဝင်ငှားထားတာလေ။ သူ့အမေ ကိုယ်၌က သဘောတူလို့ ငှားပြီးကာမှ သူက ဘာလာသောင်းကျန်းရတာလဲ

"မောင်သားဦးက ဒီလိုပါပဲ နုနီရယ်။ သူ့အမေနဲ့သူက လည်း အစေးကပ်တာ မဟုတ်ပါဘူး။ ဒီကောင်လေးက





မူးမှသာ သွေးဆိုးပြီး ပြဿနာတက်တာ။ ကြည့်ရတာ သားအမိတွေ စကားများပြီး မကျေနပ်လို့ ဒီအိမ်အငှားတင် လိုက်တယ် ဆိုတာကို လာရမ်းတာဖြစ်မှာပါ"

"နောက်လည်း အဲဒီလို လာလုပ်နေရင် ဘယ်ဖြစ်မှာလဲ။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ရပ်ကွက်လူကြီးကို တိုင်ထားတာ အကောင်းဆုံးပဲ"

"သမီးရယ်... အရှည်အရှည်တွေ ဖြစ်ကုန်ပါ့မယ်။ ထား လိုက်ပါကွယ်"

"မဖြစ်ဘူး မေမေ။ ဒီကိစ္စကို ငြိမ်ခံနေလိုက်ရင် နီတို့ ဘယ်လိုရပ်တည်ကြမလဲ။ သူ့ဘာသာသူ ဘာကြီးပဲဖြစ်ဖြစ် နုနီကတော့ ကျောင်းမှန်း ကန်မှန်းသိအောင်တော့ အကြောင်း ပြရလိမ့်မယ်"

နုနီက ဒေါသထွက်လွန်း၍ မျက်နှာတွေတောင် နီမြန်းလာသလို ခံစားရလေသည်။ ဒီအချိန်မှာ နုနီရဲ့နှလုံးခုန်သံ ဟာ ပုံမှန်ထက် ပိုမြန်နေကာ စိတ်လှုပ်ရှားမှုတွေ အရှိန်များနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲဖြစ်သည်။ ဦးနှောက်ထဲမှာကော နှလုံးသားထဲမှာပါ လှုပ်ရှားမှုတွေက များလို့နေကာ ဒူးတောင် သိပ်မခိုင်ချင်တော့ပေ။ အဲဒါဟာ ဒေါသကြောင့်လည်း ဖြစ်ပါလိမ့်မည်။ အဓိကအကြောင်းရင်းကတော့ သိပ်ကို ဆန်းကြယ်လွန်းနေသည့် အနေအထားကြောင့်ပဲ ဖြစ်လေသည်။

✦ ✣ ✦





(၂)

"အန်တီ့သား ရမ်းကားမှုအတွက် အန်တီ တကယ်ကိုပဲ တောင်းပန်ပါတယ် သမီးရယ်။ အခုလိုမျိုး အော်ကြီးဟစ်ကျယ်တွေ ဖြစ်ရတာအတွက်လည်း အန်တီ တကယ်အားနာပါတယ်။ ဒီက မရွှေတို့ မျက်နှာကိုထောက်ပြီး သားလေးကို တိုင်တာတွေ တောတာတွေ မလုပ်ဖို့ မေတ္တာရပ်ခံပါတယ်ကွယ်"

နုနီက အဲဒီအန်တီရဲ့ တောင်းပန်စကားကြောင့် စိတ်ကတော့ ပိုရှုပ်သွားရသည်။ မနက်က သားဖြစ်သူက ဝုန်းဒိုင်းကြဲကာ သောင်းကျန်းသွားတယ်။ ခဏနေကျ မအေလုပ်သူက



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်တွေ ဝယ်လာပြီး မတိုင်ဖို့ တောင်းပန်တယ်။ နုနီက ဟင်းခနဲ သက်ပြင်းရှည်ချလိုက်ကာ...

"ဒီလက်ဆောင်ပဏ္ဏာတွေနဲ့ လာဘ်ထိုးဖို့လည်း မလိုအပ်ပါဘူး အန်တီ။ နီ့ဘက်ကလည်း တိုင်မယ်ဆိုတာ ရဲစခန်းတိုင်မှာလည်း မဟုတ်ပါဘူး။ ရပ်ကွက်လူကြီးကို တိုင်ထားမယ့်သဘောပါ။ နီတို့က ဒီအိမ်မှာ မိန်းကလေးတွေချည်းပဲ။ ဒီလိုမျိုးချည်း လာရမ်းကားနေရင် အဆင်မပြေနိုင်ဘူးလေ။ အဲဒါ အဟန့်တစ်ခုနဲ့ သတိပေးမယ့် သဘောပါ...

အန်တီက ပြီးတော့ ဒီအိမ်ရဲ့ပိုင်ရှင်ပါ။ အန်တီကိုယ်တိုင် လာပြီးမေတ္တာရပ်ခံတဲ့အတွက် နီ့ဘက်က ကျေအေးပေးရမှာပေါ့။ ဒါပေမဲ့ တစ်ခုတော့ရှိပါတယ် အန်တီ"

"ပြောပါ သမီးရယ်... ပြောပါ။ အန်တီ ဘာလုပ်ပေးရမလဲ"

စကားသံမှာတင် တက်ကြွတဲ့ အသံတို့က သိသာနေလွန်းတာမို့ အဲဒီ အန်တီဒေါ်မြင့်မိုးရှည်ဟာ သားအပေါ်





ဘယ်လောက်ချစ်လွန်းနေတယ်ဆိုတာ တွက်ဆလို့ ရပါသည်။ နုနီကိုယ်တိုင်လည်း သားတစ်ယောက်မိခင် ဖြစ်တာမို့ ခံစားပေးလို့ရစွာဖြင့် နားလည်ပေးလိုက်ပါသည်။

"အန်တီ့ဘက်က နောက်တစ်ခါ ဒီလိုမျိုး ထပ်မဖြစ်အောင် တာဝန်ယူပေးပါ။ ဒီလိုပြောရတယ် ဆိုတာကလည်း နီတို့ဘက်ကလည်း အလွန်မဖြစ်အောင် အန်တီ့သားဘက်ကလည်း အလွန်မဖြစ်အောင်ပါ...

ဒါဟာ အန်တီတို့အိမ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ လောလောဆယ်မှာတော့ နီတို့ဘက်က ခဏပိုင်နေပါတယ်။ အန်တီ့သားက ခြံစည်းရိုးတွေကို ခြေထောက်နဲ့ ကန်လိုကန် အော်ဟစ်ဆဲလိုဆဲနဲ့ ဘယ်လိုမှ သည်းမခံနိုင်လောက်အောင် ဒေါသဖြစ်ရပါတယ်။ ဒါပေမဲ့ နီ အားလုံးနဲ့သင့်မြတ်ချင်တဲ့အတွက် သည်းခံလိုက်ပါတယ်။ ဒီလိုအဖြစ်မျိုးကိုတော့ ထပ်မဖြစ်စေချင်ဘူး"

"စိတ်ချပါကွယ်။ သားကို အန်တီ သေချာပြောပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီက သမီးတို့ကို အိမ်ငှားလိုက်တဲ့ကိစ္စကို သူ မသိရကောင်းလားဆိုပြီး ပြဿနာ ၁တာပါ။ နောက် ဒီလိုမဖြစ်အောင် အန်တီ တားပါ့မယ်"

"ဟုတ်ကဲ့ပါ အန်တီ။ နောက် ဒါတွေလည်း မလိုအပ်ပါဘူး။ ပြန်ယူသွားလိုက်ပါ အန်တီ"

"ဘယ်မဟုတ်တာကွယ်။ ဒါ အန်တီက ခင်မင်စိတ်နဲ့ပေးတာပါ။ ဘာသဘောမှ မဟုတ်ပါဘူး။ လက်ခံပေးပါ။ အဲဒါတွေထက် နုနီကို အန်တီ ပေးချင်လို့။ ဟိုရှေ့ကရပ်ထားတဲ့ ကားလေးက သမီး မောင်းတာဆို ဟုတ်လားဟင်"

"ဟုတ်ကဲ့ အန်တီ"

နုနီရဲ့ခေါင်းညိတ်မှုအဆုံးမှာ အန်တီက အဆင်သင့်လိုက်လေခြင်းဆိုတဲ့ အပြုံးဖြင့် အားပါးတရ ပြုံးလိုက်ရင်းက နုနီအတွက် အခွင့်အရေးတစ်ခုကို လက်ထဲအရောက်ထည့်ပေးလေသည်။





"အဆင်သင့်လိုက်တာ။ ဒီလိုပါကွယ်... အန်တီက အခုချိန်ထက်ထိ အန်တီကိုယ်တိုင် အလုပ်တွေဦးစီးဦးဆောင်ပြုနေရတယ်ဆိုတော့ အန်တီ့အတွက် မန်နေဂျာကောင်းကောင်းလေး တစ်ယောက်တော့ လိုအပ်တာ အမှန်ပဲ...

နုနီ အန်တီ့အိမ်ကို လာငှားဖို့ စာချုပ်,ချုပ်ကတည်းက နုနီရဲ့ပုံစံလေးကို သဘောကျနေခဲ့တာ။ နုနီဘက်က ဆန္ဒရှိမယ်ဆို အန်တီ့ပွဲရုံလုပ်ငန်းအတွက်လည်း အထောက်အကူဖြစ်အောင် အန်တီ့အတွက်လည်း အဆင်ပြေအောင်လို့ အန်တီ့ဆီမှာ အလုပ်လုပ်စေချင်တယ်။ နုနီက ကားမောင်းတတ်တဲ့ အခါကျတော့ အန်တီ့အတွက် ပိုပြီးတော့ အဆင်ပြေတယ်ကွယ်။ နုနီ... ဘယ်လိုသဘောရလဲ"

ပြောနေတဲ့စကားလမ်းကြောင်း Topic က ဆန့်ကျင်ဘက်ကို ဦးတည်ချက်က ပြောင်းသွားတာမို့ နုနီက နဝေတိမ်တောင်တော့ ဖြစ်သွားရလေသည်။ အခုပဲ သူ့သား နုနီတို့အိမ်မှာ ရမ်းကားလို့ ပြဿနာဖြစ်တာကို ကျေအေးခိုင်းတယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်းပဲ နုနီကို အလုပ်ပေးလိုက်တယ် ဆိုတာကြီးက သိပ်တော့ သဘာဝက မကျသေးချေ။ နုနီ့ဘက်က အံ့အားသင့်မှုနဲ့အတူ ဘာမှမပြောရသေးခင်မှာ မေမေက ဝမ်းသာအားရနှင့် ဝင်ပြောတာဖြစ်သည်။

"အဆင်သင့်လိုက်တာပေါ့။ သမီး... ဘယ်လိုသဘောရလဲဟင်"

"နေ... နေပါဦး မေမေရယ်...

အန်တီ... နုနီ အကြောင်းလည်း ဘာမှ သေသေချာချာ မသိရဘဲနဲ့ ဘာဖြစ်လို့များ အန်တီ အလုပ်ပေးချင်ရတာလဲဟင်"

"အန်တီ သိလို့ပေါ့ကွယ်"

"ရှင်"

နုနီက နားမလည်သလို အာမေဋိတ်ပြုမိသွားသည်အထိ အံ့သြမိသွားရလေသည်။ တစ်မျိုးတော့ ဆန်းကြယ်တာမို့ နုနီတောင် အံ့သြသွားရတာပဲဖြစ်၏။ အန်တီက ခပ်အေးအေး အပြုံးဖြင့် ပြန်ဖြေလေသည်။





"မရွှေဆီက သမီးအကြောင်းတွေ ကြားထားသလို သမီးတို့အိမ်ကို ဝယ်လိုက်တဲ့ ကိုသန့်ထူး ဆိုတာ အန်တီနဲ့သိပ်ရင်းနှီးတာ။ သမီး ဒီကိုပြောင်းမလာခင် စာချုပ်,ချုပ်ပြီး ပြန်သွားတော့ အန်တီ ရန်ကုန်ရောက်သေးတယ်လေ။ အဲဒီမှာ ကိုသန့်ထူးနဲ့ဆုံတော့ သူအခန်းသစ်ဝယ်လိုက်တဲ့ အကြောင်း ပြောရင်းက စကားစပ်မိပြီး သမီးအကြောင်း ရောက်သွားတာ...

ကိုသန့်က နုနီသွေးက ဘယ်လိုတော်တာ၊ ဘယ်လောက် အရည်အချင်းရှိတယ် ဆိုတာတွေကိုပါ ပြောပြတယ်လေ...

အဲဒါကြောင့်မို့ အန်တီက သမီးနဲ့ အလုပ်လုပ်ချင်နေတာ။ သမီးလည်း ဒီပြောင်းလာတာ ရောက်ခါစပဲ ရှိသေးတယ်ဆိုတော့ မပြောဖြစ်တာလေ။ အခု သားက ပြဿနာရှာလိုက်တော့ တစ်လက်စတည်း ပြောဖြစ်သွားတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဩော်... တိုက်ဆိုင်လိုက်တဲ့ တိုက်ဆိုင်မှုပါပဲလား နုနီက အန်တီ့စကားကြောင့် ကမ္ဘာကြီးက တကယ့် ကျဉ်းကျဉ်း လေးဆိုတာကို ပိုပြီးတော့တောင် လက်ခံမိသွားသလို ဖြစ်ရလေ သည်။

"ဩော်... ကြည့်ပါဦး၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ"

"ဟုတ်ပါ့... အန်တီရယ်။ တိုက်ဆိုင်လိုက်တာ။ ဟုတ် တယ်... ဦးသန့်ထူးကလည်း အန်တီတို့ပွဲရုံလုပ်ငန်းလု တာပဲဟာ။ နုနီကို အခုလိုမျိုး စေတနာထားပြီး အလု ပေးချင်တဲ့ အန်တီ့ကို ကျေးဇူးအများကြီးပဲ တင်ပါတယ်...

အမှန်တိုင်း ပြောရရင်တော့ နုနီအတွက် အလု တစ်ခုကတော့ တကယ်လိုအပ်ပါတယ်။ နုနီတို့ မိသား အတွက် နုနီကပဲ ဦးဆောင်နေရတာ ဆိုတော့လေ"

"အဲဒါကြောင့် အန်တီက နုနီကို အလုပ်ပေးချင်တာ နုနီအတွက်လည်း အဆင်ပြေသလို အန်တီ့အတွက်လည်း အဆင်ပြေတာပေါ့လေ။ ဘယ်လိုလဲ"





အန်တီက တက်တက်ကြွကြွနှင့် အားတက်သရော ပြောနေတာမို့ နုနီဟာ တကယ်ပဲ စိတ်တော့ဝင်စားမိသွား တာပဲ ဖြစ်သည်။

မေမေကလည်း သဘောတူ လက်ခံသည့် အရိပ် အယောင်ပြနေတာမို့ နုနီက မယုတ်မလွန်လေးဘဲ စကားကြောင်း ဆားလိုက်သည်။

"ဟုတ်ကဲ့ပါ အန်တီ။ နုနီ စိတ်ဝင်စားပါတယ်။ လိုလို ချင်ချင်နဲ့ နုနီကို အခွင့်အရေးပေးတာကိုလည်း ကျေးဇူး တင်ပါတယ်။ နို့ကို စဉ်းစားချိန်လေးတော့ ပေးပါနော်...

ဘာလို့လဲဆိုတော့ ဒီမှာက ပြောင်းလာတာမှ နှစ်ရက် ပဲရှိသေးတယ်။ အခြေကျအောင် စီစဉ်ရဦးမှာတွေလည်း ရှိသေးတယ်။ ပြီးတော့ သားလေးကလည်း ဖျားနေတော့ နို့ကို ခဏတော့ အချိန်လေးပေးပါနော်"

"ဟင်... ကလေးက ဖျားနေတယ် ဟုတ်လား။ ဘာဖြစ် တာလဲ။ ဆေးခန်းမပြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခရီးပန်းလို့ ပန်းဖျား,ဖျားတယ်ပဲ ပြောရမှာပေါ့။ ရောက်စတုန်းကတည်းက ကိုယ်နွေးနေတာ ဆေးမတိုက်ထားမိတော့ ဖျားသွားတာ"

"ဆေးခန်းပြမလား။ အန်တီ့မှာ ကားပါတယ်"

"ရပါတယ် အန်တီ... ကျေးဇူးတင်ပါတယ်ရှင့်။ သားကသက်သာနေပါပြီ။ အခုတော့ အိပ်ပျော်နေတယ်"

"ဩော်... အင်း...၊ အင်း... ကလေးကိုတော့ ဂရုစိုက်ပါကွယ်။ ဘွားအေလည်း ရှိနေတယ်ဆိုတော့ စိတ်တော့ပူစရာမရှိပါဘူး"

"ဟုတ်ကဲ့ပါ အန်တီ"

"ကဲကွယ်... အဲဒါဆိုလည်း အန်တီပြန်ဦးမယ်။ သားကိုကျေအေးပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ ပြီးတော့ အလုပ်အတွက်လည်း စဉ်းစားပေးထားစေချင်တယ်"

"ဟုတ်... အန်တီ။ နို့ဘက်ကလည်း ကျေးဇူးအများကြီးတင်ပါတယ်နော်"





နုနီဘက်က နှုတ်ဆက်စကားပြောပြီး နောက်မှာတော့ အန်တီက နှုတ်ဆက်ပြုံးတစ်ခုနှင့် ထွက်သွားလေလျှင် မေမေက အေးချမ်းစွာပြုံးကာ ကောက်ချက်ချလေသည်။

"တော်တော်လေး ကောင်းရှာတာပဲ။ သမီးလေး ကံကောင်းတယ်ပဲ ပြောရမှာပေါ့"

"ဟုတ်... မေမေ။ နို့အတွက် အဲဒါ အခွင့်အရေးဆိုတာတော့ သိပါတယ်။ ဒါပေမဲ့ တွေးစရာတွေ သိပ်များလွန်းနေတယ် မေမေ"

နုနီစကားအတွက် မေမေက နုနီကျောပြင်ကို လက်ဖြင့်အသာသပ်ပေးကာ နှစ်သိမ့်ပေးလေသည်။

"ဒါကတော့ စိတ်ကထင်တာ ဖြစ်မှာပါ သမီးရယ်။ တိုက်တိုက်ဆိုင်ဆိုင် လူချင်းဆင်တာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ။ နာမည်တူမရှား လူတူမရှား စကားလည်း ရှိတာပဲဟာ"

မေမေ့စကားအဆုံးမှာ ဘာမှထပ်မပြောဖြစ်တော့ပေသည့် နုနီကတော့ ရင်ထဲက လေးလံမှုတွေအတွက် ပါးစပ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ဟူးခနဲ လေမှုတ်ထုတ်လိုက်သည်။ ဘယ်လောက်ပဲ ဆင်နေပါစေ တူနေပါစေဦးတော့ ဒီလိုလာတွေ့တာကြီးကတော့ သိပ်ကိုဆန်းကြယ်တာပဲ ဖြစ်သည်။

✦ ✣ ✦





(၃)

မျက်လုံးနှစ်လုံး ဖွင့်လိုက်တာနှင့် သူ့ရဲ့လေပြွန်ဝဘ ဂေ့ခနဲ လေတက်မှုနဲ့အတူ မနက်ခင်းကို အာရုံအချဉ်ပေါက်ဖြင့် စတင်ဖွင့်လှစ်လိုက်လေတော့သည်။ အဆီပြန်နေတဲ့ မျက်နှာဆိုလက်ဖြင့် ပွတ်သပ်ရင်း ဝါးခနဲ သမ်းဝေကာ သူက အိပ်ရာမှထသည်။ ပြီးတော့ တစ်ကိုယ်ရေ သန့်ရှင်းခြင်း အစီအစဉ်ကို အစဉ်အတိုင်း လုပ်ဆောင်ပြီးသွားလို့ ရေချိုးခန်းမှ ထွက်လာရင်တော့ လူက လန်းလန်းဆန်းဆန်းလေးတော့ ဖြစ်သွားလေသည်။

ဗီရိုထဲမှ မြင်းခေါင်းစွပ်ကျယ်အဖြူတစ်ထည် ကောက်ချပ်ကာ ဘောင်းဘီတို ဝတ်လိုက်ပြီး ရေသုတ်ထားတဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပဝါကို ခုတင်ပေါ်ပစ်တင် ပတ်ထားတဲ့ towel ကို ကြမ်းပေါ်မှာ အပုံလိုက်ထားခဲ့တာက အကျင့်တစ်ခုလို ဖြစ်နေစွာထားပစ်ခဲ့ပြီး သူက အခန်းပြင် ထွက်လာခဲ့သည်။

"ဟော... သားလေး... နိုးပြီလား"

"မင်္ဂလာနံနက်ခင်းပါ မေမေ"

"အမယ်လေး... အေးပါကွယ်။ ကဲ... လာ... သားအတွက် Balck Coffee ကို သံပရာသီးလေးညှစ်ပြီး မေမေဖျော်ပေးမယ်"

မေမေက အလိုက်တသိပင် သူ့ကို နောက်ဖေးခေါ်သွားကာ ကော်ဖီဖျော်တိုက်လေသည်။

သူ့အတွက်တော့ ပူပန်မှုဆိုတာကလည်း ကော်ဖီမှုတာလောက်ပဲ သိတာမျိုးဆိုတော့ အရာရာဟာ သာယာစရာပဲဖြစ်လေ၏။

"ကဲ ... သား... ရော့... သောက်။ ပြီးရင် မေမေစကားပြောချင်တယ်"





သူက အာရုံတွေရှင်စေဖို့ ချဉ်ခါးလေးကို တစ်ငုံသောက်ကာ ရှေ့ကပေါင်မုန့်ကို တစ်ဖဲ့,ဖဲ့ကာ ပါးစပ်ထဲ ထည့်ဝါးလိုက်ပြီးမှ...

"ပြောလေ... မေမေ။ ဘာပြောမလို့လဲ"

"မနေ့က ရွာထဲကအိမ်လေးကို သား သွားပြီးသောင်းကျန်းခဲ့တယ် မှလား"

"မနေ့က..."

သူက စကားကို သံရှည်ခေါ်ဆွဲထားလိုက်ရင်းကမှ သူ့အာရုံကို ပြန်ခေါ်လိုက်လျှင် အော်သံဟစ်သံဖြင့် ခပ်စွာစွာမိန်းမရဲ့မျက်နှာက အာရုံထဲ ပေါ်လာလေသည်။

"ဪ... ဟုတ်တယ်လေ မေမေရဲ့"

"သားရယ်... ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ"

"ဟာ... ကျွန်တော့်ခြံ ကျွန်တော့်အိမ်ကို ကျွန်တော်ကြိုက်တာ လုပ်မှာပေါ့"

"သူတို့ကို မေမေ ငှားလိုက်ပြီလေ။ ဘယ်လိုပဲဖြစ်ဖြစ် အခုလိုမျိုး သားက အော်ဟစ်သောင်းကျန်းပြီး ဆူပူခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဘယ်ကောင်းပါ့မလဲ။ မေမေ့အနေနဲ့လည်း သိက္ခာကျတယ်။ အမေငှားလိုက်တဲ့အိမ်ကို သားက မကျေနပ်လို့ အဲဒီအိမ်ငှားတွေကို သွားသောင်းကျန်းပြီး မောင်းချတယ်ဆိုတဲ့ စကားကြီးက ထွက်သွားတော့ မေမေ သိက္ခာမကျသွားဘူးလား"

"ဘာဗျ... အမေ့ကို အဲဒီလို သိက္ခာချတယ်။ အဲဒီစကားပြောတာ ဘယ်ကောင်တွေလဲ အမေ... ပြော။ ကျွန်တော် အခုသွားရှင်းမယ်"

သူ့ရဲ့ဒေါသက ဟုန်းခနဲ ထတောက်လာကာ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လျှင် အမေက အသည်းအသန် သူ့ကိုဆွဲကာ ပြန်ထိုင်ခိုင်းရင်း...

"ကဲ... ပြောလေ ပိုဆိုးလေပါပဲလား။ ပြန်ထိုင်စမ်းပါ သားရယ်။ ဒီမှာ... သား မေမေပြောတာကို နားထောင်။ မင်း တစ်နေ့ တစ်နေ့ အဲဒီလိုမျိုး ထစ်ခနဲရှိ လက်ပါရန်ဖြစ်နေရင်တော့ အမေက ဟိုလူ့လည်းတောင်းပန်ရ ဒီလူ့





လည်း တောင်းပန်ရနဲ့ လူ့အောက်ကျို့လို့ သေရလိမ့်မယ်။ မင်း အမေ့စကားကို နားထောင်တယ်ဆိုရင် အဲဒီဒေါသဖြစ်တဲ့ အကျင့်ဆိုးကြီးကို ဖျောက်ပစ်စမ်းပါ။ ကြားလား"

"ဟား... အမေကတော့ဗျာ။ ကျွန်တော်က စတာမဟုတ်ဘူး။ ကျွန်တော်နဲ့ ရန်ဖြစ်တဲ့ကောင်တွေက စကြတာချည်းပဲ။ အမေ့သားအကြောင်း အမေသိပါတယ်။ ချွန်သာဦးရဲ့ဘဝမှာ ဘယ်တော့မှ အကြောမခံဘူးဆိုတာ။ ကျွန်တော့်ကို လာထိလို့ကတော့ ကျွန်တော်က ပြန်ဖဲ့မှာ"

"တော်ပါဟယ်။ ဒေါသတွေ များလိုက်တာ။ ကဲ... အဲဒါဆို မနေ့ကကျတော့ မင်းကို ဘယ်သူကထိလို့ မင်းက အဲဒီအိမ်မှာ သွားပြဿနာရှာရတာလဲ"

သူက ကျန်နေသေးတဲ့ ကော်ဖီတစ်ဝက်ကို ကုန်အောင်မော့လိုက်ပြီးတော့မှ ပြန်ဖြေလေသည်။

"အဲဒါကလား... မနေ့က ကျွန်တော် ဆိုင်ကယ်အသစ်ဝယ်နိုင်းတာ အမေ မလဲပေးလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ… အဲဒါနဲ့ပဲ နင်က မဆိုင်တဲ့သူကို သွားသောင်းကျန်းခဲ့တာပေါ့လေ… ဟုတ်လား"

"မနေ့က အရက်ကလည်း သောက်ထားမိတော့ ပိုဆိုးသွားတာပါ မမေရာ။ ဒါပေမဲ့ အဲဒီမိန်းမကတော့ တော်တော်စွာတယ်နော်။ ဒေါ်ကြီးရွှေတို့ တားနေကြလို့ပေါ့ဗျာ"

"တော်ပါတော့ သားရယ်။ ပြဿနာမရှာပါနဲ့တော့။ မင်းဆိုင်ကယ်လဲချင်တာမှလား။ မမေ လဲပေးမယ်။ ဒါပေမဲ့ အဲဒီအိမ်ကိုတော့ မင်းပြဿနာ ဘာမှမရှာပါဘူး။ ကင်းကင်းပြတ်ပြတ် နေပါ့မယ်လို့ ကတိပေးရမယ်။ အဲဒါဆိုရင်တော့ မင်းဖြစ်စေချင်တာ မမေ ဖြစ်အောင်လုပ်ပေးမယ်"

"ဟား… အဆန်းကြီးပါလား။ မမေ့စကားက ဘာလုပ်ရင် ဘာပေးမယ်ဆိုတဲ့ အပေးအယူနဲ့ပါလား။ အဲဒီအိမ်ငှားတွေက ဘယ်ကဟာတွေမို့လို့လဲ"

သူက မမေ့ရဲ့စကားအဆန်းကြောင့် မမေ့ကိုမေးလိုက်လျှင် မမေက စိတ်မရှည်တော့သော သက်ပြင်းတစ်ခုနှင့်အတူ ခပ်သွက်သွက် စကားဖြတ်လိုက်လေသည်။





"ဘယ်ကမှ မဟုတ်ဘူး။ ကောင်မလေးက သနားစရာမို့ မမေ အိမ်ငှားလိုက်တာ။ သူ့ခမျာ မုဆိုးမဘဝနဲ့ ရပ်တည်နေရတာ။ မင်း ပြဿနာသွားမရှာပါနဲ့ သားဦး။ မမေ… ဒါပဲ ပြောမယ်နော်…

ဆိုင်ကယ်လဲဖို့အတွက် ပိုက်ဆံလိုသလောက် မမေ့ဗီရိုထဲက ထုတ်လိုက်"

မမေက စကားကို လိုတိုရှင်းပြောကာ ထွက်သွားသွားမယ့် သူကတော့ မရှင်းဘဲ ကျန်ခဲ့ရလေသည်။ မုဆိုးမဘဝနဲ့ ရှုပ်တည်နေရတာတဲ့။ ဘယ်သူ့ကို ပြောတာလဲ အဲဒါက။ ဟိုခပ်ဖွာဖွာ အမျိုးသမီးကို ပြောတာလား။ သူက… မုဆိုးမ။

သားဦးက မဖြစ်နိုင်ဘူးဟု ထင်မှတ်တွေးရင်း အာရုံတွေ နောက်ကျိုကုန်တာမို့ ဆေးလိပ်ဖွာဖို့ အခန်းထဲပဲ ပြန်ဝင်လာလိုက်လေသည်။

✦ ✤ ✦



www.burmeseclassic.com

www.burmeseclassic.com



(၃)

နနီက ကျောက်ဆည်ရဲ့ အထင်ကရ Shoppin

Mall ဖြစ်တဲ့ လွင့်လွင်မှာ အိမ်အတွက် လိုအပ်တာလေးတွေ လာ

ဝယ်တာပဲဖြစ်သည်။ ဒီမှာက ရန်ကုန်လိုပဲ ဘာလိုချင်ချင် ရနိ

တာမို့ အတော်လေးပဲ အဆင်ပြေရလေသည်။ ရန်ကုန်သူတာ

ယောက်နီးပါး ရန်ကုန်မြို့ကြီးမှာ ကျင်လည်ခဲ့ပြီသူမို့ ရန်ကု

အသားတကျဖြစ်က ဒီကို အခြေအနေအရ ပြောင်းလာပြီဆိုေ

အခါတွင် လူကြီးတွေအတွက်ကတော့ သိပ်ပြီးပြဿနာမရှိလှ

မယ့် ကလေးကျတော့ အဆင်မပြေပေ။

သားသားဟာ သူ့အဖေက စနစ်တကျ ထိန်းကျေ

ခဲ့တာကြောင့် တကယ့်ကို အခြေမြင့်မြင့် အဆင့်အတန်းမြင့်





နေတတ်လာတာကြောင့် အခုလောလောဆယ်မှာ ငှားရမ်းနေရတဲ့ အိမ်ကလေးက သားလေးအတွက်တော့ အဆင်မပြေပေ။ နယ်မှာကျတော့ နနီတို့မှာ မြိုးမြိုးကုပ်ကုပ် နေရတာလည်း ပါတာကြောင့် သားက သဘောမတွေ့တာကို အဆင်ပြေ အသားကျအောင် တတ်နိုင်သမျှ ဖြည့်ဆည်းပေးရတာပဲ ဖြစ်သည်။

"နနီ... ဈေးလာဝယ်တာလား"

"ဩော်... အန်တီ... ဟုတ်ကဲ့ရှင့်။ လိုတာလေးတွေ လာဝယ်တာပါ"

တိုက်တိုက်ဆိုင်ဆိုင်ကို လာတွေ့နေတာမို့ နနီက ပြန်လည်နှုတ်ဆက်ကာ ရှောင်ထွက်ဖို့လုပ်လျှင် ဒေါ်မြင့်မိုးရည်က နနီလက်ကို လှမ်းဆွဲကာ...

"ခဏလေးနေပါဦး သမီးရယ်။ နနီ ဈေးဝယ်ပြီးသွားပြီဆိုရင် အန်တီတို့ စကားလေး ပြောရအောင်လို့"

"ဩော်... ဟုတ်ကဲ့ အန်တီ။ နနီလည်း ဝယ်လို့ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



နနီက Cashier မှာ ပိုက်ဆံရှင်းဖို့ တင်လိုက်လျှင် ဒေါ်မြင့်မိုးရည်က သူမ ဝင်ရှင်းဖို့ ပြင်တာကြောင့် နနီက ဝင် တားမြစ်ကာ အပြတ်ပြောရလေသည်။

"မရှင်းပါနဲ့ အန်တီ။ နီ ဘယ်သူ့အကူအညီမှ မယူချင် လို့ပါ။ ကျေးဇူးတင်ပါတယ်"

"မဟုတ်ပါဘူး။ အန်တီကလည်း မိတ်ဖြစ်ဆွေဖြစ် ရှင်း ပေးချင်တာပါ။ သမီးရေ... ဘယ်လောက်ကျလဲကွယ်"

"နေပါစေ အန်တီ။ ညီမ... ဒီက ယူလိုက်နော်"

နနီက Cashier ကကောင်မလေးကို ပိုက်ဆံအမြန် လှမ်းပေးလိုက်လျှင် ဒေါ်မြင့်မိုးရည်က ပြုံးမြမြ မျက်နှာထားဖြင့် နနီကိုကြည့်ကာ...

"နနီက တကယ့်ကို ကိုယ့်အားကိုယ်ကိုးပြီး ဘယ်သူ့ ကျေးဇူးအတင်မခံချင်တဲ့ မိန်းကလေးမျိုးပဲ။ အန်တီ သဘော ကျတယ်"





"နီက တတ်နိုင်သမျှ သူများအကူအညီကို ရှောင်ပါတယ် အန်တီ။ ကိုယ့်ကိုယ်ကိုယ် အားကိုးရတာကိုပဲ တမင်လေ့ ကျင့်ထားတာပါ"

"သိပ်ကောင်းတဲ့ အတွေးအခေါ်ပေါ့ကွယ်။ အန်တီတို့ တစ်နေရာရာမှာ စကားလေး ဘာလေး သွားပြောကြတာ ပေါ့။ လာပါ"

အဲဒီလောက်ထိက ငြင်းဖို့ရာ မသင့်တော်တာကြောင့် နနီက ဒေါ်မြင့်မိုးရည်နဲ့ အတူလိုက်လာခဲ့ရတော့သည်။

နနီကိုယ်တိုင်လည်း စိတ်ထဲမှာ ထူးဆန်းသလိုမျိုး တော့ ခံစားရလေသည်။

ဒေါ်မြင့်မိုးရည်နဲ့ အခုလို တိုက်ဆိုင်စွာ ဆုံရတာက တစ်ကြောင်း၊ ပြီးတော့ ဒေါ်မြင့်မိုးရည် အိမ်မှာမှ လာငှားနေမိ တာတွေကတစ်ကြောင်း စသဖြင့် တိုက်ဆိုင်မှုလေးတွေက ရှိလာ လေကာ နနီကို အလုပ်ခန့်ချင်တာကလည်း အင်မတန်ဆန်းသွား သည်။ နနီက ဒေါ်မြင့်မိုးရည်နဲ့အတူ စကားပြောဖို့ လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေလျှင်တော့ အေးဆေးပြောရအောင်ဟုဆိုကာ သူမအိမ်ဖဲ ခေါ်သွားတာကြောင့် ဒုတိယအကြိမ်မြောက် ဒေါ်မြင့်မိုးရည်ရဲ့အိမ်ကို ရောက်သွားရလေတော့သည်။

"အန်တီ... ဘာများပြောချင်လို့လဲ မသိဘူး"

နုနီကပဲ ရောက်တာနှင့် စမေးလိုက်လျှင် ဒေါ်မြင့်မိုးရည်က အပြုံးတစ်ခုဖြင့်ပင် စပြောလေသည်။

"အမိက,ကတော့ တစ်နေ့က ပြောခဲ့တဲ့ အလုပ်ကိစ္စပါ။ နုနီဘက်က ဘာမှအဖြေပြန်မလာသေးဘူးလေ"

"ဩော်... ဟုတ်... အန်တီ။ နီ ဘာမှ မစဉ်းစားရသေးလို့ပါ"

"ဒီမှာပဲ နုနီက အခြေချတော့မယ်ဆိုတော့ အလုပ်တစ်ခု ဒီမှာရှိဖို့တော့ လိုအပ်တယ်မှလား။ ဒါကြောင့် အန်တီက ဖိတ်ခေါ်တာပါ။ နုနီကို အရည်အချင်းရှိတယ်ဆိုတာ ယုံကြည်တဲ့အတွက် အလုပ်,လုပ်စေချင်တာလည်း ပါတာပေါ့"





နုနီက အနည်းငယ်တော့ စိတ်ကျဉ်းကျပ်ရလေသည်။ ဘာကြောင့်မို့ ဖွတ်အလုပ်ပေးနေမှန်း မသိတာကတော့ စိတ်ကျဉ်းကျပ်စရာ ကိစ္စပဲ ဖြစ်လေသည်။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုကတော့ တကယ်ပဲ လိုအပ်တာကြောင့် နုနီ အလုပ်တော့ လုပ်ချင်လေသည်။ ဒါပေမဲ့ ခက်နေ တိုက်ဆိုင်နေတဲ့ အကြောင်းတရားတွေကလည်း ရှိနေသေးတာမို့ နုနီမှာ ဆုံးဖြတ်ရတာဟာ ချီတုံချတုံ ဖြစ်နေတာပဲ ဖြစ်၏။

"နုနီ... ဘာတွေ စဉ်းစားနေတာလဲ"

"ဩော်... စိတ်မရှိပါနဲ့ အန်တီ။ နီ နည်းနည်းအတွေး လွန်သွားလို့ပါ"

"ကဲပါ... ဘယ်လိုလဲ။ နုနီ အန်တီ့ဆီမှာ အလုပ်လုပ်မှာလား။ နုနီကို အန်တီ လစာကောင်းကောင်းပေးမှာပါ"

"ဟို... နီ့ဘက်က တစ်ခုလောက်မေးလို့ရမလား အန်တီ"

မေး,ဆိုတဲ့ သဘောဖြင့် နုနီကို မေးဆတ်ပြလိုက်တာမို့ နုနီက သေချာအောင် ရင်ထဲရှိတဲ့အတိုင်း အမှန်ပဲ ဖွင့်မေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ နို့ကို ဘာဖြစ်လို့ ယုံယုံကြည်ကြည်နဲ့ အလုပ်ခန့်ချင်တာလဲဟင်။ တကယ်ဆို နီတို့တွေ သိကြတာ အချိန်ဘယ်လောက်မှ မရှိသေးဘူးမှလား"

"အန်တီက လူကဲခတ် မညံ့ပါဘူး။ နုနီ အရည်အချင်းကို မြင်ရပါတယ်။ နုနီကို အန်တီ သဘောကျတဲ့ အချက်က တစ်ယောက်တည်းကို ကြံ့ကြံ့ခံရင်ဆိုင်ရဲတဲ့ စိတ်ဓာတ်ကိုပဲ။ အန်တီ ကိုယ်ချင်းစာကြည့်လို့ ရတယ်လေ။ အန်တီလည်း သားရဲ့မိခင် မုဆိုးမပဲဟာ"

နုနီက စိတ်မကောင်း ဖြစ်သွားစွာ မျက်လွှာအသာချမိ၍ လေမှုတ်ထုတ်လိုက်မိသည်။

အဲဒါကတော့ ဘဝကိုကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ဖို့အတွက် မောင်က တစ်ယောက်တည်း ထားသွားခဲ့တာလို့ပဲ ဖြေရမှာဖြစ်သည်။

"နို့ကို အခုလို ကိုယ်ချင်းစာပေးတာ ကျေးဇူးတင်ပါတယ် အန်တီ"





"အဲဒါကြောင့်လည်း အန်တီက နုနီကို အန်တီ့ဆီမှာ အလုပ် လုပ်စေချင်တာလေ။ နုနီရဲ့သားလေးက အခုမှ လူမမယ်လေး။ သူ ကြီးပြင်းဖို့ အများကြီးလိုသေးတယ်။ နုနီ ရပ်တည်ဖို့ လိုအပ်တယ်...

လိုအပ်တဲ့ အကူအညီ ရှိရင်လည်း အန်တီ့ကိုပြောပါ။ အန်တီ ကူညီပေးပါ့မယ်။ အန်တီကတော့ နုနီကို အန်တီ့ဆီမှာပဲ အလုပ်ဝင်စေချင်တယ်"

"ဟုတ်ကဲ့ပါ အန်တီ။ နုနီ အပေါ်ကို စေတနာထားတဲ့ အတွက်လည်း တကယ့်ကိုပဲ ကျေးဇူးတင်ပါတယ်။ အန်တီ့ရဲ့ကမ်းလှမ်းချက်ကို နီ မေမေနဲ့တိုင်ပင်ပြီး အဖြေပြန်ပေးပါ့မယ်"

"ကောင်းပါပြီကွယ်။ နုနီအတွက် အန်တီ့လုပ်ငန်းတွေက တော့ အမြဲကြိုဆိုလျက်ပါ"

"ဟုတ်ကဲ့ပါ အန်တီ။ အဲဒါဆို နုနီကို ပြန်ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



နုနီက အန်တီ့ကို နှုတ်ဆက်ကာ ပြန်မို့ထလိုက်လျှင် အိမ်ထဲကို ဒယီးဒယိုင်ဖြင့် ဝင်လာသောသူကို လှမ်းတွေ့ရလိုက်လျှင် နုနီရဲ့မျက်ခုံးကြောနှစ်ခုက အလိုလို တွန့်မိသွားလေသည်။

"သား… ပြန်လာပြီလား"

"ဟုတ်ကဲ့… မေမေ။ ဟော… ညှော်သည်ရောက်နေတာကိုး"

"သား… သွားနားတော့လေ"

အနောက်ကနေ လှမ်းပြောလိုက်တဲ့ စကားကြောင့် အဲဒီအရက်သမားဟာ နုနီကိုကြည့်ကာ ခပ်လေးလေး ခြေလှမ်းတွေဖြင့် အပေါ်ကို တက်သွားလေသည်။

"အန်တီရဲ့သားကတော့ အဲဒီလိုပါပဲ။ နောက်မှပဲ မိတ်ဆက်ပေးတော့မယ်"

နုနီက ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်၍ နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။ အရမ်းကြီးကို ဆင်လွန်းနေတာ





ကြောင့် တွေ့ချိန်ခဏမှာ နုနီရဲ့နှုတ်တို့ ဆွံ့အ,ကုန်တာဟာ စိတ်ပင်ပန်းစေသော ကိစ္စပဲ ဖြစ်လေ၏။

✦ ✣ ✦



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အတွက် ဒါဟာ အခွင့်အရေးလို့ပဲ သဘောထားပြီး သမီးစိတ်ထဲမှာ ရှိတာကို စိတ်ရှင်းရှင်းနဲ့ ဆုံးဖြတ်ပါ။ မောင်မောင်နဲ့ ဆင်တယ်ဆိုတာကလည်း နာမည်တူမရှား လူတူမရှားဆိုတာ ရှိနေနိုင်တာပဲလေ"

"ဒါပေမဲ့ ဒီလောက်ကြီး တူနေတာကတော့ သိပ်အံ့သြဖို့ ကောင်းတယ်လို့ နီကတော့ ယူဆတယ်"

"အရှေ့ ပြောတာကတော့ ဒေါ်မြင့်မိုးရည်ဆိုတာ ဒီမြို့မှာ ငယ်မွေးခြံပေါက်ပဲ။ သူ့အမျိုးသား ကိုကျော်ချွန် ဆိုတာ အမေတို့နဲ့တောင် ခင်တယ်။ စီးပွားရေးလုပ်တဲ့နေရာမှာ အင်မတန် အကွက်မြင်ပြီး တော်တဲ့သူပါ။ သူတို့ရဲ့သား





ချွန်သားဦး ကျပြန်တော့ ဘယ်လိုဖြစ်ပြီး ဆိုးဆိုးပေပေဖြစ်နေတာလဲ မသိဘူး"

နီ့ဘဝ တိုက်ဆိုင်ထူးဆန်းစွာ တူနေတာတွေအတွက် အံ့သြမှုကသာ ပိုနေကာ ဘာမှကိုမပြောနိုင်ပေ။ နုနီ အခု အလုပ်ဝင်ဖို့ တွေဝေနေဟယ် ဆိုတာကလည်း အဲဒီအကြောင်းကြောင့်ပဲဖြစ်လေသည်။

"မောင့်မှာ အဖေတစ်ယောက်ပဲ ရှိတော့တယ်။ ပြီးတော့ ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်း ဘာဆိုဘာမှ မရှိဘူး။ ဒါပေမဲ့ ဒီမှာက မောင်နဲ့ သိပ်တူလွန်းနေတယ်။ နောက်ပြီးတော့ ဒေါ်မြင့်မိုးရည်က လိုအပ်တာထက်ကို ပိုကောင်းလွန်းနေတယ်။ နီ့စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ ခံစားရတယ်"

"မောင်မောင်နဲ့ အဲဒီကောင်လေး ရုပ်ချင်းအတော်ဆင်တယ်ဆိုတာကို ဒေါ်မြင့်မိုးရည် သိပြီလား သမီး"

"ဘယ်လိုလုပ် သိမှာလဲ မေမေရယ်။ နီလည်း မပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ ပြောသင့်တဲ့စကားလည်း မဟုတ်ဘူးလေ။ မောင်က ဆုံးသွားပြီပဲဟာ။ ဆုံးသွားတဲ့သူတစ်ယောက်နဲ့ သူတို့ဖူးဖူး မှုတ်ထားတဲ့ သားကို ဘူတယ်သွားပြောရင် စိတ်ဆိုးမှာ ပေါ့။ နီရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဘယ်သူ့ကိုမှလဲ မပြောပြချင်ပါဘူး မေမေရယ်"

"မေမေကတော့ နီ့ကို ဘာမှတွန်းအားမပေးဘူး။ မေမေ့ စိတ်ကူးအတိုင်း ဒီမှာ အိမ်ဆိုင်ကလေးဖွင့်မယ်။ ရောင်း ရမယ်လို့လည်း ယုံတယ်။ တို့သားအမိတွေ ဒီမှာပဲ ဒိုးတူ ဘောင်ဖက် လုပ်စားကြမယ်။ သမီး အေးဆေးနားနားနေနေ နေပါ"

မေမေကတော့ နုနီရဲ့စိတ်ခံစားချက်တွေကို အမြဲ ခံစားပေးနေကြဖို့ နုနီကို နှစ်သိမ့်မှု အပေးနိုင်ဆုံးသူ ဖြစ်လေသည်။ အလုပ်အတွက်ကိုတော့ မေမေက နုနီသဘောဆိုပေမယ်လည်း တကယ်တမ်းကျ ဒီလိုကောင်းမွန်တဲ့ အလုပ်တစ်ခုကို လွယ်လွယ် ကူကူရဖို့ဆိုတာက မလွယ်ကူချေ။ ပြီးတော့ နုနီက တစ်ယောက်





ဘည်းမဟုတ်ပေ။ နုနီအတွက် မျှော်လင့်ချက်တွေ ခွန်အားတွေ ဆေးသည့် သားလေး"ရောင်နီမောင်" ရှိနေသေးသည်လေ။

"အဲဒီလိုကျတော့လည်း မဖြစ်သေးပြန်ပါဘူး မေမေရယ်။ သားအတွက် ရှိသေးတာယ်မှလား။ နီတို့တွေက ကိုယ့်စိတ် ကြိုက်ရွေးချယ်ဖို့ အခွင့်အရေး သိပ်မရှိဘူးလေ…

ပုဂ္ဂိုလ်ရေးခံစားချက်တွေ မထားဘဲ အလုပ်ကို အာရုံစိုက်ရင်တော့ ပြဿနာမရှိလောက်ပါဘူး။ ပြီးတော့ ဒီကိစ္စက နီတို့ဘက်ကသာ မောင်နဲ့ တူနေတယ်ဆိုပြီး တစ်ဖက်သတ် အံ့သြနေကြတာပါ။ သူတို့ဘက်ကကျတော့ သိတောင်သိမှာ မဟုတ်ပါဘူး။ နီ ဒေါ်မြင့်မိုးရည်ဆီမှာ အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ မေမေ…

ဒေါ်လေးရှေ့ကို မောင်က သူ့သားနဲ့ သိပ်တူနေတယ် ဆိုတဲ့ အကြောင်းကိုတော့ မေမေ မပြောမိပါစေနဲ့နော်"

"ဘာမှ ပတ်သက်ဆက်နွယ်မှုတွေ ရှိကြတာမှ မဟုတ်တာ ဘဲ သမီးရယ်။ သူတို့သိအောင် ပြောဖို့လည်း မလိုအပ်



www.burmeseclassic.com

www.burmeseclassic.com



သလို သူတို့မသိအောင် ဖုံးကွယ်ဖို့လည်း မလိုဘူးလေ။ သမီးခေါင်းထဲမှာ မောင်မောင်နဲ့ ဟိုကောင်လေး ချွန်သားဦး တို့ ရုပ်ချင်းတူနေတယ် ဆိုတာကြီးကို မေ့ထားလိုက်ရင် အဆင်ပြေသွားမှာပါ”

နနီက စကားစပြီးပြတ်အောင် ခေါင်းညိတ်ပြလိုက် ပေမယ့် ရင်ထဲမှာတော့ တစ်ခုခုကို ထိရှခံစားနေရပါသည်။ ဘာ လဲ အတိအကျမေးရင်လည်း ဘာမှန်းကို မဖြေတတ်သေးတာက တော့ ဆန်းကြယ်မှုတစ်ခုပဲ ဖြစ်လေသည်။

✦ ✣ ✦





(၄)

သားဦးက ဒီနေ့အတွက် အမေလည်း မနက်စော စောကတည်းက မန္တလေးဆင်းသွားတာမို့ ကဲချင်တိုင်းကဲဖို့ရာ အခွင့်အရေးက ရပြီဖြစ်တာကြောင့် သူက ဘော်ဒါတွေကို ဖုန်း ဆက်ချိန်းကာ ဆိုင်ကယ်တစ်စီးဖြင့် ထွက်လာခဲ့လေသည်။ သိပ် ပြီးအုံးစားစရာ ဘာမှမရှိတဲ့ သူ့ဘဝဟာ အင်မတန်မှ ငြိမ်းချမ်း တာ သာယာစရာတွေချည်းပဲ သိပ်ပေါ်နေတော့ ပျင်းတောင်ပျင်း သာရသည်။ သားဦးက သူ့ဘဝသူ ကျေနပ်နေကာ တွေးရင်း ဆိုင်ကယ်မောင်းလာတုန်း ခံတွင်းချဉ်သလို ရှိတာနှင့် ဂျာကင်ရဲ့ အတွင်းအိတ်က ဆေးလိပ်ဘူးကို နှိုက်ကြည့်လျှင်တော့ ဘူးပါ ဘာတာမို့ သူက လမ်းဘေးမှာ ဆိုင်ကယ်ကို ခဏရပ်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်ဘူး ရှာလိုက်သည်။ ပါမလာတာက သေချာပြီမို့ သူက စိတ်ပျက်စွာဖြင့် ကျစ်ခနဲ စုပ်သပ်မိသွားသည်။

သူကလည်း စိတ်ထဲကနေ တစ်ခုခု ဖြစ်ချင်ပြီဆို ချက်ချင်းပဲမို့ သူက မျက်လုံးကစားကြည့်လိုက်လျှင် ရှေ့နားက စတိုးဆိုင်လေးကို လှမ်းတွေ့လိုက်သည်မို့ အဲဒီမှာ ဆေးလိပ်ဝယ်ဖို့ တွေးလိုက်ကာ ဆိုင်ကယ်ပေါ် ပြန်တက်၍ ရှေ့နားက စတိုးဆိုင်သို့ မောင်းထွက်လာခဲ့လိုက်သည်မို့ အဲဒီမှာ ဆေးလိပ်ဝယ်ဖို့ တွေးလိုက်ကာ ဆိုင်ကယ်ပေါ်ပြန်တက်၍ ရှေ့နားက စတိုးဆိုင်သို့ မောင်းထွက်လာခဲ့လိုက်သည်။ သူက စတိုးဆိုင်ရောက်တဲ့ အခါမှာ သူက ဆိုင်ထဲဝင်ဝယ်လျှင်တော့ သူ့နောက်က ဘောင်းဘီစကို လှမ်းဆွဲမှုနဲ့အတူ ကြားရတဲ့ ခေါ်သံတစ်ခုကြောင့် သူက အံ့အားတသင့်ဖြစ်ကာ ပြန်လှည့်ကြည့်မိသွားသည်။

"ဖေဖေ... ဖေဖေ"

ဟ... ဘာလဲ။ သားဦးက အနောက်ကနေ သူ့ဘောင်းဘီစကို လှမ်းဆွဲကာ ဖေဖေ ခေါ်နေတာကြောင့် သူကိုယ်





တိုင်လည်း လန့်သွားရသလို ဆိုင်က အဒေါ်ကြီးကလည်း ဘာလဲဆိုတဲ့ အဓိပ္ပာယ်ဖြင့် သူ့ကို အကဲခတ်နေတာ ဖြစ်သည်။ သားဦးက သူ့မှာလာ အဖေခေါ်နေခြင်းကြောင့် ဒေါကန်ကန်ဖြင့် ကြည့်လိုက်မိလျှင် ချာတိတ်လေးက သနပ်ခါးအဖွေးသားမျက်နှာနှင့် အဖြူအစိမ်းဝတ် ကျောင်းသားလေး ဖြစ်သည်။

"ဟော့... ကလေး... ဘယ်သူ့ကိုခေါ်တာလဲ"

"ဖေဖေ... ဖေဖေ... သားကို ကျောင်းလာကြိုတာလား ဟင်။ ဖေဖေ ဘယ်သွားနေတာလဲ။ သားသားက ဖေဖေ့ကို မျှော်နေတာ"

ချာတိတ်လေးဟာ မျက်ရည်တွေ ကျလာကာ သူ့ကို ပျောက်သွားမှာ စိုးရိမ်ရှာတဲ့ မျက်ဝန်းတွေဖြင့် ကြည့်ကာ သူ့ဘောင်းဘီစကိုလည်း မလွှတ်တမ်း ဆွဲထားတာမို့ သူ့မှာလည်း အထိတ်တလန့်ကို ဖြစ်ရကာ ဇွတ်ကိုငြင်းဆန်ရလေတော့သည်။

"ဟော့... ချာတိတ်... ဘာလဲကွ။ မင်း လူမှားနေပြီနော်။ ငါ မင်းအဖေ မဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ... ဖေဖေ... သားတို့ကို ခွဲမသွားပါနဲ့နော်။ ဖေဖေ..."

"ဟ... ဟ... ဘာလဲ... ငါက မင်းအဖေမှ မဟုတ်တာ ကွ။ ဟော့ကောင်"

သူက ကြောက်အားလန့်အားဖြင့် အတင်းရုန်းထွက်ဖို့ပြင်လျှင် အဲဒီချာတိတ်က သူ့ခြေထောက်ကို ဖွတ်ဆွဲထားတာမို့ သူ့မှာ တစ်ယောက်တည်းတွေ ကိုးရိုးကားရား ဖြစ်ကုန်ကာ ရုန်းဟယ် ကန်ဟယ်ဖြင့် ဗရုတ်သုတ်ခတွေ ဖြစ်နေချိန်မှာ ကလေးကို တစ်ယောက်က လာဆွဲတာမို့ အဆင်ချောသွားပေ တော့သည်။

"မြေးလေး... မြေးလေး..."

"ဘွားဘွား... ဘွားဘွား... ဖေဖေ... ဒီမှာ..."

"မ... မဟုတ်ပါဘူး မြေးလေးရယ်။ မြေးလေး ဖေဖေက ခရီးသွားနေတာလေ။ လာ... လာ... ဘွား... ငါ့မြေးလေး အတွက် မုန့်တွေ အများကြီး ဝယ်ထားတယ်။ လာ... ပြန်ကြရအောင်နော်"





"ဟင့်အင်း... မပြန်ဘူး။ ဖေဖေ... ဖေဖေပါ လိုက်ခဲ့"

ဟားကွာ... ဒီကလေးကတော့။ သားဦးက လူတွေ သို့လော သို့လော ကြည့်တဲ့ အကြည့်တွေကို ဒေါကန်နေရတဲ့ ကြားထဲ ဒီကလေးက ဖွတ်ကို အဖေခေါ်နေတော့တာကြောင့် အရှက်က ကွဲရပြီဖြစ်သည်။ အဲဒီချာတိတ်ရဲ့ အဘွားဆိုတဲ့သူက ဖွတ်ကို ချော့မော့ခေါ်ပေမယ့်လည်း ကလေးက သူ့ကိုသာ အာရုံ နေကာ ဘယ်လိုမှကို ပြော၍ရချေ။

"မြေးလေးရယ်... လိမ္မာပါတယ်။ ဦးဦးကို အားနာစရာ။ လာပါ... ပြန်ရအောင်နော်"

"ဟင့်အင်း... ဟင့်အင်း... ဖေဖေနဲ့ပဲ အတူတူပြန်မှာ။ ဖေဖေ... လာ... လိုက်ခဲ့။ သားတို့နဲ့ အတူတူလိုက်ခဲ့"

"ဟား... ဒီကလေးကတော့ ပြဿနာပဲကွာ။ ဒီမှာ ချာတိတ် ငါ မင်းအဖေ မဟုတ်ဘူးကွ"

"တောင်း... တောင်းပန်ပါတယ် မောင်သားဦးရယ်။ စိတ်မရှိပါနဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကိုပါ သိနေတာကြောင့် သူက ဇဝေဇဝါ တော့ ဖြစ်သွားရကာ အဲဒီ အဒေါ်ကြီးကို အသေအချာ ကြည့်မိ သွားသည်။

စိတ်ထဲမှာ မြင်ဖူးသလိုလို ရှိတယ်ဟု ခံစားမိတာ ကြောင့် သူက ကလေးကိုကော အဲဒီကလေးရဲ့အဘွားကိုကော ကြည့်လိုက်ရင်းက မေးလိုက်တော့သည်။

"ဒီမှာဗျ... ကျွန်တော့်ကို သိလို့လား"

"ဩော်... မောင်သားဦးက အဒေါ့်ကို မမှတ်မိဘူးနဲ့တူ တယ်။ အဒေါ်က မင်းတို့ခြံမှာ ငှားနေ့,နေတာလေ။ မင်း ဟိုတစ်ခါ လာပြီးတော့တောင် အဒေါ်တို့ကို လာပြောသွား သေးတယ်လေ။ ပြည်ပန်းရွာကလေ"

အဲဒီတော့မှ သူ့ရဲ့ memory က ပြန်လည် အလုပ် လုပ်လာကာ ပြည်ပန်းရွာကအိမ်မှာ သူ အရက်မူးပြီး ပြဿနာ ရှာ သွားပြီးကြိမ်းခဲ့တာကို ပြန်မှတ်မိသွားတော့သည်။ ဟုတ်တာ ပေါ့... ဒါကြောင့် မြင်ဖူးတယ် ထင်နေတာ။





"ဩော်... ဟုတ်သားပဲ။ ကျွန်တော် မှတ်မိပြီ။ ဘယ်လို ဖြစ်တာလဲဗျ။ ဒီကလေးက"

"ဒါ အဒေါ့်ရဲ့မြေးလေးပါကွယ်။ ကလေးက သူ့အဖေကို မျှော်နေတာလေ။ အဒေါ့်မြေးလေး အဖေက ဆုံးသွားပြီ လေ"

သူ့နားထဲသို့ အစီအစဉ်တကျ ဝင်လာလေသော စကားကြောင့် သူက စိတ်မကောင်း ဖြစ်ရစွာဖြင့် ကလေးကို ငေးကြည့်မိသွားသည်။ မေမေ ပြောပြသလိုပဲ ဟိုမိန်းကလေးဟာ တကယ်ကို မုဆိုးမလေးပေါ့။

"ဖေဖေ... ဖေဖေ... သားကိုချီလေ"

"ဟဲ့... မြေးလေး"

ချာတိတ်က သူ့ကို ချီခိုင်းတဲ့ဟန်ဖြင့် လက်ဆန့် တန်းလိုက်တာကြောင့် သူ့မှာ အခက်တွေ့သွားရသည်။ ဒီချာတိတ် က ဘာကြောင့်များ သူ့ကို အဖေခေါ်နေမှန်းလဲ မသိပေ။

"ဖေဖေ... ချီလေ"



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်ရဲ့မျက်နှာလေးဟာ တကယ့်ကိုမှ သူ့ဆီက ယုယမှုကို လိုလားဟန်ပြနေတာကြောင့် အဲဒီလောက်အထိတော့ ပစ်ပစ်ခါခါ မလုပ်သင့်ဘူးဟု သူ ယူဆကာ ကလေးကိုချီမလိုက်သည်။

"အဒေါ်တို့ အိမ်ပြန်မှာမလား။ ကျွန်တော့်မှာ ဆိုင်ကယ်ပါတယ်။ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"ဩော်... ရပါတယ်။ အဒေါ်တို့ဘာသာပဲ သွားလိုက်ပါ့မယ်"

"မသွားဘူး။ ဖေဖေနဲ့ပဲ သွားမှာ"

ချာတိတ်က ထပ်မံပြောလိုက်လျှင် သူက သဘော တကျ ပြုံးမိသွားကာ အိမ်လိုက်ပို့ပေးဖို့က Conform ဖြစ်လို့သွားလေ၏။

"ကဲပါ အဒေါ်ရယ်။ အဓိက,က ဒီကောင်လေး ကျေနပ်သွားအောင်ပါ။ ကျွန်တော် ပြန်လိုက်ပို့ပေးလိုက်ပါ့မယ် လာပါ"





သူ့ရဲ့ထပ်ခေါ်ဆိုမှု အဆုံးမှာ မငြင်းတော့ဘဲ မြေးအဘွားနှစ်ယောက် လိုက်လာခဲ့ကြတော့၏။ ဆိုင်ကယ်ကို သုံးယောက်စီးလာခဲ့ရာမှ ချာတိတ်ဟာ အင်မတန်မှကို ပျော်ရွှင်နေတာကြောင့် သူပါ အလိုလို ပြုံးမိသွားလေသည်။ အိမ်ပြန်ရောက်တဲ့ အခါမှာလည်း ချာတိတ်က သူ့ကို လုံးဝကို အလစ်မပေးဘဲ သူ့အနားပဲ တကပ်ကပ် ရှိနေတာကြောင့် သူက အထူးအဆန်းတော့ ဖြစ်ရလေသည်။

"အားနာစရာတော့ ဖြစ်ကုန်ပြီ မောင်သားဦးရယ်။ ခဏနေရင်တော့ သမီး အလုပ်က ပြန်ရောက်လာတော့မှာပါ။ အဲဒီကျမှ မောင်သားဦး ပြန်လို့ရမယ် ထင်တယ်"

"အလုပ်... သူက ဘာလုပ်တာလဲဗျ"

"ဟင်... မောင်သားဦး မသိဘူးလား။ မောင်သားဦးအမေဆီမှာပဲ အလုပ်,လုပ်နေတာလေ"

"အမေ့ဆီမှာ..."

သူက အံ့သြစွာဖြင့် သံယောင်လိုက် ရွတ်မိသွားသည်။ မေမေ့ဆီကလည်း ဘာမှပြောသံမကြားဖူးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ… သားတို့နဲ့ပဲ အမြဲနေတော့နော်"

ချာတိတ်က သူ့ပေါင်ပေါ် လာထိုင်ကာ သူ့ကိုအဖေ ပဲခေါ်နေတာကတော့ တစ်ဆိတ် အံ့ဩစရာကောင်းလွန်းနေတာ ပဲဖြစ်သည်။

"ဖေဖေ… နော်… လို့… နော်"

"အမ်… အေး… အေး… အေးပါကွ"

"မေမေ…"

"ဟာ… မေမေ ပြန်လာပြီ။ မေမေ… ဒီမှာ… ဖေဖေ"

ချာတိတ်က သူ့ပေါင်ပေါ်ကဆင်းကာ အလုပ်က ပြန်လာတဲ့ နုနီသွေးကို အပြေးသွားကြိုလေလျှင် သူပါ အလိုလို ထ၍ ကြိုမိသလို ဖြစ်သွား၏။

အမျိုးသမီးက သူ့ကိုမြင်လျှင် အံ့ဩထိတ်လန့်သွား ဟန်ဖြင့်…

"ဟင်… ရှင်… ရှင်"

"မေမေ… သားတို့ဆီ ဖေဖေပြန်လာပြီ"





"သား… ကျောင်းစိမ်းလည်း အခုချိန်ထက်ထိ မလဲသေး ဘူး။ အဲဒီလို စည်းကမ်းမရှိတာ မေမေ မကြိုက်ဘူးလေ။ သွား… ဘွားဘွားနဲ့ ရေမိုးချိုးပြီး အဝတ်အစားသွားလဲ လာခဲ့ချည်"

"ဟုတ်… မေမေ။ ဖေဖေ… သားတို့နဲ့ပဲ နေနော်"

"ကဲပါ… မြေးရယ်။ လာပါ… လာ… လာ…"

ချာတိတ်ကို အဘွားဖြစ်သူက ခေါ်သွားလေလျှင် အဲဒီချာတိတ်က သူ့ကို လှည့်ကြည့် လှည့်ကြည့်ဖြင့် အိမ်ထဲဝင် သွားလေတော့၏။

"ကျွန်မတောင်းပန်ပါတယ် ကိုချွန်သားဦး။ သားက အဲဒီ လိုပဲ နည်းနည်းဖွတ်တရွတ်ဆန်တယ်။ နောက် အဲဒီလို မဖြစ်အောင် ကျွန်မ တားပါ့မယ်။ ကိုချွန်သားဦး ဒီမှာ အချိန်ကုန်သွားတဲ့အတွက် တောင်းပန်ပါတယ်"

သူမရဲ့စကားက သူ့ကို ပြန်ဖို့ရာ လမ်းဖွင့်ပေးနေ မှ သားဦးက စိတ်ထဲတော့ ဘဝင်မကျ ဖြစ်ရလေသည်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဟာ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာဖြစ်လို့ ဒီချာတိတ် သူ့ကို အဖေခေါ်တဲ့ကိစ္စမှာ နုနီသွေးဟာ အံ့ဩတာပဲရှိကာ ဒေါသထွက်တဲ့ အရိပ်အယောင် မရှိပေ။

သူက မပြန်သေးတာကြောင့် နုနီသွေးက မပြန်သေးဘူးလားဆိုတဲ့ အကြည့်ဖြင့် ကြည့်လေလျှင် သူ့ရင်ထဲက မတင်မကျမေးခွန်းက မေးလို့ထွက်သွားလေသည်။

"မင်းရဲ့သားက ငါ့ကို ဘာလို့အဖေလို့ ထင်နေရတာလဲ"

သူ့မေးခွန်းကြောင့် အမျိုးသမီးရဲ့မျက်နှာကြောဟာ မာကြောတင်းထန်သွားတယ်လို့ သူက ယူဆမိလေသည်။

"သားက အဲဒီလိုပဲ။ တစ်ခါတစ်ရံကျ သူ စိတ်ထင်ရာ လျှောက်ပြောတတ်တာ။ စိတ်ထဲမထားပါနဲ့။ ဟို... ကျွန်မ နှင်ထုတ်တာ မဟုတ်ဘူးနော်။ သား ပြန်ထွက်လာရင် ရှင်ပြန်ရတာ အဆင်မပြေ ဖြစ်နေလိမ့်မယ်"

"အိုခေ... ကောင်းပါပြီ။ ဒါနဲ့ မင်း ကိုယ့်အမေအလုပ်မှာ လုပ်နေတာဆို ဟုတ်သလား"





"ဟုတ်ကဲ့"

ခပ်ပြတ်ပြတ် ပြန်ဖြေတဲ့ စကားတစ်ခွန်းအတွက် သူဟာ တော်တော်လေး အကြောတင်းတဲ့မိန်းမအဖြစ် သတ်မှတ်မိကာ ပခုံးတစ်ချက်တွန့်၍ ထွက်လာခဲ့သည်။ အိမ်ရှေ့ရောက်ရင်တောင် သူဟာ ဆိုင်ကယ်ကို စက်မနှိုးဘဲ အသာတွန်းထွက်လာတာဟာ ဟိုချာတိတ်လေးက သူ့ကို အတည်ကြီးကို အဖေတွေ့ခေါ်နေမှန်း သိနေတာကြောင့်ပဲ ဖြစ်သည်။

✦ ✤ ✦



www.burmeseclassic.com

www.burmeseclassic.com



(၅)

"မေမေ နုနီသွေးကို အလုပ်ခန့်လိုက်တာ ဘာလို့ သားကို မပြောတာလဲ"

သူ့ရဲ့အမေးစကားကြောင့် မေမေက သူ့ကို အကဲခတ်သလို ကြည့်လိုက်ရင်းက ပြန်ဖြေလေသည်။

"မေမေ့အလုပ်ကိစ္စတွေကို သားမှ တစ်ခါမှ မမေးခဲ့ဖူးတာ။ [illegible]နီသွေးနဲ့ ဘယ်လိုဖြစ်ပြီး တွေ့လာတာလဲ"

"ဒီနေ့ ကျွန်တော် သူတို့ဘက်ကို ရောက်သွားလို့ပါ"

"အဲဒီဘက်အိမ်နဲ့ ကင်းကင်းပြတ်ပြတ်နေပါလို့ မေမေ ပြောထားတယ်လေ။ ဘာဖြစ်လို့ ပတ်သက်တာလဲ"





မေမေက သူ့ကို လေသံခပ်မာမာဖြင့် ပြောတာမို့ သူတောင် အံ့အားသင့်သွားရသည်။ မေမေဟာ တစ်ခါမှ အဲဒီလိုမျိုးတွေ တားမြစ်တာမျိုး သိပ်မရှိချေ။

"ကျွန်တော်က ဒီလိုပဲ သွားလာနေကြလေ။ အခုဟာက မေမေ အလုပ်တောင်ခန့်လိုက်တယ်ဆိုတော့ ဘာကြောင့်လဲဆိုတာ သိချင်လို့"

"သြော်... ထွေထွေထူးထူးတော့ မဟုတ်ပါဘူး သားရယ်။ နုနီသွေးက ရန်ကုန်က ကုမ္ပဏီတွေမှာ မန်နေဂျာရာထူးနဲ့ အလုပ်လုပ်ခဲ့တဲ့သူလေ။ သူလိုလူမျိုး မေမေ့ဆီမှာ ရှိနေတော့ မေမေ့အလုပ်အတွက်လည်း အကျိုးပိုရှိတာပေါ့"

သူ့ရဲ့အမေဟာ စီးပွားရေးအကွက်မြင်တဲ့ နေရာ[illegible]နှစ်ယောက်မရှိပေ။ သိပ်တော်တဲ့ မိခင်ကို ရထားသည်ကြောင့်[illegible]ည်း သူဟာ အစစအရာရာ အေးရာအေးကြောင်း နေနိုင်နေတာ[illegible]ဖြစ်လေသည်။ အဲဒီ နုနီသွေးဆိုတဲ့ တစ်ယောက်ဟာ မေမေ့[illegible]တွက် အားကိုးအားထား ပြုရလို့ မေမေက အကွက်မြင်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ခန့်ထားတာဟု သူက တွေးမိစွာဖြင့် တစ်ဆက်တည်းမှာပဲ နုနီသွေးရဲ့သားလေးအကြောင်း တွေးမိသွားသည်။

"အမေ့အတွက် စီးပွားရေးတွေ ပိုတွင်ကျယ်မှုရှိတယ်ဆိုကောင်းတာပေါ့။ ဒါနဲ့လေ မေမေ... အဲဒီ နုသွေးနီက ဒီကို ဘာလို့ ပြောင်းလာတာလဲ"

"ဩော်... သားရယ်။ ဒါ သူတို့မိသားစု ကိစ္စပဲလေ၊ မေမေတို့နဲ့ ဆိုင်မှမဆိုင်တာ။ နေစမ်းပါဦး။ သားက ဒီနေ့မှ သူများအကြောင်းကို ထူးထူးခြားခြားပြောလို့။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ဒီအတိုင်း သိချင်လို့ မေးကြည့်တာပါ"

"နုနီသွေးက ကလေးတစ်ယောက်အမေ ဖြစ်ပေမယ့် ဘဝကို စိတ်ဓာတ်ကျ အားငယ်မနေဘဲနဲ့ ထက်ထက်မြက်မြက်ရှိတာကို မေမေက သဘောကျတယ်။ အဲဒါကြောင့် အလုပ်ခန့်တာလေ။ ဩော်... ဒါနဲ့ သား ဆိုင်ကယ်လဲပြီးသွားပြီလား"





"ဟုတ်ကဲ့... မေမေ။ လဲပြီးသွားပါပြီ"

"အစ်ကိုလေး... ကိုဘုန်းတို့ ရောက်နေတယ်"

ကိုမြင့်မောင်က သူ့ဘော်ဒါတွေ ရောက်နေကြောင်း
ာပြောတာမို့ သူက ဒီကိုခေါ်လာဖို့ ခိုင်းလိုက်လျှင် ကိုမြင့်မောင်
သွားခေါ်လေ၏။ မေမေက သိပ်အမြင်မကြည်တဲ့ ပုံစံဖြင့်
ူ့ကိုကြည့်ကာ သက်ပြင်းချရင်း...

"သား အဲဒီကောင်လေးတွေနဲ့ ပေါင်းနေတာကို မေမေ မကြိုက်ဘူးလို့ ပြောလည်း ငါ့သားကတော့ ပြန်မပြောနားမထောင်ပဲနော်။ သားကို မေမေက ချစ်လို့အလိုလိုက်တာနော်။ နှစ်ဖို့ အလိုလိုက်တာ မဟုတ်ဘူး"

"ဟော့ကောင်... သားကြီး... မင်း... ဟား... အန်တီ"

ဟိုကောင်တွေက ဒီအချိန် အမေမရောက်သေးဘူး
င်ဖြင့် ဝုန်းဒိုင်းဆူညံစွာ အိမ်ထဲဝင်လာချိန်တွင် သူ့အမေနှင့်
ည့်တည့်တိုးတာမို့ ကိုယ်ရှိန်သပ်သွားကြ၏။ မေမေက ခပ်တည်
ည် မျက်နှာထားဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ...



www.burmeseclassic.com

www.burmeseclassic.com



"သားဦး... သား သူငယ်ချင်းတွေနဲ့ အိမ်မှာပဲ အေးဆေး စကားပြောကြပေါ့။ မေမေ ဖုန်းခဏသွားပြောဦးမယ်"

ဘွားတော် အပေါ်တက်သွားတော့မှ ဘုန်းသက်တို့က သူ့ဘေးနား ရောက်လာကြကာ သူ ဒီနေ့ ချိန်းပြီးရောက်မလာတဲ့ကိစ္စကို ပွမ်ကြတော့တာပဲဖြစ်သည်။

"ဟော့ကောင်... မင်းကွာ။ ဖုန်းဆက်တော့လည်း မကိုင်နဲ့။ ငါတို့မှာတော့ မျှော်လိုက်ရတာ အသားကုန်။ ဘယ်တွေလစ်နေတာလဲ"

"ဟင်... ဒီလိုပဲပေါ့ကွာ။ လောလောဆယ် ငါ့ကို အာ[illegible] လာပေးနေတဲ့ဆီ ခဏလေး ရွှေ့သွားမိတာ။ ဟော့ကောင်တွေ... အဲဒါတွေ ထားလိုက်စမ်းပါကွာ။ ဒီနေ့ မင်းတို့ကြားတဲ့အတိုင်းပဲနော်။ ဘွားတော်က အပြင်ထွက်ခွင့်ပိတ်သည်ဆိုတော့ အိမ်မှာပဲ အေးရာအေးကြောင်းပေါ့ကွာ လာ... ငါ့အခန်းထဲ သွားကြစို့"





သားဦးက ဘော်ဒါတွေကို စကားစဖြတ်ကာ အခန်းထဲပဲ ခေါ်သွားလိုက်သည်။ စိတ်ဝင်စားစရာကောင်းသော ကိစ္စတစ်ခုဟု သူ့စိတ်ထဲက ထင်နေမိသောကြောင့် သူဟာ တော်တော်လေးတော့ အာရုံရနေတာပဲ ဖြစ်လေသည်။

✦✤✦



www.burmeseclassic.com

www.burmeseclassic.com



နန္ဒီက ဆန်စက်က ပို့ပေးသမျှ စာရင်းအဝင်အထွက် အားလုံးကို ပြန်စစ်ပေးဖို့အတွက် ဂိုဒေါင်မှူးဆီက စာရင်းဖိုင်တွေ တစ်ထပ်ကြီးကို သယ်မ,လာကာ နန္ဒီ ရုံးခန်းထဲသို့ ယူလာခဲ့၏။

"ဟာ… ဟာ… အမယ်လေး နန္ဒီရယ်။ ဒီလောက်ဖိုင်တွေ အများကြီးကို တစ်ယောက်တည်း သယ်လာရလား။ ပေး… ပေး… ကိုယ် ကူသယ်ပေးမယ်"

နန္ဒီ လက်ထဲမှ ဖိုင်တွဲတစ်ဝက်ကို ကိုမိုးက ဆွဲယူတာကြောင့် နန္ဒီက အားနာတာနှင့် ပြန်ရုန်းလျှင် ဖိုင်တွေက လက်ထဲက လွတ်ကျကုန်၏။





"ဟော… ဟော… ကဲ… ပြောပါတယ်။ ကိုယ်ကူသယ်ပေးပါ့မယ် ဆိုတဲ့ဟာကို။ အခုတော့ ကျကုန်ပြီ။ ကဲ… နန္ဒီ အေးဆေးသွား။ ကိုယ် ဒါတွေ အကုန်ကောက်လာခဲ့မယ်"

"ဩော်… မလုပ်ပါနဲ့။ ဒါ နန္ဒီ အလုပ်တွေပါ။ ကိုမိုးလည်း အလုပ်တွေရှိနေသေးတဲ့ဟာ။ နို့ဘာသာနီ လုပ်ပါ့မယ်"

"ကဲပါ… ကိုယ် ကောက်လိုက်ပါ့မယ်ဆို"

"နန္ဒီ"

အနောက်မှ လှမ်းခေါ်လိုက်တဲ့ အသံကြောင့် လှည့်ကြည့်မိလိုက်လျှင် အန်တီ ဖြစ်နေတာကြောင့် နန္ဒီက ချက်ချင်း တော်တတ်ထရပ်လိုက်ကာ ဘာပြောမလဲ အသင့်နားထောင်လိုက်လျှင် ခပ်တင်းတင်း မျက်နှာထားနှင့်အတူ ဒေါ်မြင့်မိုးရည်က ပြောလေ၏။

"အဲဒါတွေ မိုးသစ် ကောက်လိမ့်မယ်။ အခုချက်ချင်း ရုံးခန်းထဲ လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြင့်မိုးရည်က ပြောပြီးတာနှင့် လှည့်ထွက်သွား
တာမို့ နုနီက ကိုမိုးဘက်ကို တစ်ချက်လှည့်ကြည့်လျှင် ကိုမိုး
သူ ဆက်လုပ်လိုက်မယ်ဆိုတဲ့ အမူအရာ လုပ်ပြတာကြောင့် နု
မှာ ခပ်သွက်သွက်ပင် အန်တီ့နောက်ကို အပြေးလိုက်ရလေ၏။

ရုံးခန်းထဲ ရောက်သောအခါတွင်တော့ နုနီက ထိုင်
ခုံမှာ ဝင်မထိုင်သေးဘဲ အန်တီ ဒေါ်မြင့်မိုးရည်ရဲ့ ခပ်တင်းတင်း
မျက်နှာထားကို အကဲခတ်ကြည့်ရင်းက မေးလိုက်၏။

"အန်တီ ဘာဖြစ်လို့လဲရှင့်"

"တို့ ပွင့်ပွင့်လင်းလင်း ပြောမယ်။ နုနီ... မင်း မိုးသစ်
နဲ့ အရောတဝင်နေတာကို အန်တီ မကြိုက်ဘူး။ ဆင်ခြင်
ပါ"

"ရှင်"

နုနီက ရုတ်တရက် ပြောချင်တဲ့ ဆိုလိုရင်းအနက်
အဓိပ္ပာယ်ကို နားမလည် ဖြစ်သွားပေမယ့် ပေါ်တင်ကြီး အခုလို
ဝမ်နင်ပေးတဲ့ စကားမျိုး အပြောခံလိုက်ရတာကြောင့် စိတ်ထဲမှာ





ဆောင်းခန်တော့ ဒေါသက ဖြစ်မိသွားကာ ချက်ချင်းဘဲ ကွန်ပ
ထိန်း ပြန်တက်မိသွားလေသည်။

"အန်တီ ဘာကိုဆိုလိုချင်တာလဲ မသိဘူး"

"မိုးသစ်က သူ့မိန်းမနဲ့ ကွဲနေတာ။ သူ့မှာရှုပ်တဲ့လူမှုရေး
ပြဿနာလေးတွေ ရှိနေတယ်။ အန်တီ အလုပ်မထုတ်သေး
တာဟာ သူ့ဘက်က အလုပ်နဲ့ပတ်သက်ပြီး ဘာဖောင်းလ်
မှ မရှိသေးလို့ပဲ...

အန်တီ သတိထားမိနေတာ ကြာပြီ။ မင်းကို
မိုးသစ်နဲ့ သိပ်တွဲတွဲမြင်မိနေတယ်။ ဒါကြောင့် သတိပေး
တာ"

ဟာ... ဒါကတော့ တစ်ဆိတ် လွန်ပြီဖြစ်၏။
သုံးဝကြီးကို မျက်နှာထိ မျက်နှာထားဖြင့် အပြောခံနေရတာက
ရင်ထဲမှာ တနုံ့နုံ့ ဖြစ်နေတာကြောင့် နုနီက ကိုယ့်ရဲ့ကိုယ်ကျင့်
သိက္ခာပိုင်းနဲ့ ဆိုင်နေတာကြောင့် ချက်ချင်းကို ပြန်လည်ချေပရ
တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဘယ်လိုပြောလိုက်တာလဲ။ ကျွန်မက ပေါ့ပျက်လော်လီနေတဲ့ မိန်းမတစ်ယောက်လည်း မဟုတ်ပါဘူး။ ကျွန်မရဲ့ အလုပ်ချိန်မှာ အလုပ်ကို တာဝန်ကျေကျေနဲ့ မခိုမကပ်ဘဲ အလုပ်လုပ်နေတာ အန်တီ အသိပါ။ ကိုမိုးနဲ့ ဆက်ဆံရေးကို အန်တီ အဲဒီလိုတော့ မပြောသင့်ပါဘူး"

"ဟေ့… မင်းကိုလည်း ငါက ဟုတ်ပါတယ် ပြောနေတာမဟုတ်ဘူး။ အန်တီ မင်းကို စေတနာနဲ့ သတိပေးနေတာ။ မိုးသစ်က ဒီလိုကာရိုက်တာမျိုး ရှိတယ်ဆိုတာကို မင်းကိုပြောပြနေတာ။ နုနီအပေါ်ကို အန်တီက စေတနာနဲ့ပြောပြနေတာနော်"

"တောင်းပန်ပါတယ် အန်တီ။ နုနီလည်း ကိုယ့်ရဲ့ကိုယ်ကျင့်တရားကို ထိခိုက်သလို ခံစားလိုက်ရလို့ ရုတ်တရက်ပြောလိုက်မိတာပါ။ ကျွန်မ အဲဒီလိုလူစားမျိုး မဟုတ်ပါဘူး အန်တီ။ အလုပ်ကိစ္စအတွက် အားလုံးနဲ့ အဆင်ပြေ





အောင် ဆက်ဆံပေမယ့် ကျွန်မရဲ့ကိုယ်ကျင့်သိက္ခာနဲ့စိတ်ဓာတ်ကို လုံးဝအထိပါး မခံပါဘူး။ ကျွန်မလည်း သားတစ်ယောက်အမေ မုဆိုးမပါ အန်တီ။ ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ အရည်အချင်းရှိတဲ့အတွက် ဘယ်ယောက်ျားမှ အားကိုးစရာ မလိုပါဘူး"

နုနီရဲ့ခပ်ပြတ်ပြတ် စကားကြောင့် ဒေါ်မြင့်မိုးရည်ာ နုနီကို ခပ်စိုက်စိုက် ကြည့်လိုက်ကာ ခေါင်းညိတ်ပြလိုက်ရင်းာ…

"နုနီရဲ့စိတ်ဓာတ်ကို အန်တီက သဘောကျပြီးသားပါ။ တော်နေတဲ့ သူတစ်ယောက်ဟာ တစ်ခါတစ်ရံမှာ ချော်သွားတာမျိုး ရှိတတ်တယ်။ အဲဒါ ဘယ်အချိန်လဲဆိုတော့ အိမ်ထောင်ရေးကို ရွေးချယ်တဲ့ အချိန်ပဲ…

မင်းအပေါ်ကို အန်တီ စေတနာထားတာ မင်းသိပါတယ်နော်။ အန်တီ မင်းကို မိဘနေရာကနေ မင်းအတွက် စိတ်ပူပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



စေတနာပါဆိုတဲ့ စကားအတွက် နုနီက အပြစ်လို့ မြင်လို့က မရတော့ချေ။ လူကြီးနှင့်လူငယ်ကလည်း ဖြစ်နေပြန် တာမို့ နုနီကပဲ လျှော့ရကာ စေတနာအတွက် ကျေးဇူးစကား ပြန်ဆိုရလေ၏။

"ဟုတ်ကဲ့ပါ အန်တီ။ နီလည်း ရုတ်တရက်ဆိုတော့ စကားပြောရိုင်းသွားတာရှိရင် ခွင့်လွှတ်ပေးစေချင်ပါတယ်"

"ကိစ္စမရှိပါဘူး။ အန်တီကလည်း စိတ်ပူစောသွားတာပါ။ စကားစပ်ရင်းနဲ့ မေးလိုက်ဦးမယ်။ နုနီက နောက်အိမ် ထောင်တွေ ဘာတွေ ပြုဖို့များ စိတ်ကူးရှိလားဟင်။ ဒီ အတိုင်း သိချင်လို့ မေးတာနော်"

အန်တီဒေါ်မြင့်မိုးရည် စကားကြောင့် နုနီကအလိုလို ပြုံးမိသွားသည်။

ဒေါ်မြင့်မိုးရည်ဟာ စိတ်ရင်း စေတနာ ကောင်းတဲ့ အမျိုးသမီး ဖြစ်သလို ပါဆင်နယ်လည်း ဝင်ရောက်စွက်ဖက်တတ် တဲ့စရိုက်လက္ခဏာများ ရှိသလား မပြောတတ်ပါလေ။





ဘယ်လိုပဲဖြစ်ဖြစ် မေးခွန်းရှိလာပြီဆိုတော့ ဖြေဆို ဖို့ရာအတွက် အဖြေကရှိရပြီမို့ နုနီက တစ်သက်လုံးစွာအတွက် တိကျသောအဖြေကို ဖြေလိုက်တော့သည်။

"အဲဒီစိတ်ကူးတော့ လုံးဝမရှိရပါဘူး အန်တီရယ်။ နုနီရဲ့ ဘဝအတွက် အမေရယ် ပြီးတော့ နီ့ရဲ့သားလေးရယ်၊ သူ တို့တွေအတွက်ပဲ စိတ်ထဲမှာ ထည့်ထားပြီး အလုပ်ကို အာရုံစိုက်ဖို့ပဲ ရှိတော့တယ်။ တစ်ပင်လဲ တစ်ပင်ထူတဲ့ ဝါဒီကြီးကိုလည်း မကျင့်သုံးချင်ပါဘူး။ နီ့အမျိုးသား အတွက် တစ်သက်လုံးစာ သစ္စာရှိချင်တာလေ"

"အင်း... ကောင်းလိုက်တာ။ နုနီ အမျိုးသား ကံကောင်း တာပေါ့။ ရန်ကုန်ကပဲလား သူက"

နုနီက အဲဒီမေးခွန်းကြောင့် အန်တီ့ကို အသာလေး ပြန်လည်ငေးကြည့်မိသွားလေသည်။ နီ့အမျိုးသားအကြောင်းကို မေးနေတယ်။ တကယ်ဆို နုနီ ကိုယ်တိုင်လည်း မောင်က အန်တီ့ရဲ့သား ချွန်သားဦးနဲ့ သိပ်တူနေတယ်ဆိုတာကို တအံ့တဩ ပြောပြချင်နေခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… သူက ရန်ကုန်ကပါပဲ"

"ဩော်… ဘယ်လိုတွေ့ကြတာလဲ၊ သူ့မိဘဆွေမျိုးတွေနဲ့ကော နုနီတို့ အခုထိ အဆက်အသွယ် ရှိကြသေးလား"

"တွေ့တာကတော့ နုနီ စာရင်းကိုင်စာမေးပွဲဖြေရင်းနဲ့တွေ့ကြတာပါ။ အဲဒီကနေ ချစ်သူတွေဖြစ် လက်ထပ်ခဲ့ကြတာပေါ့။ သူက အဖေပဲရှိတော့တာလေ။ သူ့အဖေလည်း ရန်ကုန်မှာပဲ။ နီတို့နဲ့လည်း အဆက်သွယ် ရှိပါတယ်"

"အင်… အေးပေါ့လေ။ နုနီတို့ တစ်မြို့တစ်ရွာပြောင်းလာတော့လည်း တစ်မျိုးကောင်းပါတယ်။ စကားပြောင် ရှိသေးတယ် မဟုတ်လား။ တစ်ရွာမကောင်း သူကောင်းမဖြစ်တဲ့။ ကောင်းကောင်း အလုပ်ကြိုးစားပါ။ အန်တီကိုလည်း မိသားစုလို သဘောထားပြီး တိုင်ပင်ပေါ့။ အိမ်ထောင်မပြုဘဲနဲ့ အလုပ်ကို အေးအေးလုပ်ပြီး ဖိမ်ကျကျနေဟုတ်ပြီလား"

"ရှင်… ဟုတ်… ဟုတ်ကဲ့ပါ အန်တီ"





နုနီက တစ်မျိုးတော့ ဆန်းနေသော ခေါ်မြင့်မိုးရည်ကို စိတ်ဆိုးရခက်စွာ ကျေးဇူးတင်စကားဖြင့်သာ ခေါင်းညိတ်ပြ၍ ပြန်ထွက်လာခဲ့သည်။

နုနီအတွက် ဒီကျောက်ဆည်မြို့က ထူးဆန်းမှုတွေကိုသာ ပိုင်ဆိုင်မှု ပေးလေသည်။

✦ ✣ ✦



www.burmeseclassic.com

www.burmeseclassic.com



(၆)

ဒီနေ့က ရုံးပိတ်ရက်ဖြစ်တာမို့ ကျောက်ဆည်မြို့ရဲ့ အထင်ကရဘုရားဖြစ်တဲ့ ရွှေသိမ်တော်ဘုရားကို နုနီတို့သားအမိ နှစ်ယောက် သွားဖူးဖြစ်လေသည်။ မေမေကတော့ အိမ်ဆိုင်**လေး ဖွင့်ထားသည်**ဖြစ်၍ အလုပ်ရနေပြီဖြစ်တာမို့က တစ်ကြောင်း၊ အသက်လည်း ကြီးလာပြီ ဖြစ်တာကတစ်ကြောင်းမို့ သိပ်ပြီး အပြင်ထွက်လည်ချင်စိတ်လည်း မရှိတော့ပေ။

သားကတော့ ဟိုရက်က ချွန်သားဦးနှင့် ဆုံပြီးကတည်းက ဖေဖေ ပြန်လာပြီဟု ယုံမှတ်၍ ပျော်နေရက် ရှက်တရက် ပျောက်သွားပြန်တော့ အရင်လိုပဲ မှိုင်တွေငေးမောကာ ငိုနေပြန်တာမို့ နုနီမှာ သားကျေနပ်အောင် မနည်းကြီးကို ချော့မော့နေ





ရတာပဲဖြစ်သည်။ အခုလည်း ရုံးပိတ်ရက်မို့ သား စိတ်ကျေနပ်ဖို့အတွက် အပြင်ထွက်လည်တာပဲ ဖြစ်သည်။

"မေမေ… ဖေဖေက ဘယ်တော့ ပြန်လာမှာလဲဟင်",

ဘုရားရှိခိုးခါနီးမှာ သားက လက်အုပ်ချီပြီးမှ နုနီကို မေးခွန်းထုတ်တာမို့ နုနီက သားရဲ့ဆံပင်နုနုလေးတွေကို ခပ်ဖွဖွ ပွတ်သပ်ပေးရင်းက…

"ဖေဖေက ခရီးသွားတာလေ သားသားရဲ့။ သားဆီကို မုန့်တွေ အရုပ်တွေ အများကြီး ဝယ်လာပြီး ပြန်လာမှာပေါ့…

ကဲပါ… သားသားက အခု ဘုရားရှိခိုးလေ။ ဩကာသကနေ စဆိုရမယ်နော်။ လိုက်မှာတယ်… မေမေနဲ့ သားနဲ့ အတူတူ ဘုရားရှိခိုးမယ်။ လာ… ဦးတော်"

"သားက ဘုရားရှိခိုးပြီးရင် ဖေဖေ ပြန်လာမယ့်ရက် မြန်မြန်ရောက်ဖို့ ဆုတောင်းမလို့ မေးတာပါ မေမေ"

"သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့စကားကြောင့် နုနီရဲ့မျက်ရည်စတို့က ချက်ချင်းပင် ဝေ့တက်လာကာ ငိုချင်စိတ်ကို မနည်းချုပ်တည်းအောင့်အည်းထားလိုက်ရသည်။ လောကကြီးဟာ ဘာဖြစ်လို့များ နုနီနဲ့ သားလေးကို အထီးကျန် လွမ်းဆွတ်မှုတွေကို ပေးသနားရတာပါလိမ့်။ တကယ်ဆို မောင် ဒီလောကကြီးကနေ ထွက်မသွားသင့်ပေ။ မိသားစုအပေါ်ကို အင်မတန်မှ တာဝန်ကျေ သိတတ်လွန်းတဲ့ မောင်မှ လောကကြီးထဲကနေ စောစီးစွာ ထွက်ခွာခဲ့ရတယ်လို့။

"မေမေ... ဖေဖေသာ သားတို့နားမှာရှိရင် ပျော်စရာကောင်းမှာနော်။ ဟိုနေ့တုန်းကတော့ သားကို ကျောင်းလာကြိုပြီးတော့ နောက်ကျတော့ ဘယ်သွားတာလဲ မသိဘူး"

"သား... မေမေ ပြောပြီးပြီလေကွာ။ သားကို ကျောင်းလာကြိုတာလည်း မဟုတ်ဘူး။ ပြီးတော့ အဲဒါ သားဖေဖေလည်း မဟုတ်ဘူးလေကွာ။ မေမေ ပြောတာကို ယုံပါ သားလေးရယ်။ သားသားက အခုလိုမျိုး စိတ်မကောင်းဖြစ်နေရင် မေမေ ငိုချင်လာပြီ။ လိမ္မာပါတယ် သားရယ်... နော်။ မေမေ ပြောတာကို ယုံပါ။ အဲဒါ သားဖေဖေမဟုတ်ပါဘူး... နော်... သား"

နုနီ စကားကြောင့် သားက လိမ္မာစွာ အမေကိုငဲ့တဲ့အနေဖြင့် ဘာမှ ဆက်မပြောတော့ပေမယ့် ရှုံ့မဲ့မဲ့ မျက်နှာလေးဖြင့် လက်အုပ်လေးချီကာ ဘုရားကို အာရုံပြု၍ ဩကာသ... ဩကာသ ဆိုပြီး ရွတ်နေလေသည်။ သားရယ်... သားမျှော်လင့်သလို သားဖေဖေ ပြန်လာမလားလို့ မေမေလည်း မျှော်လင့်နေရတာပါ ကလေးရယ်။

နုနီက ရစ်ဝဲလာတဲ့ မျက်ရည်စတချို့ကို အသာအယာ သုတ်သုတ်လိုက်ကာ ဘုရားကိုသာ အာရုံပြုလိုက်လာသည်။ မောင့်အတွက် ကောင်းမှုကုသိုလ် အမျှအတန်းပေးဝေကာ ဆုတောင်းဆုပြီးနောက်မှာတော့ နုနီက သားနှင့်အတူ ဘုရားတစ်ပတ်,ပတ်ချင် သားကနုနီဆွဲထားတဲ့ သူ့ရဲ့လက်တွေကို ဖြုတ်ထွက်ရန်းကာ ရှေ့သို့ ဗွတ်ကိုပြေးထွက်သွားတာမို့ နုနီက သားရဲ့အနောက်ကို ပြေးလိုက်ရလေသည်။







www.burmeseclassic.com

www.burmeseclassic.com



"သား... သား... ဘယ်သွားမလို့လဲ"

နနီက သားရဲ့နောက်ကို ခပ်မြန်မြန်လေး ပြေးလိုက်သွားမိလျှင်တော့ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် နနီရဲ့ခြေလှမ်းတို့က တုံ့ခနဲ ရပ်လို့သွားလေသည်။ မောင်...။ နနီရဲ့နှုတ်ခမ်းဖျားက ခပ်တိုးတိုး ခေါ်သံတစ်ခု ထွက်လို့သွားလေသည်။ မသိစိတ်တစ်ခုက အဲဒါ မောင်များလားဆိုတဲ့ အတွေးတို့ဖြင့် မောင့်ဆီ အပြေးလွှား သွားမိချင်ပေမယ့် သိနေတဲ့ အသိစိတ်တစ်ခုဟာ အဲဒါ လုံးဝ မောင် မဟုတ်ဘူးဆိုတာကိုပဲ ဖြစ်သည်။

နနီက သားကိုချီပွေ့ထားသော ချွန်သားဦးကို အဝေးကနေ ငေးလို့ကြည့်မိသွားလေသည်။ သားဟာ တကယ်ပဲ သူ့အဖေဟု ထင်မှတ်မှားရလောက်အောင် သူဟာ မောင်နဲ့သိပ်တူလွန်းနေတာပဲ ဖြစ်သည်။ ဒါပေမဲ့ သူက သူပဲ။ သားနဲ့လည်း သိပ်ရင်းနှီးလို့ မဖြစ်ဘူး။

နနီက ခပ်မြန်မြန်လေးပင် သူတို့ဆီသွားကာ သားကို သွားခေါ်လိုက်သည်။





"သား..."

"မေမေ... သား ဆွေသဟာင်းပြည့်ပြီ။ ဖေဖေ့ကို ပြန်တွေ့ပြီ"

နနီက သားရဲ့စကားကို အရေးမစိုက်ဘဲ ချွန်သားဦးလက်ထဲကနေ သားကို ဆတ်ခနဲ ပြန်ဆွဲယူလျှင် အင်မတန်မှ သတိကြီးလေသော သားဟာ နနီလက်ထဲ ပါမလာဘဲ ချွန်သားဦးလည်ပင်းကို တွဲလွဲခိုထားကာ ချွန်သားဦးဆီမှာပဲ အတင်းတွယ်ကပ်နေတာကြောင့် နနီက သားကို ပြန်ဆွဲကာ...

"သား... မေမေ့ဆီ လာပါ"

"လာဘူး... ဖေဖေနဲ့ပဲ နေမှာ"

သူ့အရှေ့မှာ ဖေဖေဆိုတဲ့ အသုံးအနှုန်းကြောင့် နနီက မျက်နှာပူသွားတာမို့ သားကိုပဲမည်းကာ ဒေါသထွက်ထွက်ဖြင့် ဖွတ်ကိုခေါ်တော့တာဖြစ်၏။

"ရောင်နီ... လာလို့... ပြောနေတယ်လေ"

"မလာဘူး... မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ဟော့… ဒီမှာ… ကလေးကို ဘာဖြစ်လို့ ဒီလောက်ထိ အော်ဟစ်ဆူပူနေတာလဲ။ မင်း,သားက ငါ့ကို ဘာဖြစ်လို့ အဖေချည်း ရှောင်နေတာလဲကွ"

သူက ဖွတ်အတင်း ဆော်နေတဲ့ နုနီကို ရှောင်ဖယ်လိုက်ရင်း မေးလိုက်လျှင် နုနီက သူ့ကို စေ့စေ့ကြည့်လိုက်ကာ ဘေးဖယ်နေဖို့ ပြောလိုက်သည်။

"ကျွန်မသားက ဘာဖြစ်နေတာမှန်းကို မသိတော့ပါဘူး။ ကိုချွန်သားဦးကို ကျွန်မ တောင်းပန်ပါတယ်။ သား… လာပါဆိုကွာ"

နုနီက သားကို ဖွတ်ဆွဲခေါ်လေ သားကရုန်းလေ ဖြစ်နေတာကြောင့် သူက နုနီရဲ့သားကို ခပ်တင်းတင်း ပွေ့ချီကာ နောက်တစ်လှမ်း ဆုတ်လိုက်ရင်း…

"မင်း ဘယ်လိုဖြစ်နေတာလဲ။ မင်း အခုလုပ်နေတဲ့ပုံက ဘေးပတ်ဝန်းကျင်က ငါ့ကို တစ်မျိုးမြင်စေတယ်ကွ။ ရော့… မင်းရဲ့သား"





"အာ… မလိုက်ဘူး။ မလိုက်ဘူး၊ ဖေဖေပဲချီ"

ကလေးက ချွန်သားဦးရဲ့လည်တိုင်ကို ကုပ်တွယ်ကာ၍ မလိုက်ဘူးဘဲ ဖွတ်အော်နေလျှင် သူဟာ သားကိုညှာတာသည့်စွာဖြင့် ခပ်ကြမ်းကြမ်း အော်ပစ်လေသည်။

"ဟော့ကောင်… မင်း ငါ့ကိုကြည့်စမ်း။ ဒီမှာ… မင်း ငါပြောတာ သေချာနားထောင်စမ်း။ ငါ မင်းအဖေ မဟုတ်ဘူး။ နောက်တစ်ခါ မင်း ငါ့ကို အဖေ အဖေနဲ့ ခေါ်လို့ကတော့ မင်းနဲ့ငါ အတွေ့ပဲ။ ရော့… သွားစမ်း မင်းအမေဆီ"

"သား… သားလေး"

အင်မတန်မှ ရိုင်းစိုင်းလှသော သူဟာ တော်တော့အကြင်နာတရား ကင်းမဲ့လှစွာ ကလေးကို ကြောက်လန့်အောင်ပြော၍ ဆောင့်ခနဲ နုနီရဲ့လက်ထဲသို့ အညှာအတာမဲ့စွာ ထည့်သွား၍ ခပ်ပြင်းပြင်း တောက်ခေါက်သံတစ်ခုနှင့်အတူ ထွက်လို့သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နုနီဟာ သူ့ကို ဒေါသဖြစ်လွန်းစွာဖြင့် အသားတွေ
တောင် တုန်လာ၏။ ဒါပေမဲ့ နုနီ သူ့ကို ဘာပြုသနာမှ မ
နိုင်ပေ။ သားဟာ နုနီရဲ့လက်ပေါ်မှာ တွေတွေကြီး ချွန်သားဦး
လှမ်းကြည့်နေကာ မျက်ရည်တွေ တစ်လုံးချင်း ကျလာတာမို့ နု
ရဲ့စိုးရိမ်စိတ်က ငယ်ထိပ်ဆောင့်တက်ကာ သားကို ခါးတစ်ခွင်မှာ
ပွေ့ချီရင်း သားရဲ့ပါးနှစ်ဖက်ကို ခပ်တင်းတင်းညှစ်၍ လှုပ်ယမ်း
ကာ သားကိုခေါ်ရသည်။ သားဟာ တွေတွေကြီး ငိုနေတဲ့မျက်ရည်
တွေဖြင့် ငြိမ်နေတာမို့ သားရဲ့စိတ်မှာ ဒဏ်ရာရသွားပြီဆိုတာ သိ
ရကာ သားကိုသာ စိုးရိမ်တကြီး ခေါ်နေမိတော့သည်။

✦ ✤ ✦





"ကလေးရဲ့ရင်ထဲမှာ အကြောက်တရားတွေ သိပ်များသွား
လို့ ရုတ်တရက် အသံမထွက်တော့တာပါ"

ကြားလိုက်ရတဲ့ သတင်းစကားကြောင့် နုနီရဲ့မျက်
ရည်တွေက ဝဲတက်လာကာ ဘေးတစ်ဖက်သို့တောင် ယိုင်ကျသွား
တော့ ဖြစ်သွားတာမို့ မေမေက အလျှင်အမြန် ဆီးထိန်းပေးရ
သည်။ သားလေး... နီ့ရဲ့သားလေး။

"ဆရာ... ဆရာ... သား... သားက ပြန်ကောင်းနိုင်ပါ့
မလားဟင်။ ပြော... ပြောပါဦး ဆရာ"

နုနီက ဆရာဝန်ကို တုန်လှုပ်ချောက်ချားစွာဖြင့်မေး
လိုက်လျှင် ဆရာက နုနီကို ကရုဏာသက်စွာကြည့်၍ နှစ်သိမ့်
ဆေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းကြီးတော့ စိတ်မပူပါနဲ့။ အခိုက်အတန့် ဖြစ်[...] တာမျိုးပါ။ စိတ်ထဲမှာ ပြင်းပြင်းထန်ထန် ခံစားလိုက်[...] များတဲ့အခါမျိုးမှာ ရှော့ခ်ဖြစ်ပြီး အသံပျောက်သွား[...] သဘောပါ။ ဆေးကုသမှု မှန်မှန်လေး ခံယူရင် အသံပြ[...] ထွက်လာမှာပါ။ လုံးဝကြီး အသံပျောက်ဆုံးသွား[...] မဟုတ်ပါဘူး။ စိတ်မပူပါနဲ့။ ကျွန်တော်တို့လည်း အစ[...] ကုန် ကုသပေးပါမယ်။ စိတ်အေးအေးထားပါ"

"ကျွန်... ကျွန်မ သားလေးကို ကယ်ပေးပါ ဆရာရ[...] ကျွန်မဘဝက သားလေးပါ"

"စိတ်အေးအေးထားပါ ခင်ဗျာ။ ဒီက ညီမရဲ့သား[...] အမြန်ဆုံး ပြန်ကောင်းလာမှာပါ"

ဆရာဝန်ဆီက အဲဒီစကားကြားရသော်လည်း န[...] ရင်ထဲမှာတော့ မီးဟုန်းဟုန်းတောက်အောင် ပူလောင်ပြင်းရှ[...] တာပဲဖြစ်သည်။ သား... သားလေးဟာ ချွန်သားဦးရဲ့ ရက်[...] ပြင်းထန်လွန်းတဲ့ စကားကြောင့် အင်မတန်မှ ထိခိုက်ခံစား[...]





ရတာ မျက်ရည်တွေသာ ပိုးပိုးပေါက်ပေါက်ကျ၍ ငိုသံလုံးဝထွက် မလာတာမို့ နုနီဟာ ထိတ်လန့်စွာ ဆေးရုံပြေးရလျှင် သားဟာ သတိခဏလစ်ကာ နိုးလာချိန်မှာ လုံးဝစကားမပြောနိုင်တော့ချေ။ နုနီရဲ့ရင်တွေ ကွဲအက်ရအောင်ကို ထိခိုက်ခံစားရကာ လှုပ်တောင် မလှုပ်နိုင်တော့ချေ။

"ဆရာရယ်... ကျွန်မမြေးလေး တကယ်ပဲ ပြန်ကောင်း နိုင်ပါတယ်နော်။ ကျွန်မမြေးလေးကို ကယ်ပါနော်"

"ကျွန်တော် ပြောတာကို ယုံပါ အန်တီရယ်။ စိတ်မပူပါ နဲ့"

"အဲဒါတွေ အားလုံးဟာ ဟိုလူယုတ်မာကြောင့်။ ငါ သူ့ကိုသွားသတ်မယ်"

နုနီရဲ့ဒေါသစိတ်တွေဟာ တွေးလေလေ တရိပ်ရိပ် တက်လာလေလေမို့ ဟိုလူယုတ်မာကို သတ်ချင်စိတ်ဖြင့် ခြေလှမ်း အပြင်မှာ ခေါင်းတွေဟာ ချာချာလည်ယမ်း၍ အိုးထိန်းစက်ပမာ လည်ထွက်ကုန်ကာ ယိုင်လဲကျသွား၍ ကျန်တာတွေ ဘာမှမသိ တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး... နုနီ"

"ဟာ... ညီမ..."

ခေါ်သံတွေဟာ မပီပိုးတဝါးဖြစ်၍ ပစ်လဲကျသွားလေသည်။ နုနီ အမြင်လောကတစ်ခုကို ရောက်လို့သွားလေသည်။ အဲဒီမှာ အင်မတန်မှ နူးညံ့ကြင်နာမှုရှိသည့် မောင်နှင့် ဆုံလေသည်။ နောက်ပြီးတော့ အင်မတန်မှကို ရက်စက်ကြမ်းကြုတ်လေသော မောင်နဲ့ သိပ်တူလွန်းနေတဲ့ ချွန်သားဦးကိုလည်း တွေ့သည်။ နုနီရဲ့အိပ်မက်ထဲမှာ ရုပ်ချင်းသိပ်တူလွန်းပြီး စိတ်ဓာတ်တွေချင်း သိပ်ခြားလွန်းအားကြီးနေတဲ့ သူနှစ်ယောက်ကို နုနီရဲ့တစ်ဖက်တစ်ချက်စီမှာ မြင်တွေ့နေရတာဟာ မွန်းကျပ်လွန်းအား ကြီးနေလွန်းသောကြောင့် မျက်လုံးကို စုံမှိတ်ကာ အာခေါင်ခြစ် အော်ပစ်မိလိုက်သည်။

"အား"

"သမီး... သမီး... သတိရပြီလား"





နုနီရဲ့မျက်လုံး ပြန်အဖွင့်မှာ နုနီအပေါ်ကို အုံ့မှိုးကြည့်နေတဲ့ မေမေ့မျက်နှာကို မြင်လိုက်ရမှ နုနီ အိပ်မက်က နိုးထလာခဲ့ပြီဆိုတာ သဘောပေါက်ရသည်။ နလုံးခုန်သံတွေဟာ တဖောက်ဖောက် မြည်နေ၍ ခေါင်းထဲမှာ အရင်ဆုံး အပြေးရောက်လာတာကတော့ သားကိုပဲ ဖြစ်သည်။

"မေ... မေမေ... သားကောဟင်။ သားလေးကော"

"စိတ်ကို အနားပေးပါ ညီမ။ ညီမသားလေး အခြေအနေကောင်းပါတယ်။ ဒီအချိန်မှာ မိခင်ဖြစ်တဲ့ ကိုယ်ကိုယ်တိုင်က ဖြိုလဲမယ်ဆိုရင် ညီမရဲ့သားလေးက ပိုဝမ်းနည်းနေတော့မှာပေါ့။ စိတ်ကို ကြံ့ကြံ့ခိုင်ထားပါ ညီမ"

ဘေးနားက ဆရာဝန်ရဲ့စကားကြောင့် နုနီက မျက်ရည်တွေကြားမှ ဆရာဝန်ဘက်ကို လှည့်ကြည့်မိလိုက်ရင်းက ခေါင်းအသာညိတ်ပြလိုက်သည်။ ဆရာပြောသလိုပဲ နုနီရဲ့စိတ်ဓာတ်တွေ ကြံ့ခိုင်နေရမယ်လေ။

"ကျေးဇူးတင်ပါတယ် ဆရာလေးရယ်။ အဒေါ်ရဲ့သမီးလေးနဲ့ မြေးလေးကို ကယ်တင်ပေးတာ ကျေးဇူးကြီးလှပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး အန်တီရယ်။ ဒါ ကျွန်တော့်ရဲ့အလုပ်ပါ။ ဘာမှလဲ စိတ်အားမငယ်ပါနဲ့ ခင်ဗျ။ လိုအပ်တဲ့ အကူအညီ ရှိရင်လည်း ပြောပါ။ ကျွန်တော် ကူညီပေးပါ့မယ်။ ညီမ လည်း ကလေးအတွက် ဘာမှစိတ်မပူပါနဲ့"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကျေးဇူးပါ ဆရာရယ်။ ဆရာလေးရဲ့နာမည်"

"ဪ… ကျွန်တော် ဒေါက်တာအံ့သူရိန်ပါ။ ဒီဆေးရုံ မှာပဲ ကျွန်တော် အမြဲတမ်း ရှိပါတယ်။ အချိန်မရွေး ကျန်းမာရေးနဲ့ ပတ်သက်ရင် လာလို့ရပါတယ်"

နနီက ဆရာရဲ့မိတ်ဆက်စကားကို မျက်ရည်တွေ ကြားမှသာ ခေါင်းညိတ်ပြနိုင်လိုက်သည်။ ဘယ်လောက်ပဲ စိတ် လျှော့ပါပြောပြော ပွက်ပွက်ဆူနေသော စိတ်တစ်ခုဟာ ကျည်ဆန် တစ်ခုလို သေနတ်ပြောင်းထဲမှထွက်ကာ သေစေချင်သော ရဲရဲ တောက်စိတ်တို့ဖြင့် မငြိမ်းချမ်းနိုင်ပေ။

✦✤✦





(၇)

ပါးတစ်ဖက်ဟာ ရုတ်တရက် ပူလောင်မှု စပ်ဖျဉ်းမှု တို့ဖြင့်အတူ မျက်နှာဟာလည်း လည်ထွက်သွားလျှင် သူဟာ နာကျင်ခံပြင်းဒေသတို့ဖြင့်အတူ ပြန်လည်တုံ့ပြန်ဖို့အတွက် ဒေါသ အရှိန်ထရုံပဲရှိသေး မေမေက ဒေါသတကြီးပင် သူ့ကိုရိုက်ခဲ့တဲ့ ပါးတစ်ချက်အတွက် နနဦသွေးကိုဆွဲကာ တစ်ချက်ရိုက်ပစ်၍ လက်တုံ့ပြန်လိုက်လျှင် သူ့လက်အစုံဟာ တုံ့နေးသွားရသည်။

"မင်း ရိုင်းလှချည်လား နနီသွေး။ မင်းကများ ငါ့သားကို ရာရာစစ။ အိမ်ပေါ်ထိ တက်ပြီးတော့…။ မင်းကို ငဲ့ပိုင် မှယ်"



www.burmeseclassic.com

www.burmeseclassic.com



သားကိုထိရင် ဘယ်လိုနှလုံးသားနဲ့မှ သည်းမခံနိုင်သော မေမေဟာ သူ့ဒေါသတောင် မပေါက်ကွဲရသေးခင်မှာ မေမေနှင့် နုနီသွေးတို့က တည်ကြတာပဲဖြစ်သည်။

"အန်တီ့သားထိလို့ ကျွန်မကို အန်တီ ရိုက်လိုက်သလို ကျွန်မလည်း ကျွန်မရဲ့သားထိလို့ အန်တီ့သားကို လာသတ်တာ"

"ဘာ... မင်း ဘာပြောတာလဲ"

"အခု အန်တီ့သား ချွန်သားဦးဆိုတဲ့ လူယုတ်မာကြောင့် ကျွန်မရဲ့သားလေး စကားမပြောနိုင်တော့ဘူး။ သူ့ကြောင့် သူ့ကို ကျွန်မသတ်မယ်"

နုနီသွေးက သူ့ဘက်သို့လှည့်ကာ ဆပ်မံလက်ရွယ်လေလျှင် သူဟာ နုနီသွေးရဲ့လက်ကို ခပ်ငင်းတင်း ဆုပ်ကိုင်ဖမ်းလိုက်လျှင် သူမဟာ နာနေတဲ့ ကျားသစ်တစ်ကောင်လို သူ့ကို မာန်ဖီ၍ အတင်းပြန်ရုန်းနေလျှင် မေမေ့ဆီက အထိတ်တလန့်တားမြစ်သံက ထွက်လို့လာလေသည်။





"သား... လက်လွှတ်လိုက်စမ်း။ နုနီသွေး... မင်း ငါ့ကို သေချာပြန်ပြောစမ်း။ အခု ဘာဖြစ်တာလဲ။ ကိစ္စတစ်ခုကို ဒေါသနဲ့ မဖြေရှင်းပါနဲ့။ ဘာဖြစ်တာလဲဆိုတာ အန်တီ့ကို သေချာပြော။ သားဦး... မေမေ လွှတ်လိုက်လို့ ပြောနေတယ်လေ"

သူက မေမေ့ရဲ့တားမြစ်သံကြောင့် မလွှတ်ချင်ပေမယ့် လွှတ်ပေးလိုက်ရတာမို့ ဒေါသတကြီးဖြင့် တောက်ခေါက်မိသွားလေသည်။ မေမေဟာ နုနီသွေးရဲ့ ပခုံးတွေကို ဆွဲကိုင်လှုပ်ယမ်း၍ ခပ်သွက်သွက် မေးခွန်းထုတ်တော့တာပဲဖြစ်သည်။

"ပြော... မင်း သေသေချာချာ ငါ့ကိုပြော။ ဘာဖြစ်တာလဲ"

"ဒီလူ... အန်တီ့ရဲ့သား လူယုတ်မာ။ ကျွန်မရဲ့သားလေးက သူ့ကို သူ့အဖေနဲ့တူလို့ အဖေလို့ ခေါ်မိတာလေးအတွက် အကြင်နာတရားမဲ့စွာ လူမဆန်အောင် ကလေးကိုပြောတာ။ သူ နာကြည်းအောင်ပြောတဲ့ စကားတွေကြောင့် ကျွန်မသား



www.burmeseclassic.com

www.burmeseclassic.com



လေးက စိတ်အကြီးအကျယ်ထိပြီး အသံထွက်မလာတော့ဘူး။ သူ စကားမပြောနိုင်တော့ဘူး...

ကျွန်မ အန်တီ့သားကို သတ်ပစ်မယ်"

ကြားလိုက်ရတဲ့ စကားတွေဟာ အမေ့ကိုကော သူ့ကိုပါ အထိတ်တလန့် အံ့အားသင့်စေတာပဲဖြစ်သည်။ ဟို ချာတိတ်လေးက စကားမပြောနိုင်တော့ဘူး။

သူ ကလေးကို ကြောက်သွားအောင် ဘာရယ်မဟုတ် ပြောမိလိုက်တဲ့ စကားက ချာတိတ်ကို အဲဒီလောက်တောင် ဖြစ်သွားတယ်။

"အ... အခု... ကလေးက... စကားမပြောနိုင်တော့ဘူး ပေါ့... ဟုတ်... ဟုတ်သလား နန္ဒီ"

"ဟုတ်တယ်။ သားရဲ့အသံတွေ လုံးဝပျောက်ဆုံးသွားပြီ။ ကျွန်မ ဒီလူ့ကိုသတ်မယ်"

"နန္ဒီ... နန္ဒီ... မလုပ်ပါနဲ့... မလုပ်ပါနဲ့။ အန်တီ တောင်းပန်ပါတယ်"





သူ့ဆီသို့ ဒေါသတကြီးဖြင့် တိုးဝင်လာသော နန္ဒီသွားက မေမေက တားမြစ်၍ ချုပ်ထားရင်း ခွင့်တောင်းပန်နေဘာ သူ့ကိုလည်း လှမ်းအော်ပြောလေ၏။

"သား... မင်း အပေါ်မှာ ခဏသွားနေစမ်း။ ဟဲ့... ငါ ပြောနေတယ်လေ။ သွား"

မေမေက အပေါ်ကို အတင်းပြန်တက်နိုင်းတာကြောင့် သူဟာ စိတ်ရှုပ်ထွေးမှုကို သက်ပြင်းချရင်း အပေါ်တက်ဖို့ပြင်ချင် ဒေါတကြီးဖြင့် ဆီးဝင်လာသော စကားတွေကြောင့် သူ့ခြေလှမ်းတွေက တုံ့ခနဲ ဖြစ်သွားရလေသည်။

"လူမဆန်တဲ့ကောင်။ စိတ်ဓာတ် ယုတ်မာနိမ့်ဖျင်းတဲ့ကောင်။ နင့်ကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ လူယုတ်မာရဲ့"

သူ့ရဲ့နားစည် ပွင့်ထွက်မတတ် ဆီးဝင်လာသော စကားတို့ဟာ စိတ်တွေ လေးလံနေတဲ့ သူ့စိတ်တွေကို ပုတ်နှိုးလိုက်သလိုဖြစ်ကာ ဒေါသသွေးအဟုန်ဟာ ဟုန်းခနဲ တောက်လောင်ကာ လှည့်သွားတော့မယ့် သူ့ခြေလှမ်းတွေဟာ နန္ဒီသွေး



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ပြန်လည်ဦးတည်လာခဲ့မိသည်။ စိတ်ထဲမှာ အဲဒီလောက် အထိသော စကားလုံးတွေဟာ သူ့ကို ဘယ်မိန်းကလေးကမှ မပြောခဲ့ဖူးချေ။ သူ့ဘဝမှာ ဆိုးဖူးတယ်ဆိုတာ မှန်ပေမယ့် မိန်းမ တစ်ယောက်ဆီက အဲဒီလိုမျိုး သေးသိမ်ညံ့ဖျင်းတယ်ဟု သတ် မှတ်ခံရတဲ့အဆင့်ထိ ရောက်သွားတာကတော့ ဘယ်လိုမှကို ခံစား လို့မရတော့ချေ။

သားဦးဟာ နာကြည်းခံပြင်းသော ဒေါသစိတ်တို့ နှင့်အတူ နန်းနီသွေးကို စေ့စေ့ကြည့်ကာ...

"မင်းစကားကို ပြင်လိုက်စမ်း နန်းနီသွေး။ ငါ အယုတ်တမာ မဟုတ်ဘူး။ မင်းရဲ့သားကို ငါနဲ့ပတ်သက်မှုကင်းအောင် ငါပြောလိုက်တာပဲရှိတာ။ ငါ လုံးဝမယုတ်မာခဲ့ဘူး"

"လူယုတ်မာ... နင့်ကြောင့်..."

နန်းနီသွေးဟာ မေမေချုပ်ထားတဲ့ကြားမှ ရုန်းထွက် ရင်း သူ့ပါးကို ထပ်မံရိုက်လိုက်တာမို့ အားလုံးဟာ လှုပ်လှုပ်ရှား ရှားတွေ ဖြစ်ကြကာ သူ့ကိုကော နန်းနီသွေးကိုပါဆွဲ၍ လူစုခွဲကြ လေသည်။





သူ့ကိုနာကျင်စေသော နန်းနီသွေးကို သူဟာ ဒေါသ ဖြစ်လွန်းလှသော အငြိုးတို့ဖြင့် စိတ်ထဲမှာ ဘယ်လိုမှ နုတ်မရ တော့ပေ။ သူ့ကြောင့် သူမရဲ့သား ထိခိုက်တာအတွက် သူခံစား ရတာထက် ပိုစွာသော အမုန်းတရားက နင့်နေအောင် ရင်ကိုစူး စေ၏။ သူ့အိမ်ပေါ်ထိတက်ကာ နာကျင်မှုတွေ သိမ်ဖျင်းနိမ့်နဲ့စွာ အပြောခံရမှုတို့အတွက် သူဟာ ဒေါသဖြစ်လွန်း၍ နှုတ်ခမ်းတွေ ကို တင်းမာစွာ ဖိကိုက်ထားလိုက်တော့သည်။

✦ ✣ ✦



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေသော နုနီအတွက် နားထဲမှာ ခေါ
သေးသေးလေးတစ်ခုက မပီတပီလေး ဝင်လာသောအခါ သားမျ
လားဟု ထင်မိသွားကာ ဆတ်ခနဲ ခေါင်းထောင်ထကြည့်လိုက်
လျှင် သားက ခုတင်ပေါ်မှာ အိပ်ပျော်နေဆဲ။ နုနီက သနားစ
ကောင်းလွန်းသော သားလေးကိုကြည့်ကာ စိတ်မကောင်းဖြစ်စိ
ဖြင့် သားလေးနဖူးကို ခပ်ဖွဖွ နမ်းလိုက်လျှင် သားရဲ့မျက်ဝ
လေးတွေက ခပ်လှုပ်လှုပ် ဖြစ်လာကာ မျက်လုံးအသာဖွင့်ကြ
၏။

"သား... သားလေး နိုးပြီလား။ အိပ်ရေးဝရဲ့လား သားလေ
ဟင်"





နုနီရဲ့ကြင်နာစွာသော မေးခွန်းအတွက် သားဟာ နုနီကို စိုက်သာကြည့်နေ၍ ဘာမှပြန်မပြောချေ။ နုနီဟာ ရင်ထဲမှာ ဆို့နင့်လို့ သွားလေသည်။ တွတ်တီးတွတ်တာဖြင့် ချက်ချာစွာ စကားပြောတတ်တဲ့သားဟာ အခုကျတော့ဖြင့် လုံးဝကိုမပြောချေ။ နုနီက သားရဲ့ဆံပင်လေးတွေကို အသာပွတ်သပ်ပေးရင်းက သားကို ထပ်ဖျောင်းဖျရ၏။

"သား... သားလေး... မေမေ့ကို ချစ်တယ်မှလားဟင်၊ မေမေကို ချစ်တယ်ဆိုရင် သားသား မေမေလို့ ခေါ်ကြည့်ပါ သားလေးရယ်။ နော်... သားသားနော်။ အသံလေး ထွက်ကြည့်... နော်"

နုနီက သားဆီက ခေါ်သံလေးတစ်ခု ကြားရဖို့အတွက် မျက်ရည်တွေဝဲကာ မျှော်လင့်တကြီးဖြင့် သားကိုတောင်းဆိုလိုက်လျှင် သားဟာ နုနီမျက်နှာကို စေ့စေ့ကြည့်ရင်းက မေမေဟု ထွက်ဖို့အတွက် အားပြုရှာ၏။ မေမေဟု ပါးစပ်လှုပ်ပေမယ့် အသံက ထွက်မလာတာကြောင့် နုနီက ငိုချင်သွားပေမယ့် သား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့စိတ်ခါတ်တွေအတွက် စိတ်ကိုတင်းလိုက်ကာ သားရဲ့ပါးလေးကို နမ်းလိုက်ရင်းက အာရုံလွှဲပေးလိုက်ရသည်။

"သားက သိပ်လိမ္မာတာပဲ။ သားသား... မေမေ သားအတွက် အရုပ်တွေ ဝယ်ထားတယ်။ ဒီမှာကြည့်စမ်း... သား ကြိုက်လား"

သားက နနီ အာရုံလွှဲပေးသော်လည်း ဘာမှ အာရုံမရောက်ဘဲ အရယ်အပြုံးအမဲ့ ကင်းသော မျက်နှာလေးဖြင့် နနီကို တွေတွေကြီးသာ စိုက်ကြည့်လို့နေ၏။ နနီဟာ ရင်ထဲမှာနာကျင်လွန်းရ၍ ကျလာမယ့် မျက်ရည်တွေအတွက် စိတ်ကိုဖွဲ့တင်းထားရတာပဲဖြစ်သည်။

ဖြစ်မှ ဖြစ်ရလေ သားသားရယ်။

စိတ်နနယ်တဲ့ ကလေးရဲ့ရင်ထဲမှာ အကြောက်တရားတို့ ကိန်းဝပ်နေတာဟာ လောလောဆယ်မှာ ဘယ်လိုမှ နည်းထုတ်ပစ်လို့ မရတာကြောင့် သားကိုကြည့်ကာ ဖြေမဆည်နိုင်အောင် ဝမ်းနည်းနေရတာကလွဲလို့ ဘာမှလဲ မတတ်နိုင်ချေ။ နနီ





ရဲ့ကံတရားဟာ သိပ်ဆိုးဝါးလွန်းနေခဲ့လို့များ နနီ သိပ်ချစ်ရတဲ့သူတွေကို ထိခိုက်စေရသလားဟု တွေးမိကာ မျက်ရည်တွေက တလိမ့်လိမ့် ကျလာလျှင် သားကို မမြင်စေချင်တာကြောင့် နနီက သားကို ရင်ခွင်ထဲထည့်ကာ ဖက်ထားလိုက်မိသည်။

သား မမြင်ပေမယ့် နနီရဲ့မျက်ရည်တွေကို အဝေးကနေ လှမ်းကြည့်နေတဲ့ သားဦးက စိတ်တွေမွန်းကျပ်ကာ လေပူမှုတ်ထုတ်မိသည်။

ချာတိတ်ဟာ တကယ်ကိုပဲ စကားမပြောနိုင်တော့တာကို မြင်မိလျှင် သူလည်း မျက်ရည်ဝဲရလောက်အောင်ကို စိတ်မကောင်းက ဖြစ်သွားရတာပဲ ဖြစ်သည်။ ဒီကလေးဟာ သူ့ကိုမှဘာလို့ အဖေခေါ်နေရတာလဲ။

"မောင်သားဦး"

ခေါ်သံတစ်ခုက သူ့နောက်အနား ရောက်လာသောအခါတွင်တော့ သူက လှည့်ကြည့်မိလျှင် နနီသွေးရဲ့မိခင် ဖြစ်လို့နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက အဒေါ်ကို မြင်လိုက်လျှင် သေချာပေါက်ကို အဖြေရှာမတွေ့နိုင်တဲ့ ပုစ္ဆာရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်ပေးနိုင်ဖို့အတွက် အားကိုးတကြီးပဲ ကြည့်လိုက်မိလေသည်။

✦ ✤ ✦





ချစ်တယ်ကတော့ ပြောကြတာပါပဲ။

ပါးစပ်က ပြောတာနဲ့

ရင်ဘတ်ကပြောတာပဲ ကွာတာ။

✦ ✤ ✦



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"



(၈)

ချွန်သားဦးဟာ ကိုယ်ကြည့်မိနေတာဟာ မှန်တစ်ချပ်များ ဖြစ်နေမလားဆိုတဲ့ သံသယစိတ်ဖြင့် အနီးကပ်ကိုထပ်မံ ဆွဲယူကြည့်လိုက်မိသည်။ အဲဒါဟာ မှန်တစ်ချပ်လည်း မဟုတ်ခဲ့သလို ပုံတူပန်းချီတစ်ခုလည်း မဟုတ်ပေ။ အဲဒါဟာ သူ မဟုတ်တာ သေချာသည့် တခြားတစ်ယောက်ရဲ့ ဓာတ်ပုံဖြစ်လေသည်။

သူ မဟုတ်တာ သေချာပါသော်လည်း အဲဒါ သူပါလို့ ပြောနိုင်လောက်အောင်ကို ဆင်တူနေတဲ့သူ ဖြစ်နေခြင်းကြောင့် သားဦးက အံ့ဩတကြီးဖြင့် အဒေါ်ကိုကြည့်ကာ မေးရလေသည်။

"ဒေါ်လေး... သူ... သူက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က မောင်မောင်တဲ့။ နုနီရဲ့ယောက်ျား။ မြေးလေး ရောင်နီရဲ့ အဖေပေါ့"

ဟား... နုနီသွေးရဲ့ယောက်ျားတဲ့။ သားဦးဟာ ဓာတ်ပုံကို ကြည့်ရင်းကမှ သူ့မျက်နှာသူ လက်ဖြင့်ပြန်စမ်းကြည့်ကာ...

"ကျွန်... ကျွန်တော်နဲ့ ဘာလို့ဒီလောက်တောင် တူနေရတာလဲ"

"အဲဒီအဖြေကို အဒေါ်တို့ကိုယ်တိုင်လည်း သိပ်သိချင်နေခဲ့တာ။ ရောင်နီလေးက မင်းကို ဘာလို့ 'အဖေ'လို့ လိုက်ခေါ်နေရတယ်ဆိုတာ မင်း နားလည်ပြီပေါ့နော်။ သူ့အဖေနဲ့ သိပ်ကို လက်ပွန်းတတီး ရှိခဲ့တဲ့ မြေးလေးက သူ့အဖေ ဆုံးသွားတာကို သူ သေချာမသိရှာသေးဘူး။ သူ့စိတ်ထဲမှာ အဖေ ပျောက်သွားတယ်။ ခရီး ထွက်သွားတယ် ဒီလိုပဲ ထင်ခဲ့တာ...





မောင်မောင်နဲ့ သိပ်ကိုတူလွန်းတဲ့ မင်းကို ရောင်နီ မပြောနဲ့။ မင်း အဒေါ်တို့အိမ်ကို လာသောင်းကျန်းတဲ့နေ့တုန်းကဆို ဘာမှပြန်မပြောနိုင်အောင်ကို အံ့သြခဲ့ရတာ"

"ဟာ... ကျွန်တော်နဲ့သိပ်တူလွန်းနေတယ်ဗျာ။ အမြွှာတွေများ ဖြစ်နေမလား"

"အဲဒါတော့ မဟုတ်လောက်ဘူးလို့ အဒေါ်ကတော့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းမျက်နှာကို ကြည့်တာနဲ့ ငယ်သေးမှန်း သိသာပါတယ်။ ဆုံးသွားတဲ့ နုနီ ယောက်ျား မောင်မောင့်အသက်က နှစ်ဆယ့်ခုနစ်လေ။ နုနီထက် နှစ်နှစ်ကြီးတယ်"

"ကျွန်တော်က နှစ်ဆယ့်လေးနှစ်ဗျ"

"အဲဒါ ပြောတာပေါ့။ အမြွှာမဖြစ်နိုင်ဘူးလေ။ ဘာဖြစ်လို့ တူနေတာလဲ ဆိုတာတော့ စဉ်းစားရခက်တယ်။ မင်းနဲ့ မောင်မောင် ရုပ်သိပ်တူနေတာကြောင့်ပဲ အခုလိုမျိုး မဖြစ်သင့်တာတွေ ဖြစ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



နုနီအမေက မြေးဖြစ်သူအတွက် စိတ်မကောင်းဖြစ်ရှာ မျက်ရည်ကျလာလျှင် သူလည်း တကယ်ပဲ ရင်ထဲမှာဆို့နင့်ကြေကွဲရလေသည်။ ဟိုကလေးက အပြစ်ကင်းမဲ့စွာ သူချစ်ရတဲ့ အမေအမှတ်နဲ့ သူ့ဆီရောက်လာတာကို သူကတော့ လူကြားထဲ အမေအခေါ်ခံရတဲ့ ရှက်စိတ်နှင့် ကြောက်သွားအောင် စကားလုံးတွေဖြင့် ဟန့်ခဲ့သည်။

သူ့စကားတွေဟာ ကလေးအတွက်တော့ ဖခင်ဆီကရရှိတဲ့ ကြမ်းကြုတ်ရက်စက်မှုအဖြစ် သတ်မှတ်ကာ စိတ်ဒဏ်ပိ၍ အသံပျောက်သွားတဲ့အထိကို ဒဏ်ဖြစ်စေခဲ့ပြီဖြစ်သည်။ သူ့ရဲ့အပြစ်ဟာ ဆေးကြောဖို့ မလွယ်ကူလောက်အောင်ကို ကြီးလေးခဲ့ပြီ ဖြစ်လေသည်။

"ကျွန်တော်... ကျွန်တော် ဘယ်လိုစကားလုံးမျိုးတွေနဲ့ တောင်းပန်ရမှန်းတောင် မသိတော့ပါဘူးဗျာ။ ရောင်နီ သနားစရာ ကောင်းလိုက်တာ။ ကျွန်တော် ကိုယ်တိုင်လည်း ဖတဆိုးမို့ ကျွန်တော် ကိုယ်ချင်းစာစိတ်လေးသာ ရှိခဲ့ရင် သူ အဲဒီလိုဖြစ်မှာ မဟုတ်ဘူး"





"ဒီအချိန်မှာတော့ ယူကျုံးမရ ဖြစ်မနေပါနဲ့တော့။ အဒေါ် မောင်သားဦးရဲ့အကြောင်းတွေ ဖွင့်ပြောပြတာကို သမီးနုနီ သိသွားရင် အဒေါ့်ကိုတောင် စိတ်ဆိုးသွားလိမ့်မယ်။ ဒါပေမဲ့ အဒေါ်ဘက်က ပြောသင့်ပြောထိုက်တာကို ပြောပြလိုက်တာဟာ မင်းနဲ့သမီး နုနီကြားက ရန်ငြိုးတွေကို မကြီးထွားစေချင်လို့ပဲ။

အဒေါ် တောင်းပန်ပါတယ် မောင်သားဦးရယ်။ အဒေါ့်သမီးနဲ့မြေး မမြင်နိုင်မယ့် နေရာမျိုးမှာ မောင်သားဦး ရှိမနေပေးပါနဲ့။ အဒေါ် တောင်းပန်တာပါ။ မင်းကို သူတို့သားအမိ မြင်တိုင်းမှာ နာကျင်ထိခိုက်ရမှာချည်းပါပဲ။ ဒါကြောင့်မို့ မောင်သားဦးဘက်က အလျှော့ပေးပေးပါလို့ တောင်းပန်ပါရစေကွယ်"

ဒေါ်လေးရဲ့စကားဖွေဟာ သူ့ရင်ထဲကို စူးစူးနစ်နစ် စိုက်ဝင်ကာ တကယ့်ကိုပဲ ခံစားရစေတာဖြစ်သည်။ အစက သူထင်ခဲ့တာဟာ သူလုပ်ခဲ့တဲ့ အမှားဟာ သေးသေးလေးလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့တာဖြစ်သည်။ ဒါပေမဲ့ အခုကျတော့ သူမှားတဲ့ အမှားဟာ ဘဝနဲ့တောင်ချီ မှားသွားတာ ဖြစ်သည်။

သူ့မျက်နှာနှင့်မှ ချွတ်စွပ်လာတူနေရတဲ့ နုနီသွေးရဲ့ခင်ပွန်း မောင်မောင် ဆိုတဲ့သူဟာ ဘာလို့ သူ့မျက်နှာကို ပိုင်နေရတာလဲ။ သူနှင့် မောင်မောင် ဘာပတ်သက်လဲ။ နောက်ပြီး နုနီသွေးရဲ့ သားလေးအပေါ် သူမှားခဲ့မိတဲ့ အမှား။

အတွေးတွေ၊ အမှားတွေ၊ အပြစ်တွေ၊ အမုန်းတွေ အားလုံးဟာ စက်ဝိုင်းတစ်ခု လည်ပတ်နေသလို ချာလည်နေ၍ ရင်ထဲက ဆုံးဖြတ်မယ့် အမှန်တရားဟာ ရှာလို့မတွေ့ဘဲ ပျောက်ဆုံးလို့နေလေသည်။

✦ ✤ ✦





"ကျွန်မ အခုလို ပြောလိုက်တာကို ဆရာ စိတ်မဆိုးပါနဲ့နော်။ ဆရာ့ကို ကျွန်မ ပြောခဲ့သလိုပဲ ဘယ်လိုမှ မတတ်သာတဲ့ အခြေအနေမို့ပါ"

"ဆေးရုံပြောင်းတဲ့ ကိစ္စက စိတ်ဆိုးစရာ မဟုတ်ပါဘူး။ ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော် မေးကြည့်တာပါနော်။ ညီမတို့က ရန်ကုန်ကနေ အခြေဖျက်ပြီး ဒီပြောင်းလာတာမှလား။ တစ်ခါ ဒီကနေ ရန်ကုန်ဆိုဆိုတော့ အဆင်ပြေပါ့မလား။ အစစပေါ့"

ဆရာ့စကားကြောင့် နုနီက သက်ပြင်းမောတစ်ခုချကာ ခေါင်းညိတ်ပြလိုက်သည်။ တကယ်လည်း အဲဒါတွေကို နုနီဘာမှမတွေးချင်လို့ မတွေးတာပဲ ဖြစ်သည်။ သားကို ရန်ကုန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကုတော့မယ်ဟု ဆုံးဖြတ်တဲ့ ဆုံးဖြတ်မှုအပေါ် နုနီကို ဘာကြောင့်လဲဆိုတဲ့ အကြောင်းပြချက် တောင်းမှုအတွက် ဆရာ့ကိုပဲ မိသားစုလို သဘောထား၍ အစအဆုံး ရင်ဖွင့်ပြောမိသွားလျှင် စိတ်ထဲလည်း အတော်ပေါ့ပါးသွားသည်။

ဆရာက အဆင်ပြေပါ့မလား ဆိုတဲ့ ကွန်ပလိန့် ပြန်တက်တဲ့ မေးခွန်းအတွက် စိတ်တို့က ထပ်၍ လေးလံကာ မှိုင်သွားရပြီး ပြန်ဖြေမိသည်။

"ဒီလိုပဲ အဆင်ပြေအောင် ဖန်တီးရမှာပေါ့ ဆရာရယ်။ ဒီမြို့မှာနေရင် သားလေးအတွက် စိတ်ဒဏ်ရာ ပိုရမယ်။ နီ အခု ငှားနေ,နေတဲ့အိမ်၊ ပြီးတော့ နီ့ရဲ့လက်ရှိအလုပ် အားလုံးဟာ ချွန်သားဦးနဲ့ မကင်းပါဘူး...

ဘဝမှာ သားလေး စကားမပြောနိုင်ဘူးဆိုတဲ့ အဖြစ် အပျက်မျိုးကို နုနီ အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ နုနီ အတွက် သားလေးက ဘဝပါ။ သူ့ကို စိတ်ချမ်းသာဖို့ အဓိကပါပဲ...





သားက နဂိုကတည်းက ဒီမှာနေပျော်တာ မဟုတ်ဘူး။ ဒါပေမဲ့ လူကြီးတွေ စီစဉ်တာကို သူ မငြင်းဘဲ လက်ခံရှာတယ်။ သူ့ရဲ့အမေ ကိုယ်တိုင်ကိုက သူ့ကို စိတ်ဒဏ်ရာ ပေးမိတဲ့ နေရာကို ဖွတ်ခေါ်လာမိသလို ဖြစ်ခဲ့တာကိုပဲ နုနီ ဝမ်းနည်းလို့ မဆုံးဘူး"

နုနီက ပြောနေရင်းကမှ မျက်ရည်က အလိုလိုကျလို့လာလေသည်။ နုနီအတွက်တော့ စိတ်သောင်းလို့ ကိုယ်ကြေဆိုသလို ဘယ်လိုမှကို နာလန်မထူနိုင်ကာ သားစိတ်ဖြင့် လူက ခွန်အားတွေ မဲ့နေပေမယ့် ရှိချင်ယောင်ဆောင်ကာ ကျားကန်,ကန်ရပေသည်။

သားတစ်ယောက်မိခင် မုဆိုးမတစ်ဦးအနေနှင့် ကြံ့ကြံ့ ခံနိုင်အောင် စိတ်ကိုတင်းထားပေမယ့် နုနီ သေလောက်အောင် ဝင်ပန်းနွမ်းဖတ်နေရတာ ဖြစ်သည်။ နုနီ ပျော့ကျသွားတာနှင့် အမေနဲ့သားရဲ့ မျက်နှာကို ပြေးမြင်ကာ တင်းထားရတာက အကြိမ်ကြိမ်။ ရန်ကုန် ပြန်ပြောင်းတော့မယ်လို့ ဆုံးဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ စနစ်ကျပ် ခေတ်ကျပ်ထဲ လူလာဖြစ်နေတဲ့ နုနီတို့အတွက် အဆင်ပြေမှု ရှိပါ့မလား စိုးရိမ်ပေမယ့် နုနီမှာ အားငယ်ချိန်မရှိချေ။

"ဒီအချိန်မှာ ဆရာဝန်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ ညီမရဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ကျွန်တော် အကြံပေးစကား ပြောချင်တာကတော့ ညီမကို ဒီမှာပဲနေစေချင်တယ်။ ဟို... ရန်ကုန်ကို ပြန်ပြောင်းမယ်ဆို အားလုံး အစက ပြန်စနေရမှာလေ...

တကယ်လို့ ညီမဘက်က ရန်ကုန်မှာပဲ ပြန်အခြေကျတော့မယ်လို့ ဆုံးဖြတ်ချက်က မပြင်တော့ဘူး ဆိုရင်တော့ ကျွန်တော် ပြောတာလေး တစ်ခုကို လက်ခံပေးစေချင်တယ်။ အခုပြောမယ့် စကားက ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့မှ ပြောတာမဟုတ်ဘူးနော်။ ကျွန်တော် စေတနာ သန့်သန့်နဲ့ ပြောတာပါ"

နုနီက ဆရာရဲ့စကားကို အတွေးအဆန်းတော့ ဖြစ်သွားရကာ ခေါင်းအသာညိတ်ပြ၍ ဘာများပြောလေမလဲဆိုပြီး စိတ်ဝင်တစားတော့ ဖြစ်သွားရလေသည်။ ဆရာခေါက်တာအုံသူရိန်ဟာ တကယ့်ကိုပဲ သမားကောင်းပီသစွာ စိတ်ထားဖြူစင် မြင့်မြတ်သလို မိတ်ဆွေကောင်းတစ်ယောက်လို ခင်မင်လေးစားစရာကောင်းတာပဲဖြစ်သည်။ သား ဆေးရုံတက်ကတည်းက စေတနာထား ဂရုစိုက်ပေးခဲ့တာမို့ နုနီကလည်း ဆရာ့ကိုလေးစားစိတ်ဖြင့် ရင်းနှီးနေကာ ကိုယ့်ကိစ္စကိုတောင် တိုင်ပင်ဖြစ်တာဖြစ်သည်။

ဆေးရုံရဲ့ကော်ရစ်တာ အပြင်ဘက်ဝရန်တာနားမှာ အေးအေးဆေးဆေး ပြောနေကြတာမို့လည်း လေကောင်းလေသန့်ရ၍ စိတ်တို့က ကြည်လင်မှုရတာကြောင့် နုနီရဲ့ စိတ်ညစ်နွမ်းမှုတွေဟာလည်း အနည်းငယ်တော့ သက်သာရာ ရောက်လေသည်။ ဆရာက နုနီ၏ စိတ်ညစ်မှုတွေ ကင်းစေချင်တဲ့ စေတနာမျက်ဝန်းတို့ဖြင့် ကြည့်ကာ စကားစကို ပြန်စလေသည်။

"ဒီလိုပါ.., ညီမတို့ဘက်က ရန်ကုန်မှာပဲ ပြန်အခြေတည်မယ်ဆိုရင် လောလောဆယ်မှာ ရန်ကုန်က ကျွန်တော့်ရဲ့ အိမ်မှာနေဖို့ ပြောချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကျွန်တော်က မိသားစုလည်း မရှိဘူးလေ။ အဖေကလည်

ဘုန်းကြီးဝတ်ပြီး သာသနာ့ဘောင်မှာ အငြိမ်းနေလိုက်

ဆိုတော့ ရန်ကုန်က အိမ်လေးက သော့ခတ်ထားတာက

လို့ ဘာမှအသုံးပြုဖို့ မရှိဘူးလေ…

ကျွန်တော့်အနေနဲ့ကလည်း ဒီမှာ တာဝန်ကျနေ

ဆိုတော့ အိမ်ပြန်ဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ်

အဲဒါကြောင့် ညီမတို့အဆင်ပြေနိုင်လောက်မယ့် နည်းလ

တစ်ခုကို ကျွန်တော်က တွေးမိသွားတာ။ ကျွန်တော့်အ

အညီလေးကို လက်ခံပေးပါနော်"

နနီက ကြားရတဲ့စကားအတွက် ဘာကိုစကား

ပြောရမယ်မှန်းတောင် မသိတော့ချေ။

ဆရာ့ရဲ့စေတနာ မေတ္တာဟာ ကြီးမားလွန်း

တကယ်ကိုပဲ အပြောရခက် လက်ခံရခက်ခဲ လောက်အောင် အ

နာစရာ ကောင်းလွန်းလှပေသည်။



"ဆရာရယ်… နနီ ဆရာ့ရဲ့စေတနာကို နားလည်ပြီး

ကျေးဇူးတင် လေးစားပါတယ်။ ဒါပေမဲ့ အဲဒီလောက်ထိ

ကူညီပေးဖို့ မလိုပါဘူး ဆရာရယ်။ နနီတို့ သိကြတာဟာ

ဘယ်လောက်မှ မရှိသေးပါဘူး။ ပြီးတော့ နနီ ကိုယ်ဘာသာ

နေရေးအတွက် အဆင်ပြေအောင် ဖန်တီးနိုင်ပါတယ်။

ကျေးဇူးလည်း အများကြီး တင်ပါတယ်"

"ကျွန်တော့်စေတနာကို အသိအမှတ်ပြုတယ်၊ ကျေးဇူးတင်

တယ်ဆိုရင်ပဲ ကျွန်တော် ကူညီတာလေးကို လက်ခံပေးပါ။

အိမ်ဆိုတာမျိုးက လူနေမှ အိမ်လို့ခေါ်တာလေ။ ကျွန်တော့်

အိမ်လေးမှာ ညီမတို့ နေပေးတယ်ဆိုရင်ပဲ တစ်နည်းစဉ်းစား

ကြည့်ရင် အိမ်မှာလူရှိသွားတယ်ဆိုတဲ့ စိတ်လေးနဲ့ ကျွန်

တော်က ပျော်တောင် ပျော်နေဦးမှာလေ"

"မလုပ်ပါနဲ့ ဆရာရယ်။ နနီရဲ့ဒုက္ခတွေကို ဆရာ့ကို ပြော

ပြတာ နနီ အကူအညီ လိုချင်လို့ မဟုတ်ပါဘူး။ ကိုယ့်

ရဲ့မိသားစု၊ ကိုယ့်ရဲ့အစ်ကိုတစ်ယောက်ကို ပြောပြတိုင်း

www.burmeseclassic.com



သလို ပြောမိတာပါ။ အဲဒီလိုလုပ်ပေးဖို့ မလိုပါဘူး ဆရာ ရယ်”

“မဟုတ်တာစဲ ညီမရယ်။ ကျွန်တော့်ကို အခုလိုမျိုး မိသားစုလို အစ်ကိုလို သဘောထားပေးတယ်ဆိုရင် မိသားစု ချင်း ရိုင်းပင်းကူညီတယ်လို့ သဘောထားပြီး လက်ခံလိုက် ပါ။ ဒါဆို အားလုံး အဆင်ပြေမှာပါ။ ရောင်နီလေး ကိုယ် တိုင်ကိုက ရန်ကုန်မှာ နေချင်တဲ့စိတ် များနေတယ်ဆိုတဲ့ အခါကျတော့ ရန်ကုန်မှာ ဆေးကုရင် ပိုပြီးထိရောက်မှု လည်း ရှိနိုင်ပါတယ်”

နုနီက ဘာဆက်ပြောရမယ်မှန်း မသိအောင်ကို ဆရာ့အား ကျေးဇူးတင်မိသွားလေသည်။ နုနီတို့အတွက်တော့ ဒါဟာ သိကြားမင်း ဆင်းကယ်တာပဲ ဖြစ်၏။

နုနီက လေးစားကျေးဇူးတင်လွန်းရစွာ လက်အုပ် ချီမိုး၍ ရှိခိုးမယ်အလုပ်မှာ ဆရာက နုနီရဲ့လက်တွေကို တားတဲ့ အနေဖြင့် လှမ်းကိုင်လိုက်ရင်း ပြောလေသည်။



“အဲဒီလောက် မလိုအပ်ပါဘူး ညီမရယ်။ ကျွန်တော့်ဘက် ကလည်း တတ်နိုင်တာလေးကို ကူညီတာပါ။ စိတ်ထဲမ ထားပါနဲ့”

ကြင်နာသနားတတ်တဲ့ ဆရာ့ကို နုနီက နှိုင်းပြစရာ စကားလုံးမရှိအောင်ကို ကျေးဇူးတင်မိလေသည်။ သားလေး နေ မြန်ကောင်းကာ စကားပြန်ပြောနိုင်ဖို့အတွက် သူတို့နှင့်ကင်းမှ မြန်မှာမို့ ကင်းအောင်ကြိုးစားနေချိန်မှာ ဒီအဖြစ်ဟာ ဖုတ်သွင်း ရထားဆိုက်တာပဲ ဖြစ်၏။

✦ ✤ ✦

www.burmeseclassic.com



(၉)

"ဘာပြောတယ်။ ဒီအလုပ်ထွက်စာနဲ့ ဒီငွေတွေကို ငါက ဘာကိစ္စ လက်ခံရမှာလဲ"

ဆူညံပေါက်ကွဲစွာ ထွက်ပေါ်လာတဲ့ မေမေ့စကားသံကြောင့် သားဦးက ဘာများပါလိမ့်ဆိုပြီး နားစွင့်မိသွားသေးသည်။ မေမေဟာ သူ့ရဲ့တပည့် ကျော်ထက်ကို ဒေါသတကြီး ပြောဆိုနေဟန် ဖြစ်တာမို့ သားဦးက ပို၍ စိတ်ဝင်စားမိသွားတာ ဖြစ်လေ သည်။

"မနုနီက အလုပ်ထွက်စာရော သူ့လစာတွေ bonus ကြေးတွေ အားလုံးကိုပါ အန်တီ့ကို ပေးခိုင်းလိုက်တာပါ။ နောက်ပြီးတော့ အိမ်သော့ကိုလည်း တစ်ပတ်အတွင်း ပြန်လာအပ်ပါ့မယ်လို့ အမှာပါးခိုင်းလိုက်ပါတယ်"





"ဘာ"

အဲဒီစကားတွေကို မေမေ အံ့ဩသလို သူကလည်း အင်မတန်မှကို အံ့အားသင့်သွားရတာပဲဖြစ်သည်။ နုနီသွေးတို့က အိမ်သော့ ပြန်အပ်မယ် ဆိုတာဟာ အဲဒီမှာ မနေတော့ပါဘူးဆိုတဲ့ သဘောပေါ့။

"ဘာဖြစ်လို့ အဲဒီမှာ မနေရတာလဲ"

"ဟို… ကျွန်တော် သိထားသလောက်ကတော့ မနုနီတို့ ရန်ကုန် ပြန်ပြောင်းကြပါလိမ့်မယ်။ ရန်ကုန်မှာပဲ မနုနီသား ရောဂါကို ကုမယ် ကြားပါတယ်"

"နုနီတို့က ရန်ကုန်က အခြေဖျက်ပြီး ထွက်လာတာ။ မဖြစ်နိုင်ဘူး။ အိမ်က နှစ်,နှစ်စာချုပ်နဲ့ ငှားထားတာ"

"ဒေါက်တာအံ့သူရိန်က ရန်ကုန်က သူ့အိမ်မှာ ပေးနေတယ်။ ကျွန်တော့်ညီမက ဆရာရဲ့နှာစ်ဆိုတော့ ကျွန်တော် သိလာခဲ့ရတာပါ အန်တီ။ ဆရာက မနုနီကို သဘောကျနေပုံပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဒေါသသွေးတွေဟာ ဘာရယ်ကြောင့်မှန်းမသိ ဖျင်းခနဲ ဆူပွက်လာကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိလေသည်။ မဖြစ်သင့်ဘူး။ ဘယ်လိုမှ မဖြစ်သင့်ဘူး။

"တောက်… အမိပွာယ် မရှိတာတွေပဲ။ ကျော်ထက်… ကားအခုထုတ်။ ငါ နုနီသွေးနဲ့ သွားတွေ့မယ်"

"အန်တီ… အန်တီ… မနုနီသွေး မရှိဘူး"

"ဟင်… ဘယ်သွားလို့ မရှိရတာလဲ။ ကလေးလေး ဆေးရုံက ဆင်းပြီမှလား"

"ကျွန်တော့်ကို ထွက်စာနဲ့ ပိုက်ဆံတွေ လာပို့တုန်းက ပြောသွားတာကတော့ မန္တလေး ခဏသွားမလို့တဲ့။ ည လောက်မှ ပြန်ရောက်မယ် ပြောတယ်"

"ဘာသွားလုပ်တာလဲ သိလား"

"ဟို… အဲဒါတော့ ကျွန်တော်လည်း မသိဘူးခင်ဗျ။ မနုနီနဲ့အတူ လိုက်လာတာကတော့ ဒေါက်တာအုံးသူရိန်ပါ။ သူတို့ မန္တလေး အတူသွားကြတာ ထင်တယ်"





"ဘာ"

မေမေ့ဘက်ကလည်း စကားသံငြိမ်သွားသလို သူ့ဘက်ကလည်း အံ့အားသင့်လွန်း၍ အတန်ငယ် ငြိမ်သက်သွားရလေသည်။ အခုပုံစံကို မှန်းဆရသည်တွင်တော့ နုနီသွေးဟာ အဲဒီဆရာဝန်ဆိုတဲ့သူရဲ့လက်ထဲ ပါသွားတော့မှာပဲ။

ဘာဖြစ်မှန်းမသိတဲ့ တစ်မျိုးသော ဗီလင်ဟာ သူ့စိတ်ကို ဒေါသဖြစ်စေပါသည်။

✦✤✦



www.burmeseclassic.com

www.burmeseclassic.com



သားဦးက ဆိုင်ကယ်ကို ခြံရှေ့မှာရပ်ကာ ချာတိတ်အတွက် ဝယ်လာတဲ့မုန့်တွေ ထည့်ထားတဲ့အိတ်ကိုယူကာ ခြံတွင်းသို့ လှမ်းမျှော်ကြည့်လိုက်လျှင် အိမ်ထဲမှာ ဘယ်သူမှတော့မတွေ့ပေ။ ဒါပေမဲ့ အိမ်ရှေ့မှာ Hijet ပစ်ကပ်ကားလေး ရပ်ထားတာကြောင့် နန်းသွေး ရှိတယ်ဆိုတာကိုတော့ သဘောပေါက်ရလေသည်။ သူက ခြံထဲဝင်လာလိုက်လျှင် ခြံတံခါးက တံခါးစေ့ရုံပဲစေ့ထားသည်မို့ သူက တံခါးကို အသာတွန်းဖွင့် ဝင်လာလိုက်တာမို့ အိမ်ဘေးအဖီမှာ ဆော့နေတဲ့ ချာတိတ်က သူ့ကိုတန်းခနဲလှမ်းမြင်လေ၏။

သားဦးက သူ့ကို အံ့သြစွာဖြင့် ရပ်ငေးကြည့်နေသည့် ချာတိတ်ကိုမြင်လျှင် ဒီတစ်ခါကတော့ သူက ချာတိတ်ကို





သနားစိတ်ဖြင့် အရင်ဆုံးလှမ်းပြုံးပြလိုက်လေသည်။ ချာတိတ်ဟာ ချက်ချင်းဆိုသလိုပင် သူ့ကို ကြောက်ရွံ့သွားသော မျက်နှာအမူအရာ ဖြစ်သွားကာ အိမ်ထဲကို အမြန်ပြေးဝင်တော့မှာမို့ သားဦးက ချာတိတ်ဆီ အမြန်သွား၍ လှမ်းဆွဲလိုက်လျှင် ကလေးက သူ့ကို ကြောက်အားလန့်အားဖြင့် သူ့ဆီက ပြန်ရုန်းထွက်တာကြောင့် သူက အတင်းပြန်ဆွဲကာ သူ့ကို မကြောက်အောင် ပြောရတော့သည်။

"ဟောကောင်... ချာတိတ်... မကြောက်ပါနဲ့ကွ။ ဒီမှာကြည့်စမ်း... ဦး... အဲ... ဖေဖေ... မင်းအတွက် မုန့်တွေ ဝယ်လာတယ်လေ"

သူက တမင်တကာကို အခေါ်အဝေါ် သတိထား၍ ဖေဖေဟု ခေါ်လိုက်လျှင် ချာတိတ်က သူ့ကို တစ်ချက်တော့ ငြိမ်ကြည့်နေပြီးမှ မျက်နှာတစ်ခုလုံး မဲ့ရွဲ့ကာ ကြောက်ရွံ့ဟန်ဖြင့် သူ့ကို သွားဟု ပြောချင်နေပုံ ပါးစပ်ဟာပေမယ့် အသံက ထွက်မလာရှာတာကို မြင်ရလျှင် သူ တကယ်ပဲ စိတ်မကောင်းဖြစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ… သား… ဟယ်"

အိမ်ထဲက နုနီသွေး ထွက်လာကာ သူ့သားကိုခေါ်စဉ် သူ့ကို ဖြုန်းခနဲ တွေ့လိုက်ရတာကြောင့် လန့်သွားကာ အထိတ်တလန့် အော်လိုက်စဉ်မှာပဲ ချာတိတ်က သူ့လက်ထဲကနေ ဆတ်ခနဲ ရုန်းထွက်ကာ နုနီသွေးဆီ ပြေးလို့သွားလေသည်။ ပြဿနာက တက်ဦးမည်ဆိုတာ သူက သိနေတာကြောင့် ထရပ်လိုက်လျှင် သူ့ကို ဒေါသတကြီးဖြင့် စကားပြောတော့တာဖြစ်သည်။

"ရှင် ဒီကို ဘာလာလုပ်တာလဲ။ သွား… အခုချက်ချင်း ထွက်သွား"

နုနီသွေးရဲ့အသံကြောင့် နုနီသွေး အမေကပါ အပြေးထွက်လာကာ ချာတိတ်ကို ဆွဲခေါ်၍ အိမ်ထဲဝင်သွားတာမို့ သူနှင့် နုနီသွေး နှစ်ယောက်သား ပြောဖို့ရှိတော့တာမို့ သူ့ကိုမောင်းထုတ်နေတဲ့ နုနီသွေးကို ပြောရတော့သည်။

"ရှင် ထွက်သွား"





"မင်း ငါ့ကို ဘာမှနှင်ထုတ်ဖို့ အကြောင်းမရှိဘူး၊ ငါ အခု ဒီကိုလာတာ ကလေးကြောင့်"

"နင် ထွက်သွားတော့လို့ ငါပြောနေတယ်။ ဘာလဲ… ငါ့ သားလေး ဒုက္ခရောက်နေတာကို သေချာအောင် ထပ်လာကြည့်တာလား"

"မင်း မှားနေပြီ နုနီသွေး။ ဒီကလေးက ငါ့ကို အဖေ… အဖေ ခေါ်နေလို့"

"တော်ပါတော့။ ရှင့်ကို ကျွန်မတို့ဘက်ကပဲ ထပ်ပြီးတောင်းပန်လိုက်မယ်။ အခုလို အလျှော့ပေးတာ ကျွန်မသားလေးကို ဘာမှအထိမခိုက် မခံနိုင်လို့ပဲ"

သူက အပြတ်ကို နာနာကြည်းကြည်း ပြောနေလေသာ နုနီသွေးကို ဒီနေ့ကျမှ တမင်တကာကို ခါးခါးသီးသီးဖုနေသာကတော့ အရမ်းကို ထူးခြားလွန်းနေ၏။ သားဦးက စိတ်ထဲမှာလည်း လုံးဝကို သည်းမခံနိုင် ဖြစ်နေတာမို့ ရင်ထဲကစကားသာ ပါးစပ်ကနေ လွှတ်ခနဲ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အခုတော့ အားကိုးရပြီဆိုတော့ ဘယ်သူမှ ဂရုမစိုက်တော့ဘူးပေါ့လေ"

သူ့စကားအဆုံးမှာတင် သူ့ပါးတစ်ချက်ဟာ ရှဲ ဖြစ်သွားလျှင် သူဟာ ရုတ်ဒေါသဖြင့် ချက်ချင်းလက်ပြန်ရှယ် လိုက်ပေမယ့် သူ့ဦးနှောက်အသိတစ်ခုက အမြန်ထိန်းချုပ်ကာ လက်ပြန်ရုပ်လိုက်၏။

"မင်း ငါ့ကို နှစ်ကြိမ်နာကျင်အောင် လုပ်ခဲ့ပြီးပြီ နုနီသွေး မင်းနဲ့ငါ့ကြားထဲမှာ ရန်ငြိုးမရှိဘဲနဲ့ မင်းက စတင်မော တာတွေအတွက် မင်းကို ငါ အရမ်းမုန်းတယ်"

"နုနီ"

အနောက်က ခေါ်သံကြောင့် သူက လှမ်းကြည့်လို လျှင်တော့ ဟိုဆရာဝန်ဆိုတာ သူက တန်းသဘောပေါက်ရ ၏။ နုနီသွေးတင်မက သူ့ကို အဖေခေါ်နေလေသော ချာတိ ကပါ ဆရာဝန်ရဲ့ဘက်တော်သားတွေ ဖြစ်ကုန်ကာ ချာတိတ ဆရာဝန်ဆီ အပြေးရောက်လာတာပဲဖြစ်၏။





"အာ… ဘာဖြစ်နေကြတာလဲ နုနီ"

"ဪ… ဘာမှမဟုတ်ပါဘူး။ အစ်ကို အိမ်ထဲဝင်လေ။ သားသား… ဦးဦးကို အိမ်ထဲခေါ်သွားလေ"

သားဦးက အဲဒီမြင်ကွင်းတို့ကို ကြည့်ကာ ရင်ထဲက ဒေါသတွေက ကလိ ကလိဖြင့် ဆောင့်တိုးထွက်လို့ လာလေသည်။ ဘာမှလဲ ပြောဖို့ရာ မရှိတာကြောင့် သူဟာ တောက်ခေါက်သံ စပ်ပြင်းပြင်းတစ်ခုနဲ့အတူ ပြန်လှည့်ထွက်လာခဲ့သည်။

သူ ကျောခိုင်းလိုက်တဲ့နောက်မှာ ကြားနေရတဲ့ တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်တဲ့ စကားတွေကို ကြားနေ ရတာကြောင့် ဒေါသက ပိုဖြစ်ရလေသည်။

"အဆင်ပြေရဲ့လား ညီမ"

"ဘာမှမဖြစ်ပါဘူး အစ်ကိုရဲ့။ နို့ခေါင်းထဲမှာ သားလေး အသံပြန်ထွက်လာဖို့ပဲ စဉ်းစားတယ်။ ရန်ကုန်ကိစ္စကော အစ်ကို…"

"အဲဒါ လာပြောတာ။ အစ်ကိုတို့ သန်ဘက်ခါဆို…"



www.burmeseclassic.com

www.burmeseclassic.com



သားဦးက ခြေလှမ်းတို့ တုံ့ခနဲရပ်ကာ အသံကို ဆက်နားထောင်ပေမယ့် သူတို့တွေက အိမ်ထဲဝင်သွားကြတာကြောင့် ဘာဆိုတာ မကွဲပြားတော့ပေ။ ဘာတွေလဲ... ရန်ကုန်တဲ့။ သန်ဘက်ခါတဲ့။

ဘာကိစ္စဆိုတာ ကွဲကွဲပြားပြား မသိပေမယ့် တစ်ခုခုတော့ ထူးပြီဆိုတာ သူ သေချာသိလေသည်။

✦ ✣ ✦



နုနီက အန်တီတွေ့ချင်တယ်ဆို၍ အန်တီ့ရုံးခန်းကိုပဲ ရောက်လာခဲ့လျှင် တစ်လက်စတည်း အခန်းသော့ပါအပ်ဖို့ စိတ်ကူးရင်းသော့ပါ ယူလာခဲ့လိုက်သည်။ ဒါပေမဲ့ တကယ်တမ်းရောက်လာတဲ့အချိန်မှာ အခန်းသော့ကိစ္စကိုပြောဖို့ဆီ စကားက မရောက်ဘဲ နုနီ ရောက်တာနှင့် တန်းကိုကောတော့တာပဲ ဖြစ်သည်။

"နုနီ... မင်းကို ငါ အထင်ကြီးခဲ့တာတွေ မှန်သမျှ အားလုံး အလကားပဲ။ မင်းက ဘယ်လိုမိန်းကလေးမျိုးလဲ နုနီသွေး"

"တစ်ဆိတ်... အန်တီ။ အန်တီ ကျွန်မကို ဘာပြောချင်တာလဲ။ ကျွန်မက ကိုယ့်ဂုဏ် ကိုယ့်သိက္ခာနဲ့ နေတဲ့သူပါ။ အန်တီ ဘာဆိုလိုတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ့ဘက်က ကိုယ့်အားကိုယ်ကိုးတတ်တဲ့ အရည်
အချင်းရှိတဲ့ မိန်းကလေးလို့ သတ်မှတ်ထားတာ။ အ
မင်းက တွဲစရာ အားကိုးစရာလူလည်း ရှိကော အားလုံး
မင်း ကန့်ထုတ်ပစ်တာ ဘာသဘောလဲ"

ဒါကတော့ တစ်ဆိတ် လွန်လွန်းသွားပြီ ထင်
သည်။ အမိပွာယ်ကတော့ လုံးဝကို မရှိတော့ချေ။ ဒေါ်မြင့်မိုးရည်
ဟာ နုနီရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စတွေပါ သိပ်စွက်ဖက်လွန်း
ကျလေ၏။ နုနီက စိတ်ထဲကနေ ပက်ခနဲ ပြန်ပြောလိုက်ချင်စိ
ပေါ်လာပေမယ့် ကိုယ့်စိတ်ကိုယ် ပြန်လျှော့လိုက်ရင်းက...

"အန်တီ... နုနီက အခုချိန်မှာ အန်တီ့ဝန်ထမ်းလည်း
မဟုတ်တော့ပါဘူး။ ဒါပေမဲ့ နုနီအတွက် အန်တီကအလု
ပေးခဲ့တဲ့ ကျေးဇူးရှင်အဖြစ် အမြဲသတ်မှတ်ခဲ့ပြီးသားပါ
အန်တီ ဘာကိုဆိုလိုချင်တယ် ဆိုတာကိုတော့ နုနီ မပြေ
တတ်ပေမယ့် ဘာပဲလုပ်လုပ် နုနီရဲ့ ကိုယ်ရေးကိုယ်တာ
မှလား"





"ဟင်း... စကားတွေ သိပ်တတ်နေတာလား နုနီသွေး။
မင်း ဘာလို့များ နောက်အိမ်ထောင် ထပ်ပြုချင်နေသေး
တာလဲ။ ငွေရေးကြေးရေးအတွက် သိပ်အခက်အခဲ လိုအပ်
နေလို့လား။ မင်း ဘယ်လောက်လိုလဲ... ပြော"

"ဒီမှာ အန်တီ။ အန်တီ တစ်ဆိတ်တော့ လွန်သွားပြီ။ ဒါ
ကျွန်မရဲ့ကိုယ်ရေးကိုယ်တာကိစ္စလေ။ ကျွန်မဘာသာ ဘယ်
သူနဲ့ပဲယူယူ ဘာကြောင့်ပဲယူယူ အန်တီနဲ့မှ မသက်ဆိုင်
တာ"

"ဟား... စကားပြောတာ မမိုက်ရိုင်းနဲ့။ မင်းကို ငါ စင်
ပေါ်တင်ခဲ့တယ်ဆိုတာ မင်းဟာ မုဆိုးမဆိုတဲ့ သနားစိတ်
ကြောင့်"

နုနီက ထပ်မံပြောတော့မယ့် ဒေါ်မြင့်မိုးရည် စကား
ဆက်နိုင်ခင်မှာ ဒေါသအရှိန်ဖြင့် အမြန်ဖြတ်ပြောလိုက်တော့
သည်။

"ကျွန်မလည်း ခု အန်တီ့ဆီမှာ အလုပ်မလုပ်တော့ဘူးလေ။
လစာတွေ အကုန်ပြန်ပေးခဲ့တဲ့ အထိကို ကျွန်မဘာ က



www.burmeseclassic.com

www.burmeseclassic.com



ကင်းတာ။ အန်တီရဲ့သား ချွန်သားဦးကြောင့် ကျွန်မသား လေးဘဝ ဒုက္ခရောက်ရတာကိုလည်း ကျွန်မတစ်သက်မမေ့ ဘူး။ ဘယ်တော့မှလဲ ကျေနပ်မှာ မဟုတ်ဘူး"

"မင်းရဲ့သားအတွက် ငါတာဝန်ယူပေးမယ် ပြောတော့ မင်း လက်ခံခဲ့လို့လား"

"မလိုပါဘူး အန်တီ။ ကျွန်မရဲ့သားအတွက် ကျွန်မဘာသာ ကုနိုင်တယ်"

"ဘာလဲ... ဆရာဝန်တစ်ယောက်လုံး ရှိနေလို့လား"

"အန်တီ... အန်တီ့စကားတွေ ဘောင်ကျော်နေပါပြီ ကျွန်မ ဘယ်သူနဲ့အိမ်ထောင်ပြုပြု မပြုပြု အန်တီ ဝင် စွက်ဖက်ဖို့ မလိုဘူး ထင်ပါတယ်...

အခု အန်တီချိန်းတာကို ကျွန်မ လာတာဟာ အန်တီ ဘာများပြောမလို့လဲ ဆိုတာ သိရဖို့ထက် အိမ် သော့လာအပ်တာပါ"

နနီက အိတ်ထဲမှ သော့ကိုထုတ်ကာ စားပွဲပေါ်တင် လိုက်လျှင် ဒေါ်မြင့်မိုးရည်က အိမ်သော့ကိုကြည့်ကာ...



"အိမ်သော့... မင်း ငါ့ဆီက နှစ်နှစ်ငှားမယ့်စာချုပ် ချုပ် ခဲ့တာနော်။ နေတာ လပိုင်းပဲ ရှိသေးတယ်။ မင်း ဘယ်ကို ပြောင်းမှာလဲ။ နနီသွေး... မင် မရှုးသွပ်စမ်းပါနဲ့။ မင်းမှာ သားလေးတစ်ယောက်လုံး ရှိသေးတယ်နော်။ ပထွေးနဲ့နေ ရတဲ့ဘဝဖြစ်အောင် မင်း မလုပ်စမ်းပါနဲ့"

"အန်တီ... ကျွန်မ ပြောပြီးပြီလေ။ အဲဒါ ကျွန်မကိုယ် ရေးကိုယ်တာပါ"

"တစ်ပင်လဲလို့ တစ်ပင်ထူတဲ့ မိန်းမမျိုးကို ငါ သိပ်မုန်း တာ။ မင်းကွာ... တောက်"

နနီကဲ တကယ်ပဲ စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို အသာယမ်းမိသွားသည်။ တကယ့်ကိုမှ မဆိုင်တဲ့အပေါက်ကို တလိုင်နဲ့ ခေါက်နေတာပဲ။ နနီက တကယ်ကိုပဲ စိတ်ဆိုးရသည် ဖြစ်ရာ လေသံခပ်ထန်ထန်နှင့်ပဲပြောကာ ထွက်လာခဲ့လိုက်တော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘဝရဲ့ ရပ်တည်ချက်အတွက် ကျွန်မ စိတ်ကြိုက် ဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ် အန်တီ။ ကျွန်မက အန်တီရဲ့ သမီးလည်း မဟုတ်တဲ့အတွက် အန်တီ့စေတနာကို စော်ကားမိတယ်ဆို ဆောရီးပါ။ ကျွန်မကို ပြန်ခွင့်ပြုပါဦး အန်တီ"

"နုသွေးနီ... တောက်"

ဘွားတော်ဟာ နုနီရဲ့စကားကို အတော်လေး ဟပ်ထိသွားပုံရ၏။ နုနီ အမည်ကို ခပ်ကျယ်ကျယ်အော်ကာ တောက်ခေါက်၍ ဒေါသထွက်နေချိန်မှာပင် နုနီက ရုံးခန်းအခန်းတံခါးကိုဖွင့်၍ ထွက်လာခဲ့ပြီဖြစ်သည်။

ပြောရရင်တော့ နာပါသည်။ နုနီအပေါ်ကို အင်မတန်ကောင်းခဲ့ပါတယ် ဆိုတာဟာ ငြင်းမရအောင် မှန်ခဲ့သော်လည်း နုနီရဲ့သားလေးဟာ သူမတို့မိသားစုကြောင့် စိတ်ဒဏ်ရာခံစားရကာ အသံပျောက်ခဲ့ရတယ်။ နောက်ပြီးတော့ နုနီရဲ့ပါးကို ဒေါ်မြင့်မိုးရည် ရိုက်ခဲ့ဖူးတဲ့ နာကျင်မှု။ အဲဒီအတွက် ဒေါ်မြင့်မိုးရည်နှင့် ချွန်သားဦး ဆိုတာ နုနီရင်ထဲက ဆူးတွေပဲ ဖြစ်လာလေသည်။





ရန်ငြိုးတွေ အမုန်းအာဃာတတွေကို မထားရှိချင်တာကြောင့် သူတို့နဲ့ ဝေးဝေးနေတာဟာ အကောင်းဆုံးလည်း ဖြစ်သလို ချွန်သားဦးကို မမြင်ရတာဟာ သားအတွက်ကော နုနီအတွက်ပါ စိတ်ချမ်းသာနိုင်ပါလိမ့်မည်။

✦ ✤ ✦



www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးမှု သစ်တစ်ပင်စိုက်ဖို့

နာကြည်းမှုမျိုးစေ့ ကြဲရဲတယ်ဆိုရင်

အမုန်းပင်ကြီး ဆက်လက်ရှင်သန်နိုင်ဖို့အတွက်

နာကြည်းချက်တွေကို

ဘယ်တော့မှ မသေဆုံးပါရစေနဲ့။

✦✤✦





(၁၀)

နုနီက မနက်ဖြန် ရန်ကုန်ကို ပြောင်းတော့မည်ဖြစ်တဲ့အတွက် ဒီနေ့ တစ်နေကုန်ကယော့ ကားကြီးငှားကာ ပစ္စည်းတင်ပြောင်းဖို့ ရွှေ့ဖို့ကိစ္စ စီစဉ်နေရတာဖြင့် အလုပ်တွေ ရှုပ်နေတာပဲဖြစ်သည်။ နုနီက ဖုန်းပြောနေရင်းကမှ ငူငူငိုင်ငိုင် ထိုင်နေသောသားကို တွေ့လိုက်ရလျှင် နုနီက ဖုန်းပြောတာကို မြန်မြန်လက်စသပ်ကာ သားဆီ သွားလိုက်ရသည်။

"သား… သားသား… ဘာလိုချင်လို့လဲ။ သားကို ကြည့်ရတာ အလိုမကျ ဖြစ်နေသလိုပဲ"

သားက နုနီကို မျက်နှာငယ်လေးဖြင့်သာ ငေးကြည့်နေတာကြောင့် နုနီ တကယ်ပဲ ရင်ထဲမှာ မွန်းကျပ်ဆို့နင့်လို့သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး... မြေးလေးကို ကြည့်ရတာ ဒီမှာပဲ နေချင်နေတာ ထင်တယ်။ အမေ မေးကြည့်တော့လည်း သူ ဘာမှပြန် မဖြေဘူး"

မေမေ့ဆီက လှမ်းပြောသံကြောင့် နုနီက မေမေ့ကို တစ်လှည့် သားကိုတစ်လှည့် ကြည့်မိလိုက်သည်။ သားက ငိုချင် ရက်လက်တို့ မျက်နှာလေးဖြင့် နုနီကိုသာ ငေးနေတာကြောင့် နုနီက သားကိုချီပွေ့ကာ ပေါင်ပေါ်မှာ ထိုင်စေပြီး သားကိုမေးရ လေသည်။

"သား... သားသားကပဲ ရန်ကုန်မှာနေရတာ ပျော်တယ် ဆို။ အဲဒါကြောင့် မေမေတို့ ပြန်ပြောင်းကြတာလေ။ သား ကျေနပ်တယ် မဟုတ်လား"

"........."

"သားရယ်... မေမေ့ကို တစ်ခုခုတော့ ပြောပါ။ သားဘာ ဖြစ်ချင်လဲပြော... မေမေ့ကို ပြော။ သား ပါးစပ်ဟတာနဲ့ မေမေ သိပါတယ်။ ပြောပါ သားရယ်"





နုနီက သားရဲ့အဲဒီပုံစံကိုကြည့်ကာ ရင်ထဲ ဘယ်လိုမှ မချိတာကြောင့် မျက်ရည်တွေပါ ဝဲတက်လာမိလျှင် သားကခေါင်း သာ အသာယမ်းပြကာ နုနီ ရင်ခွင်ထဲ ခေါင်းတိုးဝင်လေ၏။ သားဟာ စိတ်ခံစားရေးရာတွေပါ အားငယ်ပျော့ညံ့နေတာမို့ နုနီ က ပို၍စိတ်မကောင်း ဖြစ်ရကာ သားကို ရင်ခွင်ထဲမှာ တင်းကျပ် စွာ ပွေ့ဖက်ထားရင်း မေမေ့ဘက်ကို လှမ်းကြည့်ကာ တိုင်ပင်ရ လေတော့သည်။

"မေမေ... နီတို့ ဘယ်လိုလုပ်ကြမလဲဟင်။ သားကို နီက တော့ ရန်ကုန်မှာပဲ နေပြီးတော့ ဆေးကုချင်တယ်။ ဒီမှာ တစ်စက်ကလေးမှ မနေချင်တော့ဘူး"

"အဲဒါတော့လည်း အဲဒါပေါ့လေ။ ဒါပေမဲ့ အမေကတော့ မြေးလေးကို စိတ်ချမ်းသာစေချင်တာပါ။ ကလေးက ရန်ကုန် ပြန်မယ် ဆိုကတည်းက မျက်နှာမကောင်းဘူး။ လှုပ်ရှားမှု တွေလည်း ပျောက်နေတယ်။ ဆရာဝန်လေးနဲ့ တိုင်ပင် ကြည့်တာ ကောင်းမယ်ထင်တယ်။ မြေးလေးက မောင်



www.burmeseclassic.com

www.burmeseclassic.com



သားဦးကို ကြောက်နေတာတစ်ပိုင်း၊ သူ မခွဲချင်ဖြစ်နေတာကတစ်ပိုင်း ဖြစ်နေတယ်…

ကြားထဲက မြေဇာပင် ဖြစ်ရရှာတဲ့ အမေ့မြေးလေး အတွက်ပဲ စိတ်မကောင်းဘူး"

နုနီက ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်သက်နေတဲ့ သားလေးကို ဆံပင်စလေးတွေ ဖွဖွပွတ်သပ်ပေးရင်းက ကိုယ်ကိုယ်တိုင်လည်း တကယ်ပဲ ဝေခွဲရခက်နေတာဖြစ်၏။

"ဒါပေမဲ့ သားအတွက် ရန်ကုန်မှာပဲ ဆေးကုသဖို့အကောင်းဆုံးပဲ။ သားရင်ထဲက အစွဲတွေကို နီ ဘယ်လိုဖျောက်ရမလဲ မသိတော့ဘူး။ လောကကြီးက ဘာဖြစ်လို့များ တိုက်ဆိုင်မှုတွေ ပေးရတာလဲ မေမေရယ်။ သားလေးအတွက် ဖခင်ဆိုတဲ့သူက မရှိတော့ဘဲ တခြားသူက ဘာဖြစ်လို့ ဒီလောက်တူညီစွာ ရှိနေရတာလဲ။ တရားမျှတမှု မရှိလိုက်တာ မေမေရယ်"

"စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ သမီးရယ်။ မနက်ဖြန်တော့ သွားဖို့စိတ်စဉ်ထားပြီးသား ဖြစ်နေပြီဆိုတော့ သွားရ





တော့မှာပဲလေ။ ဟိုရောက်မှ မြေးလေးအခြေအနေ ကြည့်တာပေါ့"

နုနီက သက်ပြင်းချလိုက်ကာ သားလေးကို နုနီနှင့်လူချင်းခွာလိုက်ကာ သားမျက်နှာလေးကို ဆွဲယူမော့လိုက်ရင်းက သား နားလည်ပေးလောက်မည့် စကားတို့ကိုရွေးကာ ချော့မော့ပြောရရှာလေသည်။

"သား… မနက်ဖြန်ကျရင် မေမေတို့ ရန်ကုန်ပြန်ကြမယ်နော်။ သားလေး နေပြန်ကောင်းပြီး စကားတွေ ပြောနိုင်ဖို့အတွက် သားလေး ရန်ကုန်ပြန်မှရမှာ။ ဟိုရောက်ရင် သားလေးရယ်၊ ဘွားဘွားရယ် ပြီးတော့ မေမေရယ် သုံးယောက် လျှောက်သွားကြမယ်။ မုန့်တွေ အများကြီးစားကြမယ်နော်… သားလေးနော်။ မနက်ဖြန် မေမေတို့ ရန်ကုန် ပြန်ကြရအောင်နော်"

နုနီ စကားပြောနေတာကို တမေ့တမော ငေးကြည့်နေတဲ့သားက ဒီတစ်ခါတော့ ခပ်လေးလေး ခေါင်းညိတ်ပြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သားဘက်က လက်ခံသွားပြီမို့ နုနီ ရင်ထဲကအပူလုံးက အနည်းငယ်တော့ ငြိမ်းချမ်းသလို ရှိသွားလေသည်။ သားသား ဘာမှလှုပ်ရှားတဲ့ပြန်မှု မရှိဘူးဆိုရင် နုနီတို့ စိတ်ဆင်းရဲဒုက္ခတွေ များသွားမှာပဲ ဖြစ်သည်။

“ဟယ်... ကြည့်စမ်း။ ဘွားဘွားမြေးလေးက သိပ်ကို လိမ္မာတာပဲ။ ကဲ... အရမ်းလိမ္မာတဲ့ မြေးလေးကို ဘွားဘွား က မြေးလေးကြိုက်တဲ့ သခွားမွှေးသီး ကျွေးမယ်။ စားမှာ လား”

“ကဲ... သားမစားရင် မေမေ တစ်ယောက်တည်းပဲ စား ပစ်လိုက်တော့မှာနော်။ ကဲ... ဘွားဘွားရေ... ရောင်နီ လေးက မစားဘူးဆိုတော့ နုနီပဲ စားတော့မယ်... ပေး... ပေး”

သားက အဲဒီတော့မှပဲ ရယ်ရယ်ပြုံးပြုံး ရှိလာကာ စားဖို့ခေါင်းညိတ်ပြမှ နုနီမှာ ပြုံးနိုင်တော့စွာ မေမေပေးတဲ့ သခွားမွှေးတွေသီး ပန်းကန်လေးကို လှမ်းယူကာ သားကိုခွံ့ကျွေး





ရတာဖြစ်သည်။ မနက်ဖြန်ဆိုရင်တော့ သားလေး ရန်ကုန်ရောက် ပြီ။

ရန်ကုန်က ဒီကလေး မွေးကတည်းက နေရာဆိုတော့ သားအတွက် အသားကျပြီးသား။ နုနီ စိုးရိမ်တာက သားလေး ဒီလိုပဲ လုံးဝစကားမပြောနိုင် ဖြစ်သွားမှာ စိုးတာကိုပင်။

“တီ... တီ... တီ”

တယ်လီဖုန်းမြည်သံကြောင့် နုနီက သားကို အသီး ခွံ့နေတာမို့ မေမေက ဖုန်းကိုင်ပေးကာ နံပါတ်ကြည့်ပြီး နုနီကို လှမ်းပြောလေသည်။

“သမီးရေ... ဆရာလေးဆီကဖုန်း”

နုနီက သားကို အသီးတစ်လုတ် ခွံ့ကျွေးပြီးမှ မေမေ့ဆီက ဖုန်းလေးကို လှမ်းယူလိုက်ကာ ဖုန်းကိုင်လိုက်လေ သည်။

“ဟယ်လို... ဟုတ်ကဲ့... အစ်ကို”

“နုနီရေ... မနက်ဖြန် ကားကိစ္စ ချိတ်ပြီးပြီလား။ အဆင် ပြေရဲ့လား“



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… အကုန်အဆင်ပြေတယ် အစ်ကိုရေ။ အစ်ကို ပြောပေးထားလို့ လွယ်လွယ်ကူကူ အဆင်ပြေပြေပဲ။ အခု သားကိုတောင် မုန့်ကျွေးနေတာလေ"

"ဟုတ်လား… ရောင်နီလေးကော ဘယ်လိုနေသေးလဲ။ သူ့အတွက် ဆေးတွေ ညနေမှပဲ ကိုယ်လာပေးတော့မယ်။ ဒီနေ့က operation လူနာတွေ ရှိနေလို့လေ"

"ဟင်… ရတယ်လေ အစ်ကိုရဲ့။ အစ်ကို အလုပ်ရှုပ်နေတာပဲဟာ။ နနီပဲ လာခဲ့လိုက်မယ်လေ။ အခုလည်း နနီ အားနေတာပဲဟာ"

"အဲဒီလို လာမလား။ အင်း… အဲလိုဆိုရင်တော့ ပိုအဆင်ပြေမယ်။ ကိုယ်က ဒီည Night duty ဝင်ဖို့လည်း ရှိသေးလို့"

"ဖြစ်ပါတယ် အစ်ကိုရဲ့။ နနီ လာခဲ့လိုက်မယ်လေ။ အိုခေ… ခဏနေမှ တွေ့မယ်နော်"

နနီက ဖုန်းချလိုက်တာနှင့် မေမေက နနီကိုကြည့်ရင်းက မေးလေသည်။





"ဆရာဝန်လေးဆီ သွားရမှာလား သမီး"

"ဟုတ် မေမေ။ သားအတွက် ဆေးတွေထည့်ပေးဖို့လေ။ သူက Night duty လည်း ရှိနေသေးတယ်ဆိုတော့ နနီပဲ သွားယူလိုက်တော့မယ်လေ။ ဒီကို တကူးတက လာဖို့ရင်း အားနာစရာကြီးလေ။ ဒီကို သက်သက်လာနေရမှာစိုးလို့ နနီပဲ သွားယူလိုက်တော့မယ်လေ"

"ဟုတ်တယ်… ဟုတ်တယ်… သွားလိုက် သမီး။ မောင်သူရိန် ဒီကို တကူးတက လာနေရရင် အားနာစရာ။ အင်း အမေတို့လည်း ဒီလို စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ဆရာဝန်မျိုးနဲ့ တွေ့ရတာဟာ အဆိုးထဲက အကောင်းပဲ။ မြေးလေးအပေါ်ကိုလည်း ဂရုစိုက်တယ်။ သမီးကိုဆိုလည်း အစစ ကူညီပေးရှာတယ်"

မေမေ ဘာကိုပြောချင်နေတယ်ဆိုတာကို နနီက သဘောပေါက်ရစွာဖြင့် အပြုံးတစ်ခုဖြင့်ပင် ခေါင်းညိတ်ပြလိုက်သည်။ နောက်ပြီး သားလေးရဲ့အရှေ့မှာ သူ တစ်မျိုးထင်သွားမှာမျိုးကိုလည်း မလိုချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအံ့သူရိန်က နီနီအတွက်တော့ တကယ့်ကို ကျေးဇူးရှင် အစစ်ပါပဲ မေမေရယ်။ သူသာ နေစရာနေရာ မစီစဉ်ပေးဘူး ဆိုရင် တကယ်ကိုပဲ နီတို့ အဆင်မပြေ ဖြစ်ကြရမှာ။ နီက တော့ သူ့ကို ကိုယ့်ရဲ့အစ်ကိုတစ်ယောက်လို မိသားစု ရင်းခြာလိုမျိုးပဲ သဘောထားတယ်"

"ဘယ်လိုပဲဖြစ်ဖြစ်ပါ သမီးရယ်။ မေမေကတော့ သမီးရဲ့ ဆုံးဖြတ်ချက်အတိုင်းအတွက် အမြဲတမ်းရပ်တည်ပေးမှာပဲ"

"ကျေးဇူးတင်ပါတယ် မေမေရယ်။ မေမေ... အဲဒါဆို နီ သွားပြီး ဆေးသွားယူလိုက်တော့မယ်။ သားသား... ဘွား ဘွားနဲ့ နေခဲ့ဦးနော်။ မေမေ သားအတွက် ဦးဦးဆီကနေ ဆေးသွားယူမလို့။ မြန်မြန်ပြန်လာခဲ့မယ်"

သားက နီနီကို ခေါင်းညိတ်ပြလျှင် နီနီက သားရဲ့ နဖူးလေးကို ခပ်ဖွဖွနမ်းမွှေးကာ ထရပ်လိုက်ရင်း မေမေ့ကိုပါ နှုတ်ဆက်လိုက်သည်။





"မေမေ... အဲဒါဆို နီနီ သွားလိုက်ဦးမယ်။ ပစ္စည်းတွေ နီလာမှပဲ ထည့်ပေးမယ်နော်။ မေမေ ဘာမှမလုပ်နဲ့ သိ လား"

နီနီက မေမေ့ကို မှာခဲ့ကာ ကားသော့ဆွဲ၍ ထွက် လာခဲ့တော့သည်။

✦ ✣ ✦



www.burmeseclassic.com

www.burmeseclassic.com



ကားကို ခပ်မှန်မှန်လေး မောင်းလာချိန်မှာပဲ ဒိန်းခနဲဆိုတဲ့ ထိခတ်မှုကြောင့် ကားကို အချိန်မီ ဘရိတ်ဖမ်းလိုက်သော်လည်း သွားပြီဆိုတဲ့ အသိက တစ်ကိုယ်လုံးကို တုန်လှုပ်စေကာ အထိတ်တလန့်ဖြင့် ကားပေါ်က ဆင်းကြည့်လိုက်သည်။ ကတ္တရာမြေပြင်ပေါ်မှာ လူတစ်ယောက်က တကယ်ပဲ လဲကျသွားတာဖြစ်၏။

နန္ဒီက အထိတ်တလန့်ဖြင့် အနားတိုးသွားကြည့်ဖို့ တစ်လှမ်းချင်း လှမ်းလာခဲ့ကာ လဲနေတဲ့ အဲဒီလူကို တထိတ်ထိတ်ဖြင့် ကြည့်ဖို့ လက်အလှမ်းမှာပဲ နန္ဒီရဲ့နှာခေါင်းနှင့် ပါးစပ်ကို အနောက်ကနေ တစ်စုံတစ်ခုက ပိတ်ဖိလိုက်တာမို့ ဘယ်လိုမှ





ရှုန်းကန်၍ မရအောင် ဖြစ်နေသလို အနံ့တစ်မျိုးက အာရုံတွေကို ထွေပြားစေကာ မျက်လုံးတွေ အလိုလိုမှိတ်မိ၍ လူက ပျော့ခွေသွားပါတော့သည်။

✦ ✤ ✦



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးဖွင့်ကာ သူဟာ ကိုယ်ကိုကိုင်းလိုက်၍ နှစ်မြိုက်စွာ အိပ်ပျော်နေသော သူလေးကို ပွေ့ချီမ,၍ အိမ်ထဲသို့ ဝင်လာလိုက်သည်။

အခွင့်အရေးကို ဝီပြင်ပိုင်နိုင်စွာ အသုံးချခဲ့မှုအတွက် သူ့လက်ထဲမှာ နုနီသွေး ရောက်နေခဲ့ပြီဖြစ်၏။

သားဦးက အပြုံးတစ်ခုနှင့်အတူ အိမ်တွင်းထဲသို့ နုနီသွေးကို ပွေ့ချီမ,လာ၍ ခေါ်လာခဲ့သည်။ သူက နှစ်မြိုက်စွာ အိပ်ပျော်နေသော နုနီသွေး မျက်နှာကို အသာငုံ့မိုးကြည့်မိကာ ခုတင်ပေါ်သို့ ညင်သာစွာ ချပေးလိုက်စဉ်မှာပဲ နုနီသွေးရဲ့ မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လို့လာလေ၏။

"ဟင်... နင်... နင်..."





နုနီက နိုးတာနှင့် ဝုန်းခနဲ ပြန်ထထိုင်လိုက်ကာ သူ့ဆီက အကြောက်အကန်ကို ရုန်းကန်ထွက်၍ သူမက ရောက်နေတဲ့နေရာကို မျက်လုံးကစားကြည့်၍...

"ဒါ ဘယ်ရောက်နေတာလဲ။ နင်... နင် ငါ့ကို ဘယ်ခေါ်လာတာလဲ။ ငါ အခုပြန်မယ်"

နုနီက ဝုန်းခနဲ ထရပ်ကာ ထွက်ပြေးမယ်ပြုစဉ်ကြောင့် သူက နုနီကို ခုတင်ပေါ်သို့ ပြန်လည်ဆောင့်တွန်းပစ်လိုက်ကာ...

"မင်း ဘယ်မှသွားလို့ မရတော့ဘူး နုနီသွေး။ မင်းကို ငါ ဘယ်မှသွားခွင့်မပြုနိုင်ဘူး"

"နင်... နင်... မယုတ်မာနဲ့။ ငါ အခုချက်ချင်း ပြန်မယ်"

နုနီသွေးက ရုန်းကန်ကာ ချက်ချင်းထလိုက်လျှင် သူက အင်မတန်မှ လျင်မြန်ဖျတ်လတ်စွာဖြင့် နုသွေးနီကို လှုပ်လို့မရအောင် ဖိချုပ်လိုက်ကာ...

"နုနီသွေး... မင်းကို ငါ ဘယ်တော့မှ ပြန်ခွင့်မပြုတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင် ရူးနေလား။ နင်နဲ့ငါ ဘာဆိုင်လို့လဲ"

"ငါ့ပါးကို ရိုက်ခဲ့တဲ့ နင့်ကို ငါ လုံးဝမကျေနပ်ဘူး။ အခု မင်းဆီက ပြန်အကြွေးယူရတော့မယ့် အချိန်ရောက်ပြီ"

"အရူး.... နင် ဖြစ်ချင်သလို ဖြစ်လို့မရဘူး"

နနီသွေးဟာ သူ့ကို ဖွတ်ဆွဲဆောင့်ရုန်းကာ သူ့ပါးကို အမိအရ ပိတ်ရိုက်လိုက်လျှင် ရုတ်တရက်မို့ သူ့မှာ ရှောင်ချိန်တိမ်းချိန်က မရလိုက်ဘဲ မျက်လုံးတွေ ပြာဝေထွက်သွားသလို သူ့ရဲ့ပွက်ပွက်ဆူနေတဲ့ ဒေါသသွေးအရှိန်အဟုန်က တရားလွန်အရှိန်ဖြင့် ထိုးထွက်ပေါက်ကွဲလာကာ သူ့စိတ်တွေထဲမှာ ဘာဆိုဘာမှကို မသိတော့ မမြင်တော့။

ဒေါသဟာ အမိုက်မှောင်တွေ ဖုံးဝေ၍ မေ့ဆေးလက်ကိုင်ပဝါကို နနီသွေး နှာခေါင်းဆီသို့ အတင်းဖိအုပ်လျှင် သူဖိချုပ်ထားတဲ့ကြားက ဖွတ်ရုန်းထွက်နေတဲ့ နနီသွေးဟာ မေ့ဆေးအရှိန်ကြောင့် ရုန်းကန်ရင်းက ပျော့ခွေ ငြိမ်သက်လို့ သွားလေ၏။ သားဦးက ဒေါသတွေအလျှောက် မေ့ဆေးအုပ်မိပြီးသွားလျှင်





သူက ငြိမ်သက်စွာ အိပ်သွားတဲ့ နနီသွေးကို အသေအချာ စိုက်ကြည့်မိသွားသည်။

အရမ်းကို ထူးဆန်းလွန်းလှသည်။ ဒီမိန်းမကို သူ မုန်းတယ်ဆိုတာ မှန်သည်။ ဒါပေမဲ့ နနီသွေးတို့ ရန်ကုန်ပြောင်းမယ်ဆိုတာ ကြားလျှင် ကြားချင်းမှာ သူက ဘယ်လိုမှလဲ သည်းခံနိုင်တဲ့ နှလုံးသား မရှိတော့စွာ နနီသွေးကို ကားတင်ပြေးလာခဲ့သည်။

အခု သူ့ရဲ့အရှေ့မှာ ငြိမ်သက်စွာ ရှိနေသူဟာ နနီသွေး ဖြစ်သည်။ သားဦးက မိုင်မာသေချာသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ကာ ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကိုထုတ်လိုက်ကာ နံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"ဟယ်လို... ကိုကျော်ထက်... ဘာမှမမေးနဲ့။ ကျွန်တော်ပြောတာကိုပဲ နားထောင်။ ခင်များ အမေ့ကို သွားပြောလိုက်ပါ။ ကျုပ် မိန်းမခိုးပြေးသွားပြီ။ နနီသွေးကို ကျုပ်ခိုးပြေးသွားပြီလို့ အမေ့ကို ခင်များ ပြောလိုက်ပါ"

"ဟယ်လို... အစ်ကိုလေး... ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



သားဦးက ဟိုဘက်က အပြောကို စောင့်မနေတော့ဘဲ ဖုန်းချလိုက်ကာ အပြီးပါ ပါဝါပိတ်လိုက်သည်။ ဒီအချိန်မှာ သူ့အတွက် ဆုံးဖြတ်ချက်ဟာ မိုင်မှာပြတ်သားနေခဲ့ပြီဖြစ်သည်။ နောက် သူ ဒီဆုံးဖြတ်ချက် ချလိုက်တဲ့အတွက် မေမေ ဘယ်လောက်အထိ ရှော့ခ်ရကုန်မလဲ ဆိုတာလည်း သိသည်။

သူ့ဘက်က နုနီသွေးကို ယူမယ်လို့ အခိုင်အမာ ဆုံးဖြတ်ပြီးချိန်မှာ သူဟာ ဒုတိယလူ နောက်ပြီး သူနဲ့သိပ်တူနေတဲ့ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ဖူးခဲ့တဲ့သူ။ မသိဘူး... ဘာမှမသိချင်တော့ဘူး။

သူ့ရင်ထဲမှာ ချစ်တယ် မုန်းတယ် ခံစားချက်တွေဟာ ခွန်တွဲလိုက် ကွာဝေးလိုက်ဖြင့် ရှုပ်ထွေးမှုတွေ ဖြစ်စေကာ အမုန်းတွေလိုလို အချစ်တွေလိုလိုဖြင့် ဘာတစ်ခုမှ ဝေဝါးသေချာခြင်း၊ မရှိတော့လောက်အောင်ကို သူ့စိတ်တွေဟာ ပိန်းပိတ်နေသော အမှောင်ထုထဲကို တကယ်ကိုပဲ စုန်းစုန်းမြုပ် ရောက်လို့နေတာပဲ ဖြစ်သည်။

✦✤✦





(၁၁)

"ဘာ... အမယ်လေး"

"အန်တီ.. အန်တီ... သတိထားပါခင်ဗျ"

ကျော်ထက်က အမီလှမ်းထိန်းလိုက်တာကြောင့် ပြို့မကျသွားပေမယ့် ဒေါ်မြင့်မိုးရည်ဟာ ခေါင်းထဲမှာ တကယ်ပဲ မိုက်စနဲ့ ဖြစ်သွားရလေသည်။ သား... သားလေးက။

"ကျော်ထက်... သူတို့ အခု ဘယ်မှာလဲ"

"ဟို... အစ်ကိုလေးက အန်တီ့ကိုပဲ အကြောင်းကြားခိုင်းပြီး ဖုန်းပိတ်သွားတယ်"

"မဖြစ်စေရဘူး။ သားရယ်... မိုက်လုံးကြီးလိုက်တာ။ ငါ့သားကို ဒီလိုအဖြစ်မျိုး ဘယ်တော့မှ မဖြစ်စေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြင့်မိုးရည်က ဒေါသတကြီးဖြစ်ကာ သွေးတွေ တောင် ပွက်ပွက်ဆူလာသလား အောက်မေ့ရလေ၏။ နုနီသွေး... အဆိပ်ပြင်းတဲ့ မြွေဟောက်မ။ ပ,စားပေးခဲ့ခြင်းအတွက် ဘယ်လို မှ ထင်မထားစွာသော လုပ်ရပ်ကို လုပ်ပစ်ခဲ့တာ။ မဖြစ်ရဘူး... ဘယ်လိုနည်းနဲ့မှလဲ မဖြစ်သင့်ဘူး။

ကလေးတစ်ယောက်အမေ မုဆိုးမနဲ့ သားနဲ့ ဘယ် နည်းနဲ့မှ မဖြစ်ထိုက်တာ။

"မြင့်မိုးရည်ကို ဒါမျိုးလာစမ်းလို့ မရဘူး။ သားဦး သိပ် ဝေးဝေးလံလံ သွားမှာ မဟုတ်ဘူး။ ကျော်ထက်... ငါ့ကို ကားလိုက်မောင်းပေး"

"ဟုတ်... ဟုတ်ကဲ့ အန်တီ"

ရင်ထဲမှာ မီးတွေဟုန်းဟုန်းတောက်လောက်နေတဲ့ ဝေဒနာကို ကိုယ်သာလျှင် အသိဆုံးမို့ မာန်ကိုတင်းကာ မဖြစ် ဖြစ်တဲ့နည်းနဲ့ ခွဲဖို့အတွက် ဓားဦးပြင်ထားလိုက်တော့သည်။

✦ ✤ ✦





နုနီရဲ့ နိုးထလာမှုတွင် ခေါင်းတစ်ခုလုံးဟာ ဆယ် ပေါင်တူနဲ့ အထုခံထားရသလို လေးလံ၍ အရာရာကို ဘာမှဝေ ဝေကွဲကွဲလည်း မရှိချေ။ အတွေးထဲမှာ ချက်ချင်း သတိဝင်လာတာ တစ်ခုက အိမ်အမြန်ပြန်ရမည် ဆိုတာပဲဖြစ်၏။ နုနီ ဝုန်းခနဲ ထ ထိုင်လိုက်လျှင် အပြုံးမျက်နှာဖြင့် နုနီကို ပြုံး၍ကြည့်နေသော သူ့ကို တွေ့လိုက်ရသည်။

မျက်လုံးတွေဟာ မဝေကွဲ မသဲကွဲ ဖြစ်နေတာ ကြောင့် အသာပြန်မှိတ်၍ ဖွင့်ကြည့်လိုက်သည်။ မောင်လား... ဟင့်အင်း... ဒီအပြုံးတွေက မောင် မဟုတ်ဘူး။ နုနီရဲ့ခေါင်းထဲ မှာ အဖြစ်အပျက်တွေက တစ်ချက်ချင်းစီ တရစ်ရစ် တက်လာ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ နနီက ဆင်းပြေးတော့မည် အပြင်မှာ စကားသံတို့က နနီ ခြေလှမ်းတို့ကို တုံ့သွားစေ၏။

"မင်း ဒီအချိန်မှာ ငါနဲ့လက်ထပ်ဖို့သာ ပြင်ဆင်ထားတော့ နနီ"

"နင်… နင်…"

"မင်းကို အစကတည်းက ကိုယ်ပြောသားပဲ။ မင်းကို ကိုယ်ပြန်ခွင့်မပြုပါဘူးလို့"

နနီက ကြောက်စရာကောင်းအောင် တုန်လှုပ်အံ့သြလှစွာသောအဖြစ်သည် လူကို အကြီးအကျယ် ထိတ်လန့်သွားစေတာပဲဖြစ်သည်။ ဟင့်အင်း… မဖြစ်နိုင်ဘူး။

"ချွန်သားဦး… နင် ရူးနေလား"

"မရူးဘူး။ မင်းကို လက်ထပ်ချင်တာဟာ ရူးတာမှမဟုတ်တာ"

"ဟာ… ငါမှာ ငါမှာ သားလေးရှိတယ်လေ။ ငါ့မှာ အိမ်ထောင်ရှိတယ်လေ"





"ဟာ… မင်းယောက်ျားက သေသွားပြီလေကွာ။ အဲဒီတော့ မင်းကို ကိုယ်လက်ထပ်မှာ ဘာမှပြဿနာမရှိပါဘူး။ ပြီးတော့ မောင်မောင်ဆိုတဲ့လူနဲ့ ကိုယ့်ရဲ့ရုပ်က ဒီလောက်တူနေတာ။ မင်း ငါ့ကိုပဲ လက်ထပ်သင့်တယ် မဟုတ်ဘူးလား နနီ။ ဟို ဆရာဝန်ကို မက်မောမနေစမ်းပါနဲ့"

ချွန်သားဦးရဲ့ စကားလုံးတွေဟာ အင်မတန်မှကို သေးသိမ်နိမ့်ဖျင်းလွန်းစွာ နနီကို အထင်သေး နှိမ့်ချလွန်းလေတဲ့ စကားရပ်အတွက် နနီဟာ ချွန်သားဦးကို အင်မတန်မှ မုန်းတီးခါးတူလှစွာ လက်ရွယ်မိလိုက်လျှင် ဒီတစ်ကြိမ်တွင်တော့ ချွန်သားဦးက နနီလက်ကို ဖမ်းဆုပ်ထားကာ နနီ ခေါင်ရှန်းလည်းသူက အားဖြင့်ဖိချုပ်ထားကာ…

"ကိုယ့်ကို နာကျင်အောင် မင်းလုပ်လေ ကိုယ်က မင်းကို ပိုင်ဆိုင်ချင်စိတ်တွေ ပိုများလေပဲ"

"အရူး… နင် အရူးပဲ။ ငါ့ကိုလွှတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



နုနီနဲ့သူက ဒီမှာ ရှန်းရင်းဆန်ခတ် စကားများနေ ကြတုန်းမှာ အပြင်က တံခါးခေါက်သံကြောင့် သူကလည်း ထိတ်လန့်တကြား ဖြစ်သွားရသလို နုနီကလည်း လန့်သွားရ သည်။ နုနီနဲ့ သူနဲ့ ဒီလိုအခန်းမျိုးမှာ နှစ်ယောက်တည်း ရှိနေ တယ်ဆိုတဲ့ အဖြစ်မျိုး တစ်စုံတစ်ယောက်သာ သိသွားရင် နုနီရဲ့ ဂုဏ်သိက္ခာ သားလေးရဲ့အနာဂတ်အတွက် သိက္ခာကျမှာ ဖြစ်သလို မောင့်ကိုလည်း သစ္စာဖောက်တဲ့ အနေအထားမျိုး ဘယ်တော့မှ အရောက်မခံနိုင်ပေ။

"ဘယ်သူလဲ မသိဘူး"

တံခါးခေါက်သံက ထပ်မံကျယ်လာတာကြောင့် ချွန် သားဦးက သွားဖွင့်မယ် အလုပ်တွင် နုနီက သူ့ကိုဆွဲကာ တားရ လေသည်။

"နင် ဘာလုပ်မလို့လဲ ချွန်သားဦး။ မဖွင့်နဲ့လေ"

"ဟာ... ဘယ်သူလာမှန်း မသိဘဲနဲ့။ သွားဖွင့်မှာပေါ့။ မင်းက ဘယ်လိုဖြစ်ဖြစ် ကိုယ်နဲ့ လက်ထပ်ရမယ့် ဇနီးပဲ ဟာ။ သိပ်ကြောက်မနေစမ်းပါနဲ့"





ချွန်သားဦးက ထွက်သွားလေလျှင် နုနီက အစက ရှက်ရွံ့စိတ်ဖြင့် တားမို့ရည်ရွယ်လိုက်သော်လည်း သူ့ကို ပြန်ဒုက္ခပေးနိုင်၊ လက်စားချေနိုင်တဲ့ အကွက်ကို ဖျတ်ခနဲတွေးမိ လိုက်တာကြောင့် နုနီက ငြိမ်နေလိုက်၏။

တံခါးသွားအဖွင့်တွင်တော့ ဒေါ်မြင့်မိုးရည် ဖြစ်နေ တာမို့ နုနီ အံ့ဩနေတာထက် အဆပေါင်းများစွာ အံ့ဩရကာ မှင်တက်နေသူက ချွန်သားဦးပဲ ဖြစ်သည်။

"အ... အမေ"

"သားမိုက်... ဘယ်မှာလဲ ဟိုမိန်းမ"

ဒေါ်မြင့်မိုးရည်က သားဖြစ်တဲ့သူ့ကို ဒေါသတကြီး ကြိမ်းမောင်းရင်းက နုနီကိုပါ မေးခွန်းထုတ်တော့တာမို့ ချွန်သားဦး က ကာကွယ်ဖို့ လုပ်နေစဉ်မှာပင် နုနီက တည့်တည့်ရင်ဆိုင်လိုက် တော့သည်။

"ကျွန်မ ဒီမှာပါ အန်တီ။ အန်တီ့သား ဘယ်လောက် တောင် ရိုင်းစိုင်းယုတ်မာသလဲ။ သူ ကျွန်မကို အလိုမတူဘဲ ဒီကို ခေါ်လာတယ်။ အန်တီ့သားကို ကျွန်မ တရားစွဲမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအကြံ ဒါအကုန်ပဲလား နုနီသွေး။ မင်းဟာ ရုပ်ကလေး နဲ့ မတန်အောင်ကို မြူစွားတတ်တဲ့မိန်းမ။ ငါ့သားကို ဘယ်လိုပညာတွေသုံးပြီး နင် အရချူင်လိုက်တာလဲ။ နင့်ကို ငါက သဘောတူမယ်များ ထင်နေသလား"

"အန်တီ"

နုနီရဲ့သည်းခံနိုင်စွမ်းအားက တရားလွန်ပြီဖြစ်တာ ကြောင့် နုနီဟာ ရှိသမျှ ဒေါ်သတွေ အကုန်စုပေါင်းကာ ပေါက် ကွဲပစ်လိုက်တော့သည်။

"အန်တီ ဘယ်လိုပြောလိုက်တာလဲ။ ကျွန်မက မိကောင်း ဖခင်သားသမီး။ အန်တီ့သားလို လူရမ်းကားမျိုးကို ကျွန်မ က ဘာမက်မောရမှာလဲ။ ကျွန်မသားလေးကို ဒုက္ခတိဖြစ် အောင် လုပ်တဲ့ကောင်ကို ကျွန်မက ဘာတန်ဖိုးထားပြီး ချူင်ရမှာလဲ။ အန်တီ သားသမီးချင်း ကိုယ်ချင်းစာပြော ပေးပါ။ ကျွန်မကို ရှိုင်းစိုင်းလာအောင် အန်တီ မဆွပေးပါ နဲ့"





"ဘာပြောတယ်။ ငါ့သားကို အပိုင်မြူဆွယ်နိုင်ခဲ့ပြီဆို တော့ နင်က ကန်းတက်လာရဲ့ပြီပေါ့လေ။ ငါ..."

"မေမေ... မေမေ.. တော်ပါတော့ဗျာ။ သား တောင်းပန် ပါတယ်။ မေမေ နုနီကို ပြဿနာမရှာပါနဲ့။ ကျွန်တော် သူ့ကို လက်ထပ်မှာ"

နုနီနဲ့ ဒေါ်မြင့်မိုးရည် ကြားထဲက မီးစဟာ ပိုမကြီး လာခင်မှာ ချွန်သားဦးက နုနီရှေ့ကနေ ကာရပ်၍ပြောလျှင် မိခင် ဖြစ်သူဟာ အောင့်အည်းထားတဲ့ ဒေါ်သတွေ ပုံအောထွက်ကာ ချွန်သားဦးကို ရိုက်ပုတ်ရင်းက...

"သားမိုက်... နင် အရူးပဲ။ ငါ ဘယ်တော့မှ လက်မခံ ဘူး"

"ကျွန်တော်ကတော့ သူ့ကိုပဲ လက်ထပ်မှာပဲ အမေ"

"နင့်ကို ငါက ထောင်ထဲအရောက်ပို့မှာ"

နုနီက အစော်ကားခံစကားတွေအတွက် အင်မတန် မှ နာကြည်းမုန်းတီးလှစွာ ပြောလိုက်လျှင် ဒေါ်မြင့်မိုးရည်က နုနီ နှင့် မျက်နှာချင်းဆိုင် တည်တော့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တယ်။ ငါ့သားကို နင်က ထောင်ထဲပို့မယ် ဟုတ်လား။ နင် မြူဆွယ်လို့ ဖြစ်တဲ့ကိစ္စ။ အသက်ချင်း တောင် လဲပစ်လိုက်မယ် နုနီသွေး။ နင် ဒီလိုခြိမ်းခြောက် လည်း ငါ့သားနဲ့တော့ လ ာ်ထပ်ပေးလိမ့်မယ် မထင်နဲ့"

"အန်တီက တော်တော်ကြောက်စရာကောင်းတာပဲ။ ကိုယ့် သားမှ သားလို့ထင်တဲ့ အန်တီ့သား ဘဝပျက်စေရမယ်လို့ ကျွန်မ စိန်ခေါ်တယ် အန်တီ။ အခုကိစ္စက အလိုမတူဘဲ ခေါ်လာတာ...

သူ့ကို ကျွန်မ ထောင်ထဲအရောက်ပို့ပြမယ်"

နုနီက ထွက်သွားဖို့ပြင်လျှင် ချွန်သားဦးက နုနီရဲ့ လက်ကိုဆွဲထားကာ...

"နုနီ... မင်း မသွားရဘူး။ မင်းကို ငါ လက်ထပ်မှာ"

"လွှတ်စမ်း... လူယုတ်မာ။ ငါ ဒီအိမ်က ထွက်တာနဲ့ နင် ထောင်ကျပြီ မှတ်ထားပေတော့"

"နင်က... နင်ကများ... အား... အား"





ဒေါ်မြင့်မိုးရည်က ပွက်ပွက်ဆူနေသော ဒေါသအရှိန် အဟုန်တို့ဖြင့် နုနီဆီ ပြေးဝင်လာကာ လက်အရှယ်မှာပဲ နှလုံး ထဲက စူးထိုးအောင့်လာကာ ပစ်လဲကျသွားသည်။

"မေမေ... မေမေ..."

နုနီက မြန်ဆန်လွန်းအားကြီးလှသော ကြောက်စရာ အဖြစ်အပျက်တွေအတွက် ခါးသီးလွန်းလို့ အဲဒီလဲကျသွားတဲ့ ဒေါ်မြင့်မိုးရည်ကို ကြည့်ကာ အံကြိတ်မိသွားသည်။

✦✤✦



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

"စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့ နုနီရယ်။ ကိုယ်က ဖြစ်သင့်တာကို ပြောပြတာပါ။ နုနီ မကျေနပ်တာ မှန်တယ်။ ဒါပေမဲ့ နုနီ ကိုယ့်အတွက်ကိုယ် ငဲ့ရဦးမယ်လေ"

နုနီက ကျစရာ မျက်ရည်တောင် မရှိတော့ဘွာ နာကျင်လွန်းတဲ့ စိတ်အတွက် အံတင်းတင်းကြိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ နုနီ rape ပြုကျင့်ခံရမှုပုဒ်မ အလိုမတူဘဲ ကားတင်ပြေးခံရမှုတွေအတွက် ပုဒ်မတွေ တသီတတန်းတပ်ကာ တရားစွဲ၍ ချွန်သားဦးကို ထောင်ထဲအရောက် ပို့ဖို့အတွက် နုနီက ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားသော်လည်း ကိုအံ့သူရိန်နှင့် မေမေက ဖွတ်တားနေကြတာပဲ ဖြစ်သည်။





"ဟုတ်ပါတယ် သမီးရယ်။ တစ်ရက်က နှစ်ရက်တွေဖြစ်ပြီး အမေ့သမီးလေးပဲ ဒုက္ခရောက်မှာ။ ဒီကိစ္စတွေကို ရဲကိုတိုင်တာနဲ့ သမီးက စစ်ဆေးခံရမှာ။ လူသိရှင်ကြားတွေ ဖြစ်ကုန်ပြီး ပိုဆိုးကုန်လိမ့်မယ်"

"အဲဒါဆို သမီးက ဒီအတိုင်း ငြိမ်နေရမှာလား။ ဒီလူယုတ်မာကို"

"နုနီ... ညီမ စိတ်ကိုထိန်းစမ်း။ အစ်ကို ပြောတာကို ခဏလေးနားထောင်။ အန်တီပြောတာ မှန်တယ်။ ဒီကိစ္စတွေအတွက် နုနီ ဘယ်လောက် ခံစားနေရတယ်ဆိုတာကို အစ်ကိုတို့ သိတယ်...

ဒါပေမဲ့ အဲဒီလို စွဲချက်တွေ တင်ပြီဆိုရင် ဟိုလူ ထောင်ကျမယ်။ ညီမ နာမည်ပျက် မဟုတ်ပေမယ့် ဒီကိစ္စကြီးက လူသိရှင်ကြား ဖြစ်သွားလိမ့်မယ်...

ပိုဆိုးတာက ညီမရဲ့သားလေး။ ရှေ့မှာ ထိတ်လန့်ခဲ့မှုကြောင့် သူ့အသံတွေ ပျောက်ဆုံးနေချိန်မှာ သူ့အမေ



www.burmeseclassic.com

www.burmeseclassic.com



သတင်းကို ထပ်ကြားလိုက်ရရင် သူ ဘာဖြစ်သွားမလဲ။ ရောင်နီ့ကို ငဲ့ပါဦး ညီမရယ်။ ချွန်သားဦးက ညီမအမျိုးသားကိုမောင်မောင်နဲ့ သိပ်တူနေတာဟာ ထည့်စဉ်းစားရမယ့်အချက်ပဲ။ ချွန်သားဦး ဘာပဲဖြစ်ဖြစ် ဖြစ်သွားလို့ရပေမယ့် ရောင်နီလေးရဲ့စိတ်ထဲမှာ သူ့အဖေဆိုတဲ့ ပုဂ္ဂိုလ်ကို ကြောက်စိတ်တွေ မုန်းစိတ်တွေ ပိုပြီးဆိုးဝါးလာရင် သူ့ကျန်းမာရေးကိုပါ ပိုထိခိုက်နိုင်တယ် နုနီ...

ဒီအချိန်မှာ ကိုယ် ဒီစကားပြောတာဟာ နုနီကို ပွဲလန့်တုံး ဖျာခင်းတာလည်း မဟုတ်ဘူး။ ကိုယ့်ရင်ထဲက တကယ့်စစ်မှန်သော စကားပါ။ ဖြစ်ပျက်ခဲ့တဲ့ ညီမရဲ့ အတိတ်တွေ အားလုံးကို ပြည်ဖုံးကားချပြီး မေ့ပစ်လိုက်ပါ။ ကိုယ် ညီမကို လက်ထပ်ပါရစေ။ ကိုယ်တို့ ဒီမြို့ကထွက်သွားမယ်။ တစ်နေရာမှာ အခြေချပြီး ပျော်ရွှင်မှုတွေ ပြန်တည်ဆောက်မယ်။ ကိုယ့်ကို လက်ခံပေးပါ"





နုနီက ကြားလိုက်ရတဲ့ စကားကြောင့် အံ့အားသင့်ရွာ ကိုအံ့သူရိန်ရဲ့မျက်နှာကို ငေးကြည့်မိသွားသည်။ သူ ပြောနေတာတွေက တကယ်ဆိုတာ နုနီ သိပေမယ့် နုနီရဲ့စိတ်အာရုံတွေဟာ ပိုပြီးတော့ကို ရှုပ်ထွေး ထွေပြားလာတာကြောင့် နုနီက မျက်လုံးစုံမှိတ်ကာ ခေါင်းတွေကို တွင်တွင်ခါယမ်းပစ်လိုက်ရင်း...

"ဟင့်အင်း... ဘာမှဆက်မပြောပါနဲ့တော့။ ကျွန်မ ဘာမှ မကြားချင်ဘူး"

"နုနီ... နုနီ"

"သမီး"

နုနီက ပိန်းပိတ်နေအောင် မွန်းကျပ်လှောင်မြိုက်နေတဲ့ ဒဏ်တွေကို မခံနိုင်တော့စွာ ခေါင်းကို တွင်တွင်ယမ်းရင်း အိမ်ထဲပြေးဝင်လာရင်း အိပ်ရာထက်မှာ ပစ်လှဲချလိုက်မိသည်။ မျက်လုံးမှိတ်လိုက်လျှင် အာရုံထဲမှာ ပေါ်လာသည်က မောင်။ နုနီတို့ ဘာမှမရှိခဲ့ချိန်ကတည်းက တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ခဲ့ အားပေးမှုတွေဖြင့် ရှေ့ဆက်ဖို့ ခွန်အားတွေ မွေးမြူခဲ့တဲ့ အချိန်ကာလကို ပြန်လည်မြင်ယောင်လို့ လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီ... မောင်တို့မှာ သားလေးရှိလာပြီဆိုတော့ မောင် အရင်ထက်ပိုပြီး ကြိုးစားမယ်။ မောင်ကတော့ သားကို ခြံနဲ့တိုက်နဲ့ ခမ်းခမ်းနားနား နေနိုင်အောင် ကြိုးစားမယ် ကွာ။ မောင့်သားကို ဆရာဝန်ကြီး အင်း... ပြီးရင် နာမည် ကျော် အဆိုတော်ကြီး ဖြစ်စေရမယ်"

"အမယ်လေး... မောင်ရယ်။ စိတ်ကူးက ယဉ်ပါ့။ သူ့ သားက ပုခက်ထဲပဲ ရှိသေးတဲ့ဟာ"

"ယဉ်ရမယ်ကွ။ ယဉ်ရမယ်။ မောင့်ဘဝမှာ စိတ်ကူးယဉ် ပြီး မဖြစ်တာတွေ သိပ်များတယ်။ ဆရာဝန် မောင် သိပ် ဖြစ်ချင်ပေမယ့် ဖေဖေ အလုပ်တွေ ပင်ပင်ပန်းပန် လုပ် ရတာကို မကြည့်ရက်လို့ ဝါသနာကို စွန့်လွှတ်ခဲ့ရဖူးတယ်။ ဆရာဝန်ဖြစ်ဖို့ ကုန်ကျစရိတ်တွေကို ဖေဖေ မထမ်းနိုင်ဘူး ဆိုတာ မောင် သိတယ်လေ။ မောင့်အတွက်နဲ့ အပင်ပန်း မခံစေချင်လို့ စွန့်လွှတ်ခဲ့ရတဲ့ဘဝကို သားကို မောင်ဖန်တီး ပေးချင်တယ်။ ပြီးတော့ အဆိုတော်ကြီးလည်း ဖြစ်စေချင်





တယ်ကွာ။ မောင့်ဘဝက ချိုးချိုးငုံငုံနဲ့ ကြီးပြင်းခဲ့ရတော့ ဖြစ်ချင်တာတွေနဲ့ လွဲရတာတွေ သိပ်များတယ်...

မောင့်သားကိုတော့ ဘာမဆို လိုတရအောင် မောင် ကြိုးစားရမယ်"

"ဟုတ်ကဲ့ပါ...။ မောင်... မောင့်ရဲ့နောက်မှာ နီနဲ့သားက အမြဲတမ်း ထက်ကြပ်မကွာ ရှိနေမယ်"

"သိပ်ချစ်ဖို့ကောင်းတဲ့ မောင့်မိန်းမ"

ကြည်နူးပျော်ရွှင်မှုတွေဖြင့် ရယ်မောခဲ့ရတဲ့ အချိန် လေးတွေ ပြန်တွေးမိချိန်မှာ နုနီဟာ စိတ်ထဲက အလိုလို ပြုံးမိ လာသလို အခုပဲ ဘေးနားမှာ မောင် ရောက်လာသလို ခံစားလိုက် ရတာပဲဖြစ်၏။ နုနီရဲ့ ကြည်နူးမှုလေးဟာ ဆပ်ပြာပူဖောင်းတစ်ခု လို ဖောက်ခနဲ ကွယ်ပျောက်သွားသလိုမျိုး နုနီရဲ့နဖူးထက်ကို ကြည်နူးစွာ အနမ်းပွင့် ခြွေနေတဲ့ မောင်က အသွင်ပြောင်းကာ နုနီကို ဆောင့်တွန်းပစ်လိုက်၏။ ကြမ်းတမ်းရင့်သီးမှုတွေက အရိပ်တွေ ထင်လာသလို ခံစားလာရကာ လူက အသက်ရှူကျပ်



www.burmeseclassic.com

www.burmeseclassic.com



လာတာကြောင့် နုနီမျက်လုံးတွေ အလျှင်အမြန် ဖွင့်ချလိုက်သည်။ မောဟိုက်နွမ်းနယ်နေသော နုလုံးသားအတွက် ဖော်ပြစရာစကား လုံးရယ် မရှိတော့လောက်အောင် ပင်ပန်းလွန်းလှပေမယ့် နာကျင် ရသော စိတ်ဒဏ်ရာအတွက် ဒေါသအရှိန်ကြောင့် တစ်ခုခု ဖြစ် အောင်တော့ လုပ်ပစ်ချင်သည်အထိ အငြိုးမာန်များ ဖွဲ့ဖြစ်၏။

✦ ✤ ✦





အမေ့ရဲ့အခြေအနေဟာ သူ ဘယ်လိုမှ မမျှော်မှန်းထားတဲ့ အနေအထားတစ်ခုသို့ ရောက်ရှိသွားကာ ဆေးရုံကိုချက်ချင်းတင် Operation လုပ်လိုက်ရတဲ့အထိ ဖြစ်သွားကာ အောက်ဆီဂျင်ဖြင့် အသက်ရှူနေရသော အခြေအနေတစ်ခုထိ ဖြစ်ပျက်သွားတာတွေအတွက် သူဟာ တကယ်ပဲ မယုံနိုင်လောက်အောင် ဖြစ်ရလေသည်။

သူ့အမေဟာ အင်မတန်မှ စိတ်ဓာတ်မာကြောသူ တစ်ဦး ဖြစ်ပါရက် အခုလောက်ထိ နှလုံးရောဂါဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားသွားရတာဟာ အတိအကျကို သူ့ကြောင့်ပင် ဖြစ်၏။ အမေနှင့်သား ဒီနှစ်ယောက်တည်းရှိတဲ့ ဘဝမှာ မေမေ့ကို သူ ဘာမှမဖြစ်စေလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



သားဦးက မေမေရဲ့လက်တွေကို ဆုပ်ကိုင်ထားကာ မေမေ ဘာမှမဖြစ်ဖို့ ဆုတောင်းနေစဉ်မှာပဲ မေမေက သတိရလို့ လာလျှင် သူက စိုးရိမ်တကြီးဖြင့် မေမေ့ကို မေးရလေသည်။

"မေမေ... မေမေ... နေရတာ သက်သာရဲ့လားဟင်"

မေမေက သူ့ကို စိုးရိမ်တကြီး မျက်နှာဖြင့်ကြည့် ကာ အတင်းကို အားယူပြီး ပြောလေသည်။

"သား... သား... နုနီ...ကို လက်မထပ်ပါနဲ့။ မေမေ သ... သဘောမတူဘူး"

မေမေ့ဆီက ဒီစကားပဲ ကြားရတာမို့ သားဦးက တကယ်ပဲ စိတ်တော့ ပင်ပန်းရလေသည်။ မေမေဟာ ဒီကိစ္စမှာ သိပ် sensitive ဖြစ်တယ်ဆိုတာကို သူ နားလည်ပေးနိုင်ပါသည်။ သူ့ကို ကလေးတစ်ယောက်အမေ မုဆိုးမလေးနဲ့ အမေက ဘယ်လို မှ သဘောတူမှာ မဟုတ်ဘူးဆိုတာ သူသိသည်။ ခက်တာက သူ ကိုယ်၌ကိုက နုနီသွေးကို သိပ်မုန်းနေသလို တစ်ဖက်ကလည်း သိပ်ချစ်လမ်းလွှန်းနေတယ် ဆိုတာကို သူသိသည်။





"လောလောဆယ် အမေ့ကျန်းမာရေးက အရေးကြီးပါ တယ်"

"အမေ့ကို စိတ်မပူပါနဲ့။ သား... အမေ ကျော်ထက်နဲ့တွေ့ ချင်တယ်။ ကျော်ထက်ကို ခေါ်ပေးပါ"

"အလုပ်ကိစ္စတွေအတွက် ခေါင်းထဲထည့်မနေပါနဲ့ အမေ ရာ။ ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ"

"ဟင့်အင်း... ငါ့သား နားမလည်ပါဘူး။ ခေါ်ပေးစမ်းပါ"

အမေက တကယ်ကိုပဲ ဖွတ်မို့ သားဦးက အပြင် မှာ စောင့်ပေးနေတဲ့ အမေ့မန်နေဂျာ ကျော်ထက်ကို သွားခေါ်လာ ခဲ့၏။ ကျော်ထက် ရောက်လျှင်တော့ မေမေက သူ့အတွက် အင်မတန် စိုးရိမ်ပူပန်နေကြောင်း သိသာလှစွာ ကျော်ထက်ကို ညွှန်ကြားနေတာဖြစ်သည်။

"မောင်ကျော်ထက်... မင်း နုနီသွေးတို့အိမ်ကို သွားပြီး အမှုမလုပ်ဖို့ ရအောင်တောင်းပန်ပေးပါ"

"အမေ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဝင်မပြောနဲ့ သားဦး။ မောင်ကျော်ထက်... အန်တီကို ကူညီပေးပါနော်။ အမိ... အမိက,က သားကို အ... မလုပ်ဖို့ပါဘဲ"

"စိတ်မပူပါနဲ့ အန်တီ။ ကျွန်တော် သွားလိုက်ပါ့မယ်။ ဒီအချိန်ထိ သူတို့ဘက်ကလည်း ဘာမှလှုပ်ရှားမှု မရှိသေးဘူး၊ မစိုးရိမ်ပါနဲ့ အန်တီ။ ကျန်းမာရေးသာ ဂရုစိုက်ပါ။ ကျွန်တော် အခုပဲ သွားလိုက်ပါ့မယ်"

ကျော်ထက် ထွက်သွားလျှင်တော့ သူက မေမေ့ကို ကြည့်လိုက်မိလျှင် မေမေက ကိုယ့်ရောဂါကိုတောင် ဂရုမစိုက်အားသေး။ သူ့ကိုပဲ စိုးရိမ်ပူပန်မှုတွေ ကြီးနေစွာ တထိတ်ထိတ်မှာနေတာဖြစ်၏။

"သား... မေမေ့ကို ကတိပေးပါ။ နုနီသွေးနဲ့ မပတ်သက်ပါနဲ့တော့။ အဲဒီ ကတိပေးပါ"

"မေမေရယ်... ကျန်းမာရေးကိုသာ ဂရုစိုက်ပါ"

"မင်းမှ ကတိမပေးရင် ဘယ်လိုပဲကုကု ကောင်းမှာ မဟုတ်ဘူး။ သား ကတိပေးပါ"





သားဦးက တကယ့်ကိုပဲ ကျဉ်းကျပ်ကာ စိတ်ပင်ပန်းရတာပဲ ဖြစ်သည်။ ဘာဖြစ်လို့များ သူ့ရင်တွင်းရေးကိစ္စဟာ ဒုက္ခများသွားသလဲလည်း မပြောတတ်ပါ။ အမေတောင်းတဲ့ကတိက သူ့အတွက်တော့ တော်တော်လေး ခက်ခဲမှု ဖြစ်စေတာပဲ ဖြစ်၏။

သူကိုယ်တိုင်ဟာလည်း စိတ်တွေဟာ ဝေခွဲမရဖြစ်နေတာဖြစ်၏။ နုနီသွေး ရန်ကုန်ကို အပြီးပြန်ပြောင်းတော့မယ်ဖြစ်သလို ဟိုဆရာဝန်နှင့် ပတ်သက်နေတာတွေ သူသိလိုက်တဲ့အချိန်မှာ သူ့စိတ်ဟာ စိတ်ရိုင်းတွေ ဝင်လာကာ နုနီသွေးကို ကားတင်ပြေးမိသည်။ သူလုပ်ခဲ့တဲ့ အမှားဟာ ပြင်မရဘူး ဆိုပေမယ့် အဲဒီအမှားကနေ ကျူးလွန်ပြီး ရှောင်ပြေးတဲ့ သူမျိုးတော့ သူ ဘယ်တော့မှ အဖြစ်မခံနိုင်ပေ။

နုနီကို အရယူ ပိုင်ဆိုင်ဖို့ သိမ်းပိုက်ခဲ့တယ် ဆိုတာဟာ သူမနဲ့ ဝေးမသွားချင်စိတ် နောက်ပြီး နုနီရဲ့သား ရှောင်နီဒီချာတိတ်ဆီက သူ့ကို ကြောက်ရွံ့နေတဲ့ အရိပ်တွေကို ဖျောက်ပစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား... ကတိပေးပါ"

မေမေ့ဆီက နောက်ထပ် တောင်းဆိုသံ ထွက်လာလျှင် သားဦးက မေမေ့လက်တွေကို ဆုပ်ကိုင်ထားလိုက်ရင်း...

"သား အမှားအတွက် ဘားမှာ တာဝန်ယူစိတ်တော့ ရှိရလိမ့်မယ် အမေ။ ကျွန်တော် အမုန်းစိတ်ကြောင့် ရအောင်ယူခဲ့တယ်။ သား လူဆိုးဖြစ်ပါစေ အမေ။ ကိစ္စမရှိဘူး။ ဒါပေမဲ့ လူယုတ်မာတော့ အဖြစ်မခံနိုင်ဘူး"

"မင်းကွယ်... မေမေ့ကို သောကရောက်အောင် လုပ်နေတာပဲ။ မင်း အမေ့ဘက်က ခံစားချက်ကိုလည်း နည်းနည်းလောက်တော့ ကိုယ်ချင်းစာကြည့်ပေးသင့်တယ်။ အား..."

"မေမေ... မေမေ... ဒီအကြောင်းတွေ နောက်မှပြောကြရအောင်နော်။ မေမေ မောနေပြီ"

"ငါ မမောဘူး ချွန်သားဦး။ မင်း ငါ့ရင်ကို စုံကန်ထွက်သွားမှသာ ငါ့ရင်ကျိုးကျန်ခဲ့ရမှာ။ သားရယ်... ကိုယ့်အပေါ်ကိုလည်း ကောင်းတဲ့ မိန်းကလေးတစ်ယောက်





မဟုတ်ဘူး။ ပြီးတော့ ကလေးအမေ။ မင်း မေ့လိုက်ပါ။ မေမေ အဲဒီမိန်းကလေးထက် အဆပေါင်းများစွာသာတဲ့ သူကို ရှာပေးနိုင်တယ်"

"မဟုတ်ဘူး မေမေ။ ကျွန်တော့်မှာ တာဝန်ရှိတယ်။ နုနီရဲ့သားလေးက သားကြောင့် အသံမထွက် စကားမပြောနိုင်တဲ့ဘဝကို ရောက်နေရတယ်။ ကျွန်တော် မေမေ့ကို စိတ်မဆင်းရဲစေချင်ပါဘူး။ ဒါပေမဲ့..."

မေမေ့ရဲ့မျက်နှာက တင်းမာထန်နေကာ သူ့ရဲ့စကားလုံးတွေအတွက် သူ့ကို တင်းထန်စွာကြည့်၍...

"စမ်းကြည့်လိုက် ချွန်သားဦး။ ငါကလည်း မင်းရဲ့အမေပဲ။ ငါ မယူရဘူးလို့ တားမြစ်ထားတဲ့ ကိစ္စတစ်ခုကို မင်းလည်း ဘယ်တော့မှ ဖန်တီးခွင့်ရမှာ မဟုတ်ဘူး။ နုနီသွေး အမှုဖွင့်ခဲ့ရင်တောင် ငါလိုအမေက ခွင့်မလွှတ်ဘူးဆို မင်း ဘာဖြစ်ဖြစ် မျက်ရည်တစ်စက်တောင် ကျမှာမဟုတ်ဘူး။ မင်း ရှေ့ဆက်တိုးကြည့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ရဲ့သံပြတ်အဆုံးမှာ မောသွားဟန်ဖြင့် မျက်လုံးတွေ မှိတ်ထားလိုက်သည်။ မေမေနှင့် နုနီသွေးဟာ သိပ်ပြီး ရင်းနှီးချစ်ခင်ပါရက်သားနဲ့ နုနီဘဝကို မေမေ စာနာတယ် သနားတယ် သိပ်ပြောပါရက်သားနဲ့ သူ နုနီသွေးကို လက်ထပ်ချင်ပါတယ် ဆိုတော့မှ ဘာကြောင့်များ လမ်းလွဲသွားခဲ့ရတာလဲ။

✦ ✤ ✦





(၁၃)

"နို့ကို အစစအရာရာ အဆင်ပြေအောင် ကူညီပေးခဲ့တဲ့ အစ်ကို့ကို ကျေးဇူးအများကြီး တင်ပါတယ်။ ဒါလေးကို ပြန်လက်ခံပေးပါနော်"

အံ့သူရိန်က နုနီပေးတဲ့ သော့လေးကို မြင်လိုက်တာနှင့် တန်းသဘောပေါက်ရကာ နုနီ မျက်နှာကို ကြည့်လိုက်ရင်း...

"နုနီ... ဒါ ဘာလုပ်တာလဲ။ ကိုယ့်စေတနာတွေပါ အသိအမှတ် မပြုတော့တာလား"

"အဲလို... အဲလို မဟုတ်ပါဘူး။ အစ်ကိုက နုနီတို့သားအမိတွေအတွက် တကယ့်ကို ကျေးဇူးရှင်ပါ။ မနေ့တုန်းက နုနီ သေသေချာချာ စဉ်းစားပြီးသွားပါပြီ။ လူတစ်ယောက်

www.burmeseclassic.com



ဟာ ကံသိပ်ကောင်းနေရင်လည်း အဲဒီကံဟာ အမြဲတမ်းကောင်းမနေနိုင်ဘူးဆိုတာ နှလုံးသွင်းလိုက်ရင် အခု နုနီ ကံဆိုးနေတဲ့ ကိစ္စတွေကို ဖြေသိမ့်နိုင်ပါတယ်…

ဒီနေရာက ကိုယ့်အတွက် မကောင်းရင် တခြားနေရာကို ပြောင်းရမှာ သဘာဝပဲလေ။ နုနီရဲ့မိသားစုဘဝကို နုနီပဲ ထိန်းကျောင်းပါ့မယ်။ အဲဒါကြောင့် ဘယ်သူ့အကူအညီကိုမှ မယူဖို့ ဆုံးဖြတ်လိုက်တာပါ အစ်ကို”

“မဟုတ်သေးဘူး ညီမ။ မနေ့က ကိုယ်ပြောခဲ့တဲ့စကားကို နုနီ စိတ်ဆိုးသွားတယ်ဆိုရင် ကိုယ်တောင်းပန်ပါတယ်။ ကိုယ့်ကို ဟိုအရင်တုန်းကလိုပဲ မိတ်ဆွေကောင်းတစ်ယောက်အဖြစ် သဘောထားတာကို မပြောင်းလဲစေချင်ဘူး”

အံ့သူရိန်က စိုးရိမ်ပူပန်စွာဖြင့် အရင်လို အခင်အမင်မရတော့မှာ စိုးရိမ်နေတာကို နုနီက သဘောပေါက်ရစွာ သူ စိတ်မပူစေဖို့အတွက် ပြောပြလိုက်သည်။





“အစ်ကိုက နုနီတို့အတွက် မိတ်ဆွေကောင်းထက်တောင် ပိုနေသေးတဲ့ မိသားစုတစ်ယောက်လိုပါပဲ။ နုနီအပေါ်မှာထားရှိတဲ့ အစ်ကို့မေတ္တာတရားကိုလည်း နုနီ ကျေးဇူးတင်ပါတယ်။ နုနီ ဘဝအတွက်ကတော့ သားလေးကိုပဲ ပုံပိုးပေးတဲ့ မိခင်ကောင်းဘဝနဲ့ပဲ ဖြတ်သန်းသွားတော့မှာပါ…

နုနီဘက်က အမှုမလုပ်ဖြစ်အောင် တားပေးတဲ့အစ်ကို့ကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး”

“ကိုယ်တို့တွေ ခဏလေး တွေ့ဆုံခဲ့တယ် ဆိုပေမယ့် နုနီကို ကိုယ့်ဘက်က တကယ့်စိတ်ရင်းနဲ့ နှစ်နှစ်ကာကာ ခင်တွယ်ခဲ့မိတာပါ။ ဘယ်တော့ပဲဖြစ်ဖြစ် ကိုယ် နုနီရဲ့မိတ်ဆွေကောင်းအဖြစ် ရှိနေမယ်”

“ကျေးဇူးပါပဲ အစ်ကို။ နုနီတို့ သန်ဘက်ခါ ပြောင်းမယ်”

“အိမ်အတွက် နုနီ အဆင်ပြေပါ့မလား။ ကိုယ့်ကို မိတ်ဆွေတစ်ယောက်လို သဘောထားရင် ကိုယ့်အကူအညီကိုတော့ မငြင်းပါနဲ့ နုနီရယ်… နော်”



www.burmeseclassic.com

www.burmeseclassic.com



နနီက လက်မခံဖို့ ဆုံးဖြတ်ထားတဲ့အပေါ် ပြန်လည် ခေါင်းညိတ်ဖို့တော့ ဘယ်တော့မှ လုပ်မှာမဟုတ်ချေ။ နနီတို့ ပြောင်းရွှေ့မှုအတွက် အခက်အခဲက အတော်လေးရှိတယ်ဆိုသော် လည်း နနီ ကားလေးရောင်းလိုက်လျှင် အနည်းနဲ့အများတော့ အဆင်ပြေသွားမှာပဲ ဖြစ်၏။

သားကို ဆေးကုဖို့စရိတ်တွေ၊ အိမ်ငှားနေရမယ့် စရိတ်တွေကို တွက်ကြည့်မိလျှင် ရင်မောရပေမယ့် အားလုံးကို ပြေလည်အောင် နနီ ဖြေရှင်းနိုင်မယ်လို့ယုံကာ ခွန်အားမွေးထား တာမို့ နနီ ဘယ်သူ့အကူအညီကိုမှ တကယ့်ကို မလိုချင်ပြီ။

"နနီ ကိုယ့်ဘာသာ အဆင်ပြေအောင် စီစဉ်နိုင်ပါတယ်"

စကားပြောနေရင်း မြည်လာတဲ့ ဖုန်းသံလေးကြောင့် နနီက စကားစဖြတ်ကာ ဖုန်းနံပါတ်ကြည့်လိုက်လျှင် နံပါတ်က အစိမ်းဖြစ်နေတာမို့ နနီက အစ်ကို့ကို "ခဏနော်"ဟု ပြောပြီး နောက် ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"





"အေး... သမီး... နနီလား"

နနီက အသံသိပ်မကျက်မိသေးတာကြောင့် ဘယ်သူ များပါလိမ့်ဆိုတဲ့ ယောင်နနအတွေးနှင့်အတူ ခေါင်းပါညိတ်မိရင်း ပြန်ဖြေလိုက်သည်။

"ဟုတ်ပါတယ်"

"နနီ... အဖေပါကွ"

အဲဒီ အသံကြောင့် နနီက အလိုလို ပြုံးမိသွားကာ အသံက တက်ကြွသွားကာ...

"အဖေ... ဟုတ်ကဲ့... ဟုတ်ကဲ့။ နေကောင်းလား"

"ကောင်းတယ် သမီးရေ။ ငါ့သမီးကို ဝမ်းသာစရာကိစ္စ ပြောစရာရှိလို့ပေါ့။ အဖေ ထီပေါက်တယ်ကွ။ သိန်းထောင် ငါးရာဆုကြီး ပေါက်တာ"

ကြားလိုက်ရတဲ့ သတင်းစကားက တကယ့်ကို ပျော်ရွှင်စရာပဲမို့ နနီက တကယ်ကိုပဲ မျက်ရည်လည်မတတ် ဝမ်းသာပေးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်… ဝမ်း… ဝမ်းသာလိုက်တာ ဖေဖေရယ်။ ဒီ… အခု ပေါက်တာပေါ့နော်"

"ဟုတ်တယ် သမီးရေ။ ကြားကြားချင်းပဲ ငါ့သမီးဆီ ဝမ်းသာလွန်းလို့ ဆက်လိုက်တာ"

"နီ တကယ်ပဲ ဝမ်းသာလွန်းလို့ ဘာပြောရမယ်မှန်းတောင် မသိတော့ဘူး"

"အေးကွာ… ဘဝမှာ တကယ့်ကို ကံထူးမှုကြီးတစ်ခုပဲ။ အဖေ့မြေးအတွက် ဆေးကုလို့ ရပြီကွာ။ နိုင်ငံခြားအထိ သွားကုမယ်။ ငါ့သမီးလည်း ပင်ပင်ပန်းပန်း အလုပ်လုပ်ဖို့ မလိုတော့ဘူးကွာ"

နုနီက တက်ကြွရွှင်မြူးစွာ ပြောနေလေသော အဖေ့စကားကြောင့် ရင်ထဲမှာ တကယ်ကိုပဲ ကြည်နူးမိသွားသလို ရေနစ်နေချိန်မှာ အားကိုးရာတစ်ခု ဖြစ်သွားသလိုမျိုး ခံစားရပေမယ့် တကယ်တမ်းကျ အဲဒီလိုမျိုးကြီးလည်း နုနီ မဖြစ်ချင်ပေ။

"တကယ်ပဲ နုနီ ဝမ်းသာပါတယ် ဖေဖေရယ်"





"ဝမ်းသာနေရုံနဲ့ မပြီးသေးဘူးလေကွာ။ အဖေရဲ့အောင်မြင်မှုဟာ ငါ့သမီးနဲ့ မြေးရဲ့ အောင်မြင်မှုပဲပေါ့ကွ။ ငါ့မြေးလေးနဲ့ အရမ်းတွေ့ချင်တယ်ကွာ။ ဒီလိုလုပ် အဖေ ဒီညကားနဲ့ ထွက်လာခဲ့မယ်။ ငါ့သမီးတို့နဲ့အတူ ရန်ကုန်ပြန်ပြီး ဆုငွေအတူထုတ်ကြမယ်"

"ဟို… ဟို… အဖေ… ပင်ပန်းပါတယ်။ နုနီက…"

"ဘာမှပြောမနေနဲ့။ အဖေ ဒီညကားနဲ့ပဲ ထွက်လာခဲ့မယ်။ တို့မိသားစုတွေ ရွှေသိမ်တော်ဘုရားကြီးကို ဦးတိုက်ပြီးမှ ဆုငွေသွားထုတ်ဖို့ စီစဉ်ကြမယ်ကွာ။ အဖေ့မြေး မျက်နှာလေးကိုလည်း မြင်ချင်သေးတယ်ကွ။ ဒါပဲ… ဒါပဲ… ငါ့သမီးရေ။ ဒီမှာ ဧည့်သည်ရောက်လာလို့"

အဖေက ဖုန်းချသွားလျှင် နုနီက ဘာမှဆက်ပြောလို့ မရတော့တာမို့ ဖုန်းချလိုက်လျှင် မေမေက အိမ်ထဲက ထွက်လာကာ…

"သမီး… ဘယ်သူ့ဆီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့ဆီကပါ မေမေ။ သူ သိန်းတစ်ထောင်ငါးရာထိ ပေါက်တယ်တဲ့။ အရမ်းကို ဝမ်းသာနေပြီး နီတို့ဆီ ဒီည ကားနဲ့ လိုက်လာမလို့တဲ့"

"ဟယ်... ဘုရားရေ။ ကံကောင်းလိုက်တာကွယ်"

အဲ့သူရိန်က မေမေနှင့် နုနီ ပြောနေကြတာကို နားမလည်နိုင်တဲ့ပုံဖြင့် နုနီကို ကြည့်လိုက် မေမေ့ကိုကြည့်လိုက်ဖြင့်မို့ နုနီက အသာပြုံးမိသွားကာ ရှင်းပြလိုက်သည်။

"ခုနက ဖုန်းဆက်တာက နုနီရဲ့ယောက္ခထီးလေ။ သူ ထီပေါက်လို့တဲ့။ ဝမ်းသာပြီး ဖုန်းလှမ်းဆက်တာ"

"ဩော်... အဲဒီလိုကိုး။ ကိုယ်က နုနီ မေမေ ခေါ်နေတော့ နည်းနည်းနားရှုပ်သွားတာ။ ထီပေါက်တယ် ဆိုတော့ ဝမ်းသာစရာပဲ။ ကံထူးလိုက်တာ"

"ဟုတ်တယ် အစ်ကို။ အဖေကလည်း ဝမ်းသာတွေလွန်ပြီး ဒီကိုတောင် လာမှာ။ သူ့မြေးကို ဆေးကုပေးချင်နေရှာတာလေ"





"ဒါ နုနီတို့အတွက် ဘုရားက ဖန်ဆင်းပေးလိုက်တဲ့ ကံကောင်းခြင်းလို့ အစ်ကိုကတော့ ယူဆတယ်"

သူ့စကားကြောင့် နုနီက ငြိမ်သက်သွားကာ လေပူတစ်ချက် မှုတ်ထုတ်မိသွားသည်။ နုနီရဲ့ကံတရားဟာ အင်မတန်မှကို အဆန်းတကြယ် ရှိလှပါသည်။ ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်လှတဲ့ နုနီအတွက် ကံဇာတ်ဆရာဟာ ဘယ်သောအခါမှ နုနီကို ကိုယ့်အားကိုယ်ကိုးခွင့်ကို မပေးပေ။ အမြဲတမ်း သူများရဲ့အကူအညီကို ယူ၍သာ မှီခိုရတဲ့ အဆင်ပြေသူတစ်ယောက် အဖြစ်သာ ဖန်ဆင်းပေးသည်။ ဘယ်လိုမှ မတတ်သာတဲ့ အခြေအနေအတွက် နုနီ အကူအညီ ယူရတဲ့အခါ အတိုင်းမှာ အမြဲတမ်းကို စိတ်ပင်ပန်းရတာပဲ ဖြစ်သည်။

"ဘာဖြစ်လို့ ငိုင်သွားရတာလဲ နုနီ။ ဘာပြဿနာရှိလို့လဲ"

"အန်တီ့သမီးစိတ်ကို အန်တီ အသိဆုံးပဲ မောင်သူရိန်ရဲ့။ နုနီက ကလေးဘဝကတည်းက သူ့အားသူကိုးတတ်တဲ့ မိန်းကလေး။ ဒါပေမဲ့ အန်တီတို့ကိုယ်တိုင်က မပြည့်စုံတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါကျ အမြဲတမ်း သူများအကူအညီနဲ့ ရပ်တည်ရတယ်။ အဲဒီလို သူများအကူအညီ ယူရတိုင်း သမီးက စိတ်ဆင်းရဲနေရတာ။ နုနီက လူတစ်မျိုးကွယ်။ အကူအညီတွေ အခွင့်အရေးတွေ ပုံအောပေးတိုင်းလည်း မလိုချင်တတ်တဲ့ သူမျိုးလေ”

“နုနီရဲ့စိတ်ဓာတ်ကို ကျွန်တော်က သဘောကျတယ်။ ဒါပေမဲ့ နုနီရဲ့ တစ်ခါတစ်ရံမှာ ကိုယ့်အားကိုယ်ကိုးနေလို့ မရတဲ့ အခါမျိုးတွေလည်း ရှိတတ်တယ်လေ။ သူများပေးတဲ့ အကူအညီဟာ ကိုယ့်အတွက် တကယ့်ကို အထောက်အပံ့ တက်လှမ်းနိုင်ဖို့ တစ်ခုဖြစ်နေတယ်ဆိုတာ လက်ကို လက်ခံရမယ့် အခါမျိုးတွေ ရှိတယ်လေ...

နုနီ စိတ်ထဲမှာ ထင်နေတာက အဲဒါ သူများအကူအညီနဲ့ အဆင်ပြေတာမို့ အပြည့်အဝ အောင်မြင်ခြင်း မဟုတ်ဘူးလို့ ထင်နေတာ။ အမှန်တကယ်တော့ သူများအကူအညီ ဘယ်လောက်ပဲယူယူ ကိုယ့်ဘက်က တကယ်





ကြိုးစားမှုတွေ ရှိပါမှ အောင်မြင်တာမျိုးလေ။ နုနီ သိပ် Serious မဖြစ်စေချင်ဘူး။ ဘုရားတောင် အမှီရှိမှ ပွင့်တာလေ”

အစ်ကိုရဲ့အားပေးစကားကြောင့် နုနီက ခေါင်းညိတ်ပြကာ လက်သင့်ခံပေမယ့် နုနီရဲ့စိတ်ခံစားချက်တို့ကို ရင်ဖွင့်ပြသည်

“အစ်ကို ပြောတာကို နုနီ လက်ခံပါတယ်။ နုနီရဲ့စိတ်ထဲမှာ သူများအကူအညီကို လုံးဝမယူဘူးဆိုပြီး မာန်တက်နေတဲ့စိတ်မျိုး ရှိတာမဟုတ်ပါဘူး။ နုနီက ကိုယ့်ကိုယ်ကိုယ် ခံပြင်းနေတာ။ နုနီရဲ့ဘဝမှာ ကံဆိုးမှုတွေ သိပ်များခဲ့တယ်။ နုနီ အဆင်မပြေချိန်တိုင်းမှာ နုနီ ကိုယ့်ခွန်အားနဲ့ကိုယ် မထနိုင်ဘဲ သူများအကူအညီကို ယူနေရတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ အသုံးမကျလို့ ခံပြင်းမိတာ...

နုနီရဲ့ ဒုက္ခတွေကို ဘယ်သူ့ကိုမှ မပေးချင်ပါ ရင်ထဲက မှန်သောစကားပါ။ မေမေလည်း နုနီရဲ့အဖေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အတွက် နုနီအတွက် စိတ်ဆင်းရဲရ စိတ်ပင်ပန်းရ ဖြစ်နေတာကို ကြည့်ပြီး အရမ်းစိတ်မကောင်း ဖြစ်ရတယ်။ နုနီအမျိုးသားရဲ့အဖေ နုနီယောက္ခမကို ဆိုရင်လည်း နုနီဘက်က ကိုယ့်ဒုက္ခတွေနဲ့ကိုယ်မို့ အဖေ့ကို ဘာမှတာဝန်မကျေခဲ့ဘူး။ ဒါပေမဲ့လည်း နုနီကို မေတ္တာစေတနာထားပြီး နုနီအတွက် ငွေညှာကူညီပေးကြတယ်။ တကယ်ကိုပဲ နုနီ စိတ်မကောင်း ဖြစ်ရတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မုန်းမိတယ်။ ဘာတစ်ခုမှ သူများကို အကျိုးမပြု တာဝန်မကျေခဲ့ဘူး"

နုနီက ပြောရင်းနဲ့ကမှ ရင်ထဲမှ တကယ့်ကိုပဲ လှိုက်တက်ဝမ်းနည်းလာကာ မျက်ရည်တွေကျလို့လာလျှင် မေမေက နုနီကို ထွေးပွေ့ထား၍ နှစ်သိမ့်ပေးလေသည်။

"အစ်ကိုတို့တွေ အတွက်ကတော့ နုနီက မိသားစုအပေါ်ကို သိပ်သိတတ် တာဝန်ကျေတဲ့သူပါ။ နုနီက ဖြူစင်တဲ့သူမို့ နုနီကို လူတွေပေးတဲ့ မေတ္တာကလည်း ပြန်ဖြူစင်





ပြီး ရောင်ပြန်ဟပ်တာပါ။ စိတ်မကောင်းစရာတွေ မတွေးပါနဲ့ နုနီရယ်"

ဟုတ်လား...။

နုနီက မေတ္တာရောင်ပြန် အဟပ်ခံရတာပေါ့။ ဒါဆိုရင် နုနီဘက်က စေတနာအပြည့် ထားခဲ့ပါရက်သားနဲ့ ဘာဖြစ်လို့များ နုနီအတွက် ရက်စက်နာကြည်းစရာ ခံစားချက်တွေပြန်ရရှိခဲ့တာပါလိမ့်။ နုနီဟာ တွေးနေရင်းမှ မျက်နှာတစ်ခုကို ပြေးမြင်မိလျှင် အချစ်တွေ အမုန်းတွေ ခံစားချက်ပေါင်းများစွာ ပေါ်ပေါက်လာကာ အံကို တင်းတင်းဖိကြိတ်မိထားမိသည်။

✦✤✦



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

မေမေ့ကျန်းမာရေးကို ငဲ့ကွက်၍ သူဟာ အခု

မှာပဲ နေ့ရောညပါ နေ့နေရတဲ့အတွက် နန်းဆီကို ဘယ်လိုနည်း

နဲ့မှ သွားလို့မရတော့ချေ။

ငါးရက်ကြာသည်အထိ သူ့ဆီကို ရဲတွေလာ

မဖမ်းဘူးဆိုကတည်းက နနီ အမှုမလုပ်တော့ဘူး ဆိုတာ သေ

ပြီဖြစ်သလို အဲဒီလို အမှုမလုပ်ခြင်းဟာလည်း မေမေ ကျော်ထက်

ရအောင်ညှိနိုင်းခဲ့လို့ပဲ ဖြစ်မည်ဆိုတာကို သူက အတတ်သ

ပေါက်ရလေသည်။

သူက အဲဒီကိစ္စအတွက်ကို ဘာဖြစ်ကုန်ပြီလဲဆို

သိချင်၍ ကျော်ထက်ဆီ ဖုန်းဆက်သော်လည်း ကျော်ထ





ဖုန်းပိတ်ထား၏။ သူ ဖုန်းခေါ်နေတာ ဘယ်လိုမှ မရတော့သည့်အခါတွင်တော့ သားဦးက ဘယ်လိုနည်းနဲ့မှကို စိတ်တွေချုပ်ထိန်းမရဖြစ်ကာ နနီသွေးအိမ်ကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ကာ ထွက်မယ် ဟန်ပြင်လျက် နောက်က မေမေ့ရဲ့လှမ်းဟန့်သံကို ကြားလိုက်ရလျှင် သူ့ခြေထောက်တွေ အလိုလို ရပ်တန့်လို့သွားလေ၏။

"ဘယ်သွားမလို့လဲ သား"

"မေမေ… ဟို… ဟို… ကျွန်တော်…"

သူ့ဘက်က တစ်ခုခုပြောဖို့ရာအတွက် စကားလုံးရှာနေတာကြောင့် သူက စကားတွေ ထစ်ငေ့နေလျှင် မေမေက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ…

"သားဦး… မင်း မေမေသေတာကို မြင်ချင်နေတာလား။ အမေ့ကို မိန်းမတစ်ယောက်အတွက်နဲ့ ဂရုမစိုက်တော့ဘူးလား ဟမ်"

"ကျွန်တော် တာဝန်မမဲ့ချင်ဘူး မေမေရာ"



www.burmeseclassic.com

www.burmeseclassic.com



"နုနီသွေး သဲ့ကိစ္စအတွက် မင်း ဘာမှပူစရာမလိုဘူး။ အမေ တာဝန်ယူပေးနိုင်တယ်။ ဒီကိစ္စလောက်နဲ့ မင်းလက်ထပ်ဖို့အထိ ကြံရွယ်ခဲ့တာဆိုရင် နောက်ဆုတ်လိုက်တော့"

"မေမေ မှားနေပြီ။ ကျွန်တော့် ရင်ထဲမှာ အကြွင်းနာတရားရှိလာအောင် သင်ပြပေးတာဟာ နုနီတို့သားအမိနှစ်ယောက်ပါ။ မေမေ ဘယ်လိုခံစားနေရသလဲ ဆိုတာကိုလည်း သား နားလည်တယ်။ ဒါပေမဲ့ သားဘက်က သူတို့သားအမိအပေါ်ကို လူမိုက်စိတ်နဲ့ မှားယွင်းကျူးလွန်မိခဲ့တဲ့အပြစ်တွေအတွက် သား တာဝန်ယူစိတ်တော့ ရှိပါရစေ မေမေ…

နုနီကို မေမေ လက်မခံနိုင်တာဟာ သူ့မှာအိမ်ထောင်ရှိခဲ့ဖူးလို့ဆိုတာ ကျွန်တော် သိတယ်။ နုနီသွေး ဘာပဲဖြစ်နေပါစေ သူ့ကို ပိုင်ဆိုင်ချင်တဲ့စိတ် ရှိနေတယ်ဆိုတာလည်း ကျွန်တော့်ကိုယ် ကျွန်တော်ပဲ သိတယ် မေမေ"

သူ့ရဲ့ရင်ထဲက ဆန္ဒထုတ်ဖော်မှုအတွက် မေမေက မျက်ရည်တွေ ကျလို့လာလျှင် သူ့ရင်ထဲမှာလည်း တကယ့်ကိုပဲ





နင့်နေအောင် ခံစားရတာပဲဖြစ်သည်။ မေမေ့ကို သူ့ စိတ်မဆင်းရဲ စေချင်ပါ။

"မင်းဟာ အမေတစ်ယောက်ရဲ့ ခံစားချက်ကို နားမလည်တဲ့ သားမိုက်။ မင်းကို ငါ သိပ်နာကြောတယ်။ အမေ့ဘက်က ဒီလောက်ထိ ခါးသီးနေကတည်းက မင်း လိမ္မာသင့်တယ်။ မင်းဟာ အမေ့ရဲ့မျှော်လင့်ချက် အမေ့ရဲ့ဘဝပါ သားရယ်…

ဒီကမ္ဘာလောကကြီးမှာ မိန်းမတွေ ဒီလောက်ပေါပါးရက်နဲ့ နုနီသွေးကိုမှ လက်ထပ်ချင်အောင် ဖန်တီးပေးတဲ့ ကံကြမ္မာကို ငါ သိပ်မုန်းတယ်"

"မေမေ"

မေမေက ဒေါသတွေ ကြေကွဲမှုတွေဖြင့် ရှော့ခ်ရကာ လူယိုင်သွားလျှင် သူက မေမေ့ကို အချိန်မီ လှမ်းဆွဲလိုက်ရသည်။

"မေမေ့ကျန်းမာရေးကို ဂရုစိုက်ပါ မေမေရာ။ ကျွန်တော် အခု သွားမတွေ့တော့ဘူးလို့ ကတိပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ မေမေက ခေါင်းညိတ်ပြလိုက်လျှင် မေမေ ဘာပဲဖြစ်ဖြစ် စိတ်ကျေနပ်သွားတယ်ဆိုတာ သဘောပေါက်ရသည်။ သားဦးက မေမေ့ကိုတွဲ၍ အခန်းထဲ ပို့ပေးခဲ့ပြီးနောက်မှာတော့ သူ့အခန်းထဲ ပြန်ဝင်လာကာ မသောက်တာကြာပြီဖြစ်တဲ့ အရက်ပုလင်းကို ထုတ်မိသွားသည်။

✦ ✣ ✦





အိမ်ထောင်ရေးဆိုတာ
ကြိုးတစ်ချောင်းလိုပဲ။
တစ်ယောက်တစ်ဖက်
မြဲမြဲစွာ ဆုပ်ကိုင်ထားပေမယ့်
ဆုပ်ကိုင်ထားရတာကို
နာကျင်တယ်တွေးပြီး
လွှတ်ချထားခဲ့ရင်
တိခနဲ ပြတ်မသွားပေမယ့်
ဖြောင့်တန်းမှုကတော့
မရှိနိုင်တော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးလွှတ်ချခဲ့တဲ့သူထက်

ကြိုးကိုင်ထားပါရက်

မဖြောင့်တန်းနိုင်တော့တဲ့

ဘက်ပုံကျန်ခဲ့သူက

ခံစားရသူပဲလေ။

✦ ✤ ✦





တကယ်တော့ လူ့ဘဝမှာ ဖြေရှင်းသည့် ပြဿနာပေါင်းများစွာအတွက် ခံစားရသည့် စိတ်သောကတွေက တကယ့်ရင်မောစရာတွေချည်း ဖြစ်သည်။ အိမ်ထဲနေရင်း မွန်းကျပ်မှုတွေက များမြောင်လှသောအခါ သားဖြစ်သူကို ဘုရားလိုက်ပို့နိုင်းရင်း စိတ်အေးချမ်းမှု ယူသည့်အနေဖြင့် ဘုရားကို သေချာအာရုံပြုရှိခိုးဖြစ်သည်။

သားလေး သားဦးဟာ အရင်ကနဲ့ မတူတော့ဘဲ တည်ငြိမ်အေးဆေးမှု ရှိလာတာကတော့ ဝမ်းသာစရာ ဖြစ်ပေမယ့် အမြဲတမ်း နှုနှိုးသွေးကိုတွေ့ဖို့ ကြိုးစားနေတဲ့ကိစ္စကိုတော့ အထူးသတိထားနေတာပဲဖြစ်သည်။

"သား..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်… မေမေ… ပွဲကပ်ပြီးသွားပြီလား"

"အေးကွယ်… ဘုရားရိပ်ကြောင့် အေးချမ်းလိုက်တာ"

"တောင်ပေါ်တက်ဦးမလား မေမေ"

"ဒီနေ့တော့ မသွားတော့ပါဘူး သားရယ်။ ခေါင်းထဲမှာလည်း နောက်တောက်တောက် ဖြစ်နေလို့"

"ဟုတ်လား… ဒါဆို အိမ်ပဲ ပြန်လိုက်မယ်လေ။ မေမေ ဖြည်းဖြည်းနော်"

သားက သိတတ်လိမ္မာလွန်းစွာ သူမကို ဂုရုတစိုက် တွဲပေး၍ လှည့်အထွက်မှာတော့ မျက်နှာတစ်ခုက ဖြန်းခနဲပေါ်လာကာ နှုတ်ဆက်သံတစ်ခုကြောင့် အဲဒီမျက်နှာကို အသေအချာ ကြည့်မိသွားသည်။

"မြင့်မိုးရည်"

အိုမင်းနေပြီဖြစ်တဲ့ ရုပ်ရည်တစ်ခုဟာ ဘယ်လိုမှ မှန်းမရအောင် ရှိပေမယ့် မပြောင်းလဲသေးသော အသံတစ်ခု ကြောင့် ဒေါ်မြင့်မိုးရည်က ချက်ချင်း မှတ်မိသွားသည်။





"ရှင်…"

"တကယ်ပဲ တိုက်တိုက်ဆိုင်ဆိုင် ဆုံတာတ်တယ်။ မင်း မသေသေးဘူးကို"

"ဟာ… ခင်ဗျား ဘာစကားပြောတာလဲဗျ"

"ဟဲ့… သား … သား… မလုပ်နဲ့"

သားဦးက ဒေါသတကြီး ဖြစ်သွားကာ ရန်ဖြစ်ဖို့ တာဆူနေလျှင် ဒေါ်မြင့်မိုးရည်က အတင်းဖွတ်ဆွဲထားချိန်မှာ ဟို လူက သားဦးကို အသေအချာ စိုက်ကြည့်ကာ…

"သား…"

"ဦးမောင်နိုင်… ကိုယ့်လမ်းကို ကိုယ်သွားပါ။ ကျွန်မတို့ ဘာမှမဆိုင်ကြဘူး"

"ငါကလည်း တိုက်တိုက်ဆိုင်ဆိုင်မှ လာဆုံတာတ်တာကို အံ့သြလွန်းလို့ပါ။ ဒါ ဟိုကောင် မြတ်သာအောင်ရဲ့သား လား။ ဘမျိုးဘိုးတူတာကိုးကွ"

"ဦးမောင်နိုင်… စကားပြော မရှိင်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

အနောက်ကနေ ခေါ်သံနှင့်အတူ ရောက်လာသူက နုနီသွေးဖြစ်နေတာကြောင့် မြင့်မိုးရည်က စိုးရိမ်စိတ်ပွစွာ သားကို ဆွဲခေါ်တုတ်မယ် အပြုမှာ သားက အလျှင်အမြန်ပင် နုနီသွေးကို လှမ်းခေါ်လေ၏။

"နုနီ... ချာတိတ်"

ကလေးက သူ့ကို မြင်တာနှင့် မိခင်ဖြစ်သူ နုနီ ရဲ့အနောက်သို့ ကြောက်လန့်တကြား ဝင်သွားတာမို့ သားက ရှေ့ဆက်တိုးဖို့ ဟန်ပြင်နေတာကြောင့် မြင့်မိုးရည်က အခြေအနေ တွေ ရှုပ်ထွေးကုန်မှာ စိုးရိမ်တာကြောင့် သားကို အတင်းဇွတ်ဆွဲ ခေါ်လာရတော့သည်။

"သား... လာ... ပြန်ကြမယ်"

"မေမေ... ခဏလေး"

"ဘာမှ မပြောနေနဲ့။ ဒီလိုလူတွေနဲ့ နင် ပတ်သက်ဖို့ဘာ မှမလိုအပ်ဘူး။ လာ သွားမယ်"





သားကို အတင်းဆွဲခေါ်လာခဲ့လျှင် သားက ယက် ကန် ယက်ကန်ဖြင့် လိုက်လာခဲ့ရသည်။ ရင်ထဲမှာ ဗလောင်ဆူ ဆေနေလွန်းသဖြင့် ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နိုင်အောင် မနည်းထိန်းမတ်နေရတာဖြစ်သည်။

✦ ✣ ✦



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

"ရှင်… ဘယ်… ဘယ်လို… အဖေ"

နနီက အစပြောနေတဲ့ စကားတွေအတွက် ကိုယ့်နားကိုယ်တောင် ကိုယ်ပြန်မယုံကြည်နိုင်စွာ ဖြစ်ရလေသည်။ ဆန်းကြယ်လိုက်တာ။ ဒါဟာ တကယ်ပဲ အဖြစ်အပျက်အစစ်လား။

"မယုံနိုင်စရာ ကောင်းလောက်အောင် အံ့ဩဆန်းကြယ်စရာပဲ"

မေမေကပါ အဆန်းတကြယ်တွေဖြစ်ကာ အံ့ဩစွာဖြင့် ဝင်ပြောတာမို့ အဖေက ထိုင်နေရာမှ ထရပ်ကာ ခေါင်းတဆတ်ဆတ်ညိတ်ပြရင်း…





"ဟုတ်တယ်… တကယ့်ကို မယုံနိုင်စရာတွေပဲ။ အဖေ့ရဲ့သား မောင်မောင်နဲ့ အဲဒီ ချွန်သားဦးဆိုတဲ့ကလေး ဒီလောက်ထိ တူနေလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့တာ…

မြင့်မိုးရည်ဟာ ငယ်ငယ်ကတည်းက ငွေသိပ်မက်တယ်။ အဖေ့အပေါ်ကို ဘယ်တော့မှ အကောင်းမမြင်ခဲ့ဘူး။ သမ္မာအာဇီဝ ရှာဖွေကျွေးမွေးလို့ ရတဲ့ပိုက်ဆံဟာ သူ့အတွက် ဘယ်တော့မှ မလောက်ငှခဲ့ဘူး…

နောက်ဆုံးတော့ ငွေသိပ်မက်တဲ့ မြင့်မိုးရည်ဟာ အဖေတို့သားအဖကို စွန့်ပစ်သွားခဲ့ပြီးတော့ သူ့မိဘတွေရှိရာကို ပြန်ပြီး သူ့မိဘပေးစားတဲ့ မြတ်သာအောင်နဲ့ လက်ထပ်ခဲ့တယ်။ အဲဒီအချိန်တုန်းက သားလေးမောင်မောင် ခုနစ်နှစ်သားပဲ ရှိသေးတာ။ သူ့ခမျာ ငယ်ငယ်ကတည်းက မိခင်မေတ္တာနဲ့ ဝေးနေရတဲ့အချိန်မှာ မြင့်မိုးရည်ကတော့ နောက်အိမ်ထောင်နဲ့ ကလေးတစ်ယောက်မွေးပြီး နိုင်ငံခြားမှာ အပြီးနေတယ်လို့ သတင်းကြားခဲ့တာ။ အဖေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီကတည်းက စိတ်နာပြီး ဒီအကြောင်းတွေ ရှက်လွန်းလို့ အားလုံးကို ပြည်ဖုံးကားချခဲ့တာ။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံရတယ်လို့ကွာ”

“ဒါဆို ရောင်နီက ဒေါ်မြင့်မိုးရည်ရဲ့မြေးပဲပေါ့”

“ဘယ်တော့မှ မဖြစ်စေရဘူး။ ဒီမိန်းမရဲ့သွေး ငါတို့မျိုးရိုးမှာ မရှိဘူး။ သားမောင်မောင် နှလုံးရောဂါခံစားရတာဟာ အဲဒီမိန်းမကြောင့်။ သူ့သားအရင်းခေါက်ခေါက် သေတာတောင် မသိတဲ့မိန်းမယုတ်။ နောက်လင်နဲ့ရတဲ့ သားကိုမှ သူ့သွေး သူ့သား ထင်နေတာတဲ့မိန်းမ။ ဒီလိုမိန်းမဟာ အမေမဖြစ်ထိုက်၊ အဘွားမဖြစ်ထိုက်တဲ့ မိန်းမ”

အဖေက ပြောနေရင်းကမှ ဒေါသစိတ်တို့ဖြင့် မျက်ရည်တွေတောင် ဝေ့သီလာတာမို့ နနီဟာ အဖေ့အတွက်ကော သေဆုံးသွားတဲ့ မောင့်အတွက်ကိုပါ အင်မတန်မှ စိတ်ထိခိုက်ခံစားရကာ ဝမ်းနည်းရလေသည်။





ဘယ်လောက်တောင်မှ ဆန်းကြယ်လွန်းလိုက်တဲ့ ကံတရားမျိုးလဲ။ ဘာကြောင့်များ မောင်နဲ့ ဒီလောက်တောင်တူနေရပါသလဲဆိုတဲ့ မေးခွန်းအတွက် အဖြေတစ်ခုကတော့ ရှင်းလင်းသွားခဲ့ပြီပဲဖြစ်သည်။ မောင်နဲ့ ချွန်သားဦးက အမေတူ အဖေကွဲ ညီအစ်ကိုတွေ။ ရင်နာစရာ ကောင်းသော အဖြစ်က နနီရဲ့ဘဝဟာ ချွန်သားဦးလက်ထဲမှာ နွမ်းကြေခဲ့ရတာတွေ၊ ဒေါ်မြင့်မိုးရည် နှိမ်ချပြောဆိုခဲ့တာတွေအတွက် ဒေါသတွေက တစ်ဆင့်ပြီးတစ်ဆင့် တရိပ်ရိပ်တက်လာကာ မုန်းသထက် မုန်းမိလာတဲ့ စိတ်ခံစားချက်တို့က ပို,ပိုတိုးလာကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

သားလေးရဲ့ဘဝကို ဒုက္ခပေးခဲ့တဲ့ ချွန်သားဦး၊ နနီကို အမည်းစက် စွန်းစေခဲ့တဲ့ ချွန်သားဦး၊ နနီကို မိန်းမချင်းမှ မစာနာစွာ ပြောတတ်ခဲ့တဲ့ ဒေါ်မြင့်မိုးရည်။ အသည်းထဲကနာကြည်းစိတ်တွေဟာ တရိပ်ရိပ် တက်နေရသလို နနီ သိပ်ချစ်ခဲ့ရတဲ့သား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဖေဖေ မောင့်ကို အထီးကျန်ဝေဒနာတွေဖြင့် ထားရစ်ခဲ့တဲ့ မိခင်ဆိုးတစ်ယောက်အဖြစ် ထပ်သိလိုက်ရလျှင် နာကြည်းစရာ အရိပ်က ဆိုဖွယ်ရာမရှိရလောက်အောင် တဆစ်ဆစ်တက်လာကာ နုနီနားထဲမှာ ဘာဆိုဘာကိုမှ မကြားတော့ချေ။

အတ္တသိပ်ကြီးခဲ့တဲ့ အမျိုးသမီးရဲ့ လှို့ဝှက်ချက်ကို ဖော်ထုတ်ပစ်ဖို့ အံကိုတင်းတင်းကြိတ်ကာ မာန်ခဲထားလိုက်တော့သည်။

✦ ✤ ✦





နုနီက သားရဲ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ဆွဲ၍ ရုံးခန်းထဲကို ဝင်လာခဲ့လိုက်သည်။ နုနီကို တုန်လှုပ်စွာဖြင့် ရင်ဆိုင်ရန် စောင့်ကြိုနေသူ ဒေါ်မြင့်မိုးရည်က နုနီ ဝင်လာခြင်းအပေါ် ခပ်အေးအေးပင် ဟန်မပျက် ကြိုဆိုလေ၏။

"မင်းမှာ ဘာတွေပြောဖို့ ရှိနေတာလဲ နုနီသွေး"

"အန်တီ ထင်ထားသလိုပါပဲ။ ကျွန်မမှာ အရင်ကပြောစရာ စကားလုံး မရှိခဲ့ဘူး။ အခုတော့ ပြောစရာတွေက အပြည့်ဘဲ အန်တီ"

နုနီရဲ့ခပ်စွာစွာ စကားလုံးတွေအတွက် ဒေါ်မြင့်မိုးရည်က နုနီ လက်ဆွဲထားတဲ့သားကို တစ်ချက်ငေးကြည့်ကာ...

"မင်း ကလေးကို ခေါ်မလာသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အန်တီ။ အန်တီ အဘွားဆိုတာကို ကျွန်မ သား သိသွားမှာစိုးလို့လား"

"နုနီသွေး"

နုနီ စကားကြောင့် ထိတ်လန့်တကြားဖြင့် ဒေါ်မြင့်မိုးရည်က လှမ်းဟန့်လိုက်လျှင် ဒေါ်မြင့်မိုးရည် သွေးပျက်နေပြီဆိုတာ နုနီက သဘောပေါက်ရစွာ အောင်နိုင်သူတစ်ယောက်လို ဟန်ပါပါ ပြုံးလိုက်ရင်း...

"အန်တီ့ဆီ ကျွန်မ ဒီနေ့လာတာ ကျွန်မ ကိစ္စတွေအားလုံးကို သိသွားပြီဆိုတာ လာပြောတာ။ အန်တီ တော်တော်ရက်စက်နိုင်တာပဲ။ ကိုမောင်မောင့်မှာ ဘာအပြစ်တွေများ ရှိခဲ့လို့ အန်တီ စွန့်ပစ်ခဲ့ရတာလဲ။ ကျွန်မယောကျာ်းဟာ အန်တီရဲ့သား တော်စပ်တယ်ဆိုတာ ကျွန်မ ဒီနေ့သိလိုက်ရတဲ့အချိန်မှာ သေသွားပြီလို့ ထင်ထားခဲ့တဲ့ ကျွန်မယောက္ခမကို ဘယ်လိုမှပြောစရာစကားလုံး ရှာမတွေ့အောင် အံ့သြခဲ့ရတယ်...





ကျွန်မ အခုရောက်လာလို့ လာမတွှာပ်တိုင်တက်ပြတယ်လို့ မထင်လိုက်ပါနဲ့နော်။ ကျွန်မတို့ကြားထဲမှာရှိတဲ့ အန်တီ ကျွန်မကို သားသမီးချင်း မစာမနာ ပြောခဲ့တဲ့ စကားတွေကို လာလက်စားချေတာ မဟုတ်ဘူး...

အန်တီ့မှာ အန်တီမိခင်မပီသစွာ ထားပစ်ခဲ့တဲ့ သားအရင်းခေါက်ခေါက် ဒီကမ္ဘာလောကကြီးထဲမှာ မရှိတော့ဘူး ဆိုတာကို အန်တီ သိအောင် လာပြောတာ"

"မင်း ပြောချင်ရာ ပြောလို့ပြီးပြီလား နုနီသွေး။ မင်း ငါ့ကို မိခင်မပီသဘူးလို့စွပ်စွဲတယ်နော်။ အေး... မင်းကို ငါ ဘာလို့ စောင့်ရှောက်ခဲ့ ပစားပေးခဲ့လဲ။ မင်းက ငါ့ချွေးမဆိုတာ ငါသိနေလို့ပဲ"

"........"

"ငါ့ဘဝဟာ ငယ်ငယ်ကတည်းက ချမ်းချမ်းသာသာ နေလာခဲ့ရတာ။ အချစ်တစ်ခုကို ကိုးကွယ်ပြီး အောက်ကို ခုန်ချခဲ့တော့ ဆင်းရဲတွင်းထဲမှာ ငါ ဘယ်လိုမှ မနေနိုင်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့် အဖေက ငွေကောင်းကောင်း မရှာနိုင်တဲ့ အပြင် ရှာတဲ့ထဲကတောင် အရက်ဖိုး၊ လောင်းကစားဖိုးနဲ့ မလောက်ဖြစ်နေခဲ့တာ။ ဒုက္ခတွေ ခါးစည်းခံရတဲ့ မိန်းမ တစ်ယောက်ရဲ့ ဝေဒနာကို မင်း ကိုယ်ချင်းစာနိုင်မှာပါ…

ငါ ဘယ်လိုမှ သည်းမခံနိုင်လို့ အိမ်ပြန်ခဲ့တယ်။ ငါ့မိဘတွေ ပေးစားတဲ့သူနဲ့ ယူခဲ့တယ်၊ မင်းစွပ်စွဲသလို ငါ မိခင်မပီသဘူး ဆိုရင်တောင် ငါတာဝန်ကျေခဲ့တယ်။ ငါ့သားကို နောက်ကွယ်ကနေ ငါ ကူညီထောက်ပံ့ပေးခဲ့ တာ။ မင်းနဲ့သား လက်ထပ်တော့ သားရဲ့သူငွေး လက်ဖွဲ့ တယ်ဆိုပြီး သိန်းငါးဆယ်ကို တစ်ဖက်လှည့်နဲ့ ပေးခဲ့တာ ငါပဲ…

ငါ့သား မောင်မောင် ဆုံးသွားတော့ ဒုက္ခရောက်နေ တဲ့ နင်တို့သားအမိတွေကို ငါ မေတ္တာမပျက် စောင့်ရှောက် ခဲ့တာ။ နင့်ကို ငါ့ဘေးနားမှာထားပြီး စောင့်ရှောက်ပေးခဲ့ ပေမယ့် နင်က ငါ့ရဲ့နောက်ထပ်သားတစ်ယောက်ကို ထင်





ပြီး အရရှိုင်ခဲ့တာ။ နင်လို မိန်းကလေးကမှ ကြောက်စရာ ကောင်းတာ”

ဒေါ်မြင့်မိုးရည် ရှင်းပြမှုတွေ အဆုံးမှာ ပြင်းပြင်း ထန်ထန် စွပ်စွဲလိုက်တဲ့ စကားကြောင့် နှီနီက အထင်သေးရက် တဲ့ ဒေါ်မြင့်မိုးရည်ကို အံတင်ကြိတ်၍…

“ဒီမှာ အန်တီ… ကျွန်မ မောင့်တစ်ယောက်တည်းကိုပဲ သစ္စာရှိခဲ့တာ၊ ယုတ်မာခဲ့တာ အန်တီ့သား၊ ကျွန်မသားရဲ့ ဘဝကို ဒုက္ခပေးခဲ့တာက အန်တီ့သား။ ပြီးတော့ အန်တီ ကတော့ ကျွန်မသားလေး ဒီလိုဖြစ်နေခဲ့တဲ့ အဖြစ်ကို ငွေ နဲ့ပစ်ပေါက်ခဲ့တာပဲ…

ဒီမှာ အန်တီ… အရာရာတိုင်းကို ငွေတစ်မျက်နှာနဲ့ ဖြေရှင်းလို့ မရဘူး။ ချွန်သားဦးကို ကျွန်မဘက်က ထောင် ထဲအရောက်ပို့ဖို့ ရရဲ့သားနဲ့ ကျွန်မ မလုပ်ခဲ့တာဟာ အန်တီ့ကို ကိုယ်ချင်းစာခဲ့လို့ပဲ။ လောကမှာ ငွေတစ်ခုတည်း နဲ့ ဆုံးဖြတ်ချင်တဲ့ အန်တီကတော့ အခု ဘာတွေများပိုင် ဆိုင်နေလို့လဲ…



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခေါင်းတစ်ချက် ညိတ်ပြတာနဲ့ အန်တီ့သား ချွန်သားဦးက ကျွန်မဆီ ရောက်လာရင် အန်တီ့မှာ ဘာ များပိုင်ဦးမှာလဲ"

"မင်း... မင်း... နုနီသွေး။ မင်း မယုတ်မာနဲ့နော်။ ငါ့ သားကို ငါ့လက်ထဲကနေ ဘယ်မှလုယူသွားလို့ မရဘူး။ မင်းလိုမိန်းမမျိုးကို ငါ နောက်တစ်ကြိမ် ချွေးမ မတော် နိုင်ဘူး။ ငါ့သားကို ငါ့နောက်ကြောင်းကိစ္စတွေ သွားပြော လို့ကတော့ ငါ မင်းကို သတ်ပစ်မှာ"

ဒေါ်မြင့်မိုးရည်က သွေးရူးသွေးတမ်းဖြင့် ကယောင် ကတမ်းတွေ ပြောနေတဲ့ စကားလုံးတို့အတွက် နုနီက နာကျင် ကြေမွသော အသည်းနှလုံးတို့ဖြင့် ဟက်ဟက်ပက်ပက် ရယ်မော လိုက်ကာ...

"တရားကျဖို့ ကောင်းလိုက်တာ။ ကျွန်မကိုကျတော့ အပေါ စားမိန်းမသာသာ နိမ့်ချဆက်ဆံ ပြောဆိုခဲ့ပြီးတော့ အန်တီ့ သားကို အရရှိုင်ခဲ့တယ်ဆို။ အခုကျတော့ အန်တီ့အကြောင်း တွေကို သိမှာ သိပ်ကြောက်တယ်ပေါ့"





"နုနီသွေး... မင်း... မင်း...။ အမေဟာ အမေပဲ နုနီ သွေး။ ငါ မင်းနဲ့ ဖြစ်ခဲ့တဲ့ ပြဿနာတွေမှာလည်း ငါ့ သားလေးကို သူ့အစ်ကိုမိန်းမနဲ့ ညားမသွားစေချင်လို့။ အမေတစ်ယောက်ရဲ့ဖောနဲ့ ငါ ပြောမိခဲ့တာတွေ။ မင်း လည်း အမေတစ်ယောက်ပါပဲ နုနီသွေးရယ်...

ငါတောင်းပန်ပါတယ်။ သားလေးကို ငါ့ရဲ့အကြောင်း တွေ မပြောလိုက်ပါနဲ့။ သူ့စိတ်ထဲမှာ ငါဟာ အမြဲတမ်း လေးစားစရာမိခင်အဖြစ် ထင်နေတဲ့ အထင်ကို မရိုက်ချိုး ပစ်ပါနဲ့...

ငါ မောင်မောင့်ကို တာဝန်မကျေခဲ့တာ အမေမပီ သမိခဲ့တာတွေအတွက် ငါ့ရင်ထဲမှာလည်း တစ်သက်လုံး တနုံ့နုံ့ ခံစားနေခဲ့ရတာပါ။ ငါ့သားလေး... ငါ့သားလေး ငါ့ကို အထင်လွဲအောင် မလုပ်ပါနဲ့ နုနီသွေးရယ်"

နုနီက အခုမှ မျက်ရည်လည်ရွဲဖြင့် တောင်းပန်နေ သော ဒေါ်မြင့်မိုးရည်ကို နာကျင်ကြေကွဲစွာဖြင့်ကြည့်ကာ ဒိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်လည်း မျက်ရည်တွေ ကျမှန်းမသိ ကျနေတာတွေအတွက် မျက်ရည်စတွေ ဖယ်သုတ်လိုက်ကာ…

"ကျွန်မ ပြန်မယ်၊ လာ… သား"

"နုနီသွေး… နုနီသွေး… အဲလို မလုပ်ပါနဲ့။ သားကို မပြောဘူးလို့ ကတိပေးခဲ့ပါ"

နုနီ လှည့်အထွက်မှာ အနောက်ကနေ အတင်းလိုက်ဆွဲကာ ကတိပေးခဲ့ဖို့ တောင်းဆိုနေလျှင် နုနီက နာကျင်ကြေကွဲစွာကြည့်ကာ…

"ကျွန်မသားလေးအတွက် ဘဝပျက်စေခဲ့တဲ့ ချွန်သားဦးကို ကျွန်မ သိပ်မုန်းတယ်။ အန်တီ့သားနှစ်ယောက်ဟာ ရုပ်ချင်းတူပေမယ့် စိတ်ဓာတ်ချင်းကတော့ တခြားစီပဲ။ ကျွန်မဘဝကို မုဆိုးမတစ်ယောက်ဆိုပြီး အနိုင်ထက် ပြုခဲ့တဲ့ အန်တီ့သားကို ကျွန်မလက်စား ပြန်ချေမှာ"

နုနီက ဆွဲကိုင်ထားတဲ့ ဒေါ်မြင့်မိုးရည်ရဲ့လက်တွေနို ဖြုတ်ဖယ်လိုက်ပြီး ထွက်လိုက်လျှင် နောက်ကနေ အပြေးလိုက်ခေါ်တာကတော့ ဒေါ်မြင့်မိုးရည်ပဲ ဖြစ်၏။





"နုနီသွေး… နုနီသွေး… ကတိပေးခဲ့ပါ"

ကျေနပ်စရာ ကောင်းလိုက်တာ။ နုနီက သားရဲ့လက်တွေကို တင်းတင်းဆုပ်ကိုင်၍ တံခါးလက်ကိုင်ဘုကို လှည့်အဖွင့်တွင်တော့ မျက်နှာတစ်ခုက နုနီနှင့် မျက်နှာချင်းဆိုင်အနေအထားဖြင့် ရင်ဆိုင်တွေ့ကြုံရလေသည်။

"သား…"

အနောက်က တုန်လှုပ်ချောက်ချားစွာသော ဒေါ်မြင့်မိုးရည်ရဲ့ ခေါ်သံတစ်ခုက ထွက်ပေါ်လာလျှင် နုနီက အကြည့်ချင်း ဆုံနေသော ချွန်သားဦးကို မျက်လုံးလွှဲကာ သားကိုဆွဲ၍ ခပ် သွက်သွက် ထွက်လာခဲ့သည်။

"နုနီ…"

"သား မသွားပါနဲ့"

"နုနီ… နုနီ…"

နုနီက နောက်က ခေါ်သံတွေကို တစ်ခုမှ ဂရုမစိုက်တော့ဘဲ မျက်ရည်တွေက ကျလာတာမို့ အပြင်မြန်မြန်ရောက်ဖို့အတွက် ပွဲရုံထဲကနေ ခပ်သွက်သွက် ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

အနောက်က ချွန်သားဦးက အပြေးထွက်လိုက်လာတာဖြစ်၏။

နနီက အရှိန်ဖြင့် သားကို တစ်ဖက်ဆွဲကာ တစ်ဖက်ကားလမ်းသို့ အပြေးမှာ အကြီးအကျယ် ဟွန်းတီးလာသော ကုန်တင်ကားကြီးတစ်စီးက လမ်းကြောင်းမငြိမ်စွာ နနီတို့ သားအမိဆီ မောင်းလာတာပဲ ဖြစ်သည်။

"နနီ… သား"

ကြောက်အား လန့်အားဖြင့် နနီရဲ့မျက်ဝန်းတွေ မှိတ်ပစ်လိုက်ချိန်မှာ နနီရဲ့နောက်ကျောကို တစ်စုံတစ်ယောက်က တွန်းထုတ်လိုက်ချိန်မှာ ဒုန်းခနဲ အသံက နားထဲမြည်ဟီးလို့သွားလေသည်။

"အမေ"

"ဘွားဘွား"

အော်သံနှစ်ခုရဲ့နောက်မှာ နနီရဲ့လက်ထဲကနေ လွတ်ထွက်ပြေးသွားသော သားကြောင့် နနီ မျက်လုံးတွေ ဖွင့်ကြည့်





လိုက်ချိန်မှာ အရာအားလုံးဟာ တုန်လှုပ်စရာ ကောင်းလှစွာ သွေးအိုင်ထဲ လဲနေသူက ဒေါ်မြင့်မိုးရည်ပဲ ဖြစ်လေသည်။ ချွန်သားဦးကလည်း လမ်းတစ်ဖက်ကို လဲသွားစေအောင် ဒေါ်မြင့်မိုးရည်က တွန်းထုတ်ပစ်ကာ ဝင်ခံလိုက်တာပဲဖြစ်၏။

အဖြစ်အပျက်တွေက မြန်ဆန်လွန်းအားကြီးလွန်း၍ နနီဟာ မျက်ရည်တွေကို တစ်ပေါက်ချင်း ကျလာကာ အဲဒီကို အပြေးသွားလိုက်လျှင် ချွန်သားဦးက သူ့အမေကိုပွေ့၍ လှုပ်နှိုး ခေါ်နေကာ သားလေးကတော့ ဘွားဘွားဟု ခေါ်နေတာဖြစ်သည်။

"မေမေ… မေမေ"

"ဘွားဘွား… ဘွားဘွား"

သွေးတွေကြားထဲက ဒေါ်မြင့်မိုးရည်က အားတင်းလူးလွန့်၍ မျက်လုံးပွင့်လာကာ…

"သား… သားကို မေမေ ချစ်တယ်နော်… အား"

"အမေရာ… သား သိပါတယ်။ အမေ… မေမေ အားတင်းထားနော်။ ဘာမှမဖြစ်ဘူး"

www.burmeseclassic.com



"ဘွားဘွား..."

ဒေါ်မြင့်မိုးရည်က သွေးတွေ ပွက်ခနဲ အန်ထုတ်ရင်းက ရောင်နီလေးရဲ့ လှုပ်ရှားမှုကို လှည့်ကြည့်ကာ သားရဲ့ပါးလေးတွေကို ကိုင်ရင်း...

"မြေးလေး... ဘွားဘွားရဲ့... အား... မြေးလေး"

"မေမေ... မေမေ အားတင်းထားနော်။ လုပ်ကြပါဦးဗျာ။ ကယ်ကြပါဦး"

ချွန်သားဦးက သွေးရူးသွေးတမ်းဖြင့် ဘေးလူတွေကို အော်ဟစ် အကူအညီတောင်းချိန်မှာ သတိကပ်အောင် ကြိုးစားနေရှာသည့် ဒေါ်မြင့်မိုးရည်က နုနီ မတ်တတ်ရပ်နေသည့်ဆီ အကြည့်ရောက်လာကာ လက်တို့က ဖြည်းညှင်းစွာ လှမ်းလာသည်။ နုနီကို ကမ်းပေးတဲ့ဆီ မရောက်သေးခင်မှာ ကွေးသောလက် မဆန့်နိုင်သေးခင် အဲဒီလက်ဟာ အောက်ပြန်ကျ၍ ဇောကျိုးကျသွားလေသည်။ နုနီက မျက်ရည်တွေ တလိမ့်ချင်းကျလာကာ ဘယ်လိုမှ မဖြစ်နိုင်သော အဖြစ်တွေအတွက် ပါးစပ်ကို တင်းတင်းပိတ်မိသွားသည်။





"မေမေ... မေမေ... ဟား... ဗျာ"

"ဘွားဘွား"

ချွန်သားဦးနှင့် သားက အသက်ကင်းမဲ့သွားပြီဖြစ်သော ဒေါ်မြင့်မိုးရည်ရဲ့ ခန္ဓာကိုယ်ကို ဖက်တွယ်ရင်း သည်းသည်းထန်ထန် ငိုကြွေးလေ၏။ နုနီက စကားတစ်ခွန်းမှ မပြောလိုက်ပေမယ့် နုနီကို ကြည့်နေတဲ့ မျက်လုံးတွေထဲမှာ ဘာစကားလုံးတွေ ရှိနေတယ်ဆိုတာ သိခဲ့ပါသည်။

ဘဝဆက်တိုင်း ဒီအဖြစ်ဆိုးတွေ ကင်းပါရစေ ကံကြမ္မာရယ်။

✦✤✦

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

ဒေါ်မြင့်မိုးရည်ရဲ့ ဈာပနအခမ်းအနား အပြီးမှာ နန်းနီက ထွက်ပြူသွားသော မီးခိုးတိုင်ထဲက အငွေ့တွေကို ငေးကြည့်ကာ မျက်ရည်စက်တစ်စက်က ပေါက်ခနဲကျလို့သွားလေသည်။

"အန်တီ... ကျွန်မ မှားခဲ့တာတွေ အတွက်လည်း အန်တီ့ကို တောင်းပန်ပါတယ်။ သံသရာတစ်ကွေ့မှာ ပြန်ဆုံရမယ်ဆိုရင် ကျွန်မတို့နှစ်ယောက်ကြားမှာ ဘာမှ အငြိုးအာဃာတတွေ မရှိပါရစေနဲ့တော့။ ကျွန်မနဲ့ သားလေးရဲ့ အသက်ကို အန်တီနဲ့ ချွန်သားဦး ပေးခဲ့တဲ့အတွက် ကျွန်မ တစ်သက်လုံး ကျေးဇူးတင်နေမှာပါ...





ကျွန်မ ကတိပေးပါတယ် အန်တီ။ မောင်က ချွန်သားဦးနဲ့ ညီအစ်ကို တော်တာကို ကျွန်မ ဘယ်တော့မှ ပြောမှာ မဟုတ်ပါဘူး။ အန်တီ ငြိမ်းချမ်းတဲ့ ကောင်းရာမွန်ရာမှာ ရှိပါစေ"

"မေမေ"

နန်းနီရဲ့ထဘီစကို အသာဆွဲကာ "မေမေ"ဟု လာခေါ်လေလျှင် နန်းနီက သားလေးရှေ့မှာမို့ မျက်ရည်တွေကို သုတ်လိုက်ရင်း သားကို ချီပွေ့လိုက်သည်။

"သား"

"ဘွားဘွား... သနားပါတယ်နော်"

အသံပြန်ရကာ စကားပြန်ပြောနိုင်သော စိတ်လှုပ်ရှားမှုတို့ကြောင့် သားက စကားပြန်ပြောနိုင်ပြီဖြစ်သည်။ သားရဲ့အသံတွေကို ရအောင်လည်း ဒေါ်မြင့်မိုးရည်ပဲ အသက်ပေး၍ပေးသွားခဲ့တာပဲဖြစ်သည်။

"သား... ဦးဦးရှေ့မှာ သားရဲ့ဘွားဘွားလို့ မပြောရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ။ ဘွားဘွားက ဖေဖေ့အမေလေ"

"သားလေးရယ်… မေမေ ပြောတာ နားထောင်ပါ။ အခု ရှိနေတာဟာ သားလေးရဲ့ဦးဦး သားဖေဖေမှ မဟုတ်တာ။ သားဖေဖေသာဆိုရင် မေမေတို့နဲ့ အတူတူ နေရမှာလေ။ ဒါ သားဖေဖေ မဟုတ်ဘူး"

"အဲဒါဆိုလည်း ဦးဦးကို အိမ်ခေါ်ထားလိုက်ရင် ဖေဖေ ဖြစ်သွားပြီလေ"

သားရဲ့ ငိုသံပါ စကားကြောင့် နှနီက မျက်ရည်တွေ ပိုလို့ဝေ့ဝဲလာရကာ သားရဲ့နဖူးလေးကို နမ်းမွှေးလိုက်သည်။

"သားရယ်… အခုဆို သားဖေဖေနဲ့ ဘွားဘွား တွေ့နေ ကြရင် သားဖေဖေက ဦးဦးကို ခေါ်ထားတော့ စိတ်ဆိုးနေ မှာပေါ့"

"ဒါဆို ဖေဖေက ဘယ်တော့မှ ပြန်လာမှာလဲ မေမေ"

"သူ တစ်နေ့ ပြန်လာမှာပါ သားရယ်။ သားလေးနဲ့ မေမေ အတူတူ စောင့်နေကြမယ်နော်"





"ဟုတ်ကဲ့"

နှနီက သားကိုချီကာ ကျောခိုင်းထွက်လာခဲ့သည်။ အေးချမ်းပါတော့ အန်တီ။ ကျွန်မ အားလုံးကို အကောင်းတိုင်း ဖြစ်စေဖို့ ရှောင်ဖယ်ပေးပါ့မယ်။

✦♣✦



www.burmeseclassic.com

www.burmeseclassic.com




ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်–၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



# အဆုံးသတ်အမုန်း၏
# အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"





ထွက်မသွားဖို့ တားချင်ပေမယ့်
တစ်နေ့တော့
ကိုယ်လည်း ခွဲရဦးမယ်။
ဝေးသွားရင်တောင်
အမြဲတမ်း ချစ်နေမယ်။

✦✤✦

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်–၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



မေမေ့ရဲ့ရက်လည် ပြီးသွားတဲ့ အချိန်မှာတော့ သူ့ရင်ထဲမှာ တစ်ချိန်လုံး မတင်မကျဖြစ်ရှိနေလေတဲ့ မေးခွန်းတစ်ခုကို သူက ဒီကနေ့မှာပဲ နုနီကို မေးဖို့ဆုံးဖြတ်ထားတာ ဖြစ်၏။

"မေမေ့ရဲ့နာရေးမှာ ကိုယ့်ကို ယိုင်လဲကျမသွားအောင် ဘေးကနေ ကူညီရှိနေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် နုနီ"

"ကိစ္စမရှိပါဘူး။ အန်တီက နုနီတို့ရဲ့ အသက်သခင် ကျေးဇူးရှင်ပဲလေ"

"ဒီအချိန်မှာ ကိုယ်မေးသင့်ပြီထင်လို့ မေးခွန်းတစ်ခု မေး ကို မေးပါရစေ နုနီ"



www.burmeseclassic.com

www.burmeseclassic.com



နနီ မျက်နှာ ကွက်ခနဲ ပျက်သွားတာကို သူ သတိထားမိစွာ ချက်ချင်း ဟန်မပျက် ပြန်ထိန်းလိုက်ကာ သူ့ကို ခေါင်းညိတ်ပြတာမို့ သူက မေးခွန်းဆက်ထုတ်လိုက်တော့သည်။

"အဲဒီနေ့က ကိုယ်ရောက်လာတော့ အခန်းပြင်ကနေ မေမေ ကတိတောင်းနေတဲ့ အသံကို ကြားရတယ်။ မေမေ မင်းဆီက ဘာကတိတောင်းတာလဲ နနီ"

သူ မေးခွန်းအတွက် နနီက သူ့ကို စေ့စေ့စိုက်ကြည့်၏။

"ချွန်သားဦးကို ဘယ်တော့မှ လက်မထပ်ပါဘူးဆိုတဲ့ ကတိ တောင်းတာပါ"

နနီရဲ့အဖြေစကားကြောင့် သူ့ရင်ထဲကို ဆစ်ခနဲ ရှုးနင့်နာကျင်စေသည်။ မေမေ ဆုံးသွားတဲ့အပေါ် သူ ကမ္ဘာပျက်မတတ် ခံစားနေရပေမယ့် ရပ်တည်ဖို့ ခွန်အားအနည်းငယ် ကျန်ရှိနေတာဟာ နနီ ရှိနေလို့ပဲ ဖြစ်သည်။





"ဒါပေမဲ့ အဲဒီကတိကို မင်း မပေးခဲ့ဘူး။ ကိုယ် သိတယ် နနီ"

"ချွန်သားဦး... ဒီအချိန်မှာ ကျွန်မတို့ ဒီစကားတွေမပြောသင့်ပါဘူး။ ရှင့်စိတ်တွေကို တည်ငြိမ်အောင်ထားပါ။ ကျွန်မ မိတ်ဆွေကောင်းတစ်ယောက် အနေနဲ့ ရှိနေမှာပါ"

နနီရဲ့စကားတွေကို သူ့စိတ်ထဲမှာ တကယ်ပဲ ဘဝင်မကျပေ။ တမင်ကြီးလွှဲနေတယ်ဟု သူကတော့ ယူဆလေသည်။ ရင်ထဲမှာလည်း တကယ်ကို ဗလောင်ဆူဝေနေတာကြောင့် ဘာမှ ဆက်မပြောဖြစ်ပေ။

သားဦးက အရှေ့မှာ ငြိမ်သက်စွာ ထိုင်နေသော သူ့ကို သတိထားမိစွာ ကြည့်မိ၏။ ဒီလူ... သူ့ကို သတိထားမိနေတာ ကြာပြီဖြစ်၏။ နနီနှင့်အတူပါလာကာ မေမေ့ကို "မသေသေးဘူးပဲ"ဟု ရိုင်းစိုင်းစွာ ပြောခဲ့တဲ့သူ။

"နနီ... ဟိုလူက ဘယ်သူလဲ။ သူ့စကားက ပါးစပ်နဲ့မိတ် စီးခဲ့လို့ မေမေ ခုလိုသေရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒေါသက ပြောနေရင်းမှ ကန်ထွက်ပေါက်ကွဲလာတာမို့ ဝုန်းခနဲ ထရပ်လေလျှင် သူ့ရဲ့လက်တွေကို နုနီက ဆွဲကာ တားလိုက်ရင်း...

"ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသတွေ ကြီးနေတာလဲ။ အဲဒါ ရှင့်အမေရဲ့မိတ်ဆွေ"

"မိတ်ဆွေ... ဟုတ်လား။ မိတ်ဆွေက ငါ့အမေ ဒုက္ခရောက်မယ့်စကား မပြောဘူးကွ။ ဒီလူ နိမိတ်ဖတ်လို့။ ဟော့လူ... ခင်ဗျား ကျုပ်အမေသေလို့ ဝမ်းသာနေတာမှလား"

နုနီ တားပါရက်ကြားက သားဦးက လှမ်းအော်ကာ ဒေါသတကြီး ပြောလိုက်လျှင် ဦးမောင်မောင်နိုင်က နုနီနှင့်သားဦးတို့ဆီ လျှောက်လာ၏။

"အဖေ... အဖေ... သမီး တောင်းပန်ပါတယ်။ ချွန်သားဦး... ဒါ ရှင့်အမေမိတ်ဆွေလို့ ကျွန်မ ပြောပြီးပြီလေ။ ပြီးတော့ ဒါ ကျွန်မ ယောက္ခမ။ ရှင် မကျေနပ်ရင် ကျွန်မကိုပြောပါ"





"သမီး... နုနီ... ခဏလေး...

ကောင်လေး... မင်းအမေ ဒီကမ္ဘာလောကကြီးမှာ မရှိတော့တဲ့အတွက် ငါလည်း မင်းတို့လိုပဲ ခံစားရပါတယ်။ မင်းအမေကို မင်းချစ်တယ်ဆိုရင် ဒေါသမကြီးပါနဲ့"

"ခင်ဗျားနဲ့ ဘာဆိုင်လဲ"

"မင်းက ဦးလေးသားနဲ့ သိပ်တူလို့ စေတနာနဲ့ပြောတာပါကွာ။ မိဘတိုင်းက သူတို့သားသမီးကို စေတနာထားပြီး ချစ်ကြတယ်။ အကောင်းဆုံး ဖြစ်စေချင်ကြတယ်။ မင်းအမေလည်း အဲဒီလိုပဲနေမှာပါ။ နောက်ပြီးတော့ မင်းကို မင်းအမေက အရာအားလုံးထက် ပိုချစ်ခဲ့တာ"

ဦးမောင်မောင်နိုင်က အဆုံးသတ်စကားတွင် သားဦးရဲ့ပခုံးကို ခပ်ဖွဖွပုတ်ကာ ထွက်သွားလေ၏။ ဘာလဲ။ ဒီလူဘာအဓိပ္ပာယ်နဲ့ ပြောသွားတာလဲ။

မေမေ့ဆီမှာ လျှို့ဝှက်ချက်များ ရှိနေလို့လား။ နုနီကို ကြည့်လိုက်လျှင်လည်း နုနီက စိတ်မသက်မသာ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေဖြင့် ကြည့်လေ၏။ ဘာတွေလဲ။ တစ်သက်လုံး မုန်းနေတဲ့ နုနီက သူ့ကိုသနားကြည့်ကြည့်သည်။ ဘာဖြစ်လို့လဲ။ အဲဒီမုန်း နေတဲ့ မျက်လုံးတွေ ဘာကြောင့် ပျောက်သွားရတာလဲ။

အမုန်းတွေ ပျောက်ဆုံးမှုရဲ့ဇာစ်မြစ်မှာ တစ်စုံတစ်ရာ လျှို့ဝှက်ချက် ရှိနေပြီဆိုတာ သူ သဘောပေါက်ရလေသည်။

✦ ✤ ✦





(၁၇)

သားဦးဟာ အဲဒီလျှို့ဝှက်ချက် ဘာလဲဆိုတာကို ဖော်ထုတ်နိုင်ဖို့အတွက် မေမေ့အခန်းကိုဝင်ကာ တစ်ခန်းလုံးမွှေ နှောက်ရှာဖွေနေမိသည်။ ဒီကမ္ဘာလောကကြီးမှာ လျှို့ဝှက်ချက် တွေနဲ့ ဘာလဲဆိုပြီး သံသယကမ္ဘာထဲမှာ သူတစ်ယောက်တည်း မနေလိုပေ။

ဘာလဲ... ဘာဖြစ်နိုင်မလဲ။ ဗီရိုတွေ၊ စာအုပ်စားပွဲ တွေ မီးခံသေတ္တာတွေ ရှာဖွေမွှေနှောက်သော်လည်း ဘာမှထူးခြားမှု အမရှိချေ။ သူလည်း ရှာရတာဟာ ခြေကုန်လက်ပမ်းတွေကျပြီ ဖြစ်၏။ သားဦးက မေမေ့ရဲ့အိပ်ရာပေါ်မှာ ကန့်လန့်ဖြတ်လှဲချရင်း လေပူမှုတ်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ... ကျွန်တော့်ကို ဘာလို့ တစ်ယောက်တည်း ထားသွားရတာလဲဗျာ"

သူ့ရဲ့မျက်လုံးထောင့်မှ မျက်ရည်စတို့က ကျလာလျှင် သူက လက်ခုံဖြင့် ဖိသုတ်လိုက်ရင်း မျက်လုံးအကြည့်က ဗီရိုဆီသို့ ရောက်သွားလေလျှင် ဗီရိုခေါင်းပေါ်က အရာဝတ္ထုတစ်ခု ကို သွားမြင်လေ၏။

သားဦးက ဆတ်ခနဲ ကောက်ထလိုက်ကာ အဲ ဗီရိုခေါင်းပေါ်မှ အရာဝတ္ထုကို သွားယူလိုက်သည်။ သူ့လက်ထဲ ပါလာတဲ့ အရာဟာ ဒိုင်ယာရီစာအုပ်လိုမျိုး စာအုပ်တစ်အုပ်ဖြစ် ၏။

ဒီအထဲမှာ သူသိချင်တဲ့ လျှို့ဝှက်ချက်တစ်ခုခု ရှိ ရှိရမည်။ သားဦးက စာအုပ်မှာ အနည်းငယ်တက်နေတဲ့ ဖုန်တွေ ကို လေဖြင့်မှုတ်လိုက်ကာ ဖုန်ခါလိုက်၍ ပထမဆုံး ာမျက်နှာ စတင်လှန်လိုက်သည်။

✦ ✤ ✦



"တကယ်ပဲ ရန်ကုန်ပြောင်းနေတော့မှာပေါ့နော်"

အစ်ကို့အမေးကြောင့် နနီက ခေါင်းအသာညိတ်ပြ လိုက်သည်။

"ဟုတ်တယ်။ မေမေက ထီပေါက်တဲ့ ပိုက်ဆံတွေနဲ့ နနီ တို့မိသားစု ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းနဲ့ ရန်ကုန် မှာ နေကြမယ်လို့ ဆုံးဖြတ်လိုက်တယ်"

"အစ်ကိုလည်း ဒါဆိုရင် ရန်ကုန်ကို ပို့စတင်ပြောင်းဖို့ ထင်ရတော့မယ် ထင်တယ်"

"နနီတို့အတွက် အစ်ကိုက တကယ့်ကို မိတ်ဆွေကောင်း ပါပဲ။ နနီ အစ်ကို့မေတ္တာတရားတွေကို အေးမြတယ်လို့ ခံစားမိပါတယ်...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နုနီ အစ်ကိုမေတ္တာကို ငြင်းပယ်ပါရစေ။ နုနီ တစ်ပင်လဲလို့ တစ်ပင်ထူတာမျိုးလည်း မဖြစ်ချင်ဘူး။ နုနီဟာ ကလေးတစ်ယောက်အမေ မုဆိုးမ။ လူတွေက မုဆိုးမလေးမို့ အားကိုးစရာ လင်သားမရှိလို့ သနားပါတယ်ဆိုတဲ့ အမြင်တွေကို နုနီ အံတုပြီး ဘဝမှာ တစ်ယောက်တည်း ရပ်တည်ရင်ဆိုင်နိုင်တဲ့ ခွန်အားကို မွေးထားပါတယ်။ နုနီ နောက်ထပ်အိမ်ထောင်ပြုဖို့ကိုလည်း ဘယ်တော့မှ စိတ်ကူးမှာ မဟုတ်ဘူး...

အစ်ကို့လို လူတော်လူကောင်းတစ်ယောက်က နုနီနဲ့လည်း မထိုက်တန်ပါဘူး။ နုနီ အတွက်တော့ အစ်ကိုဟာ တစ်သက်လုံး ခင်မင်လေးစားနေမယ့်သူပါ"

"ကိုယ် သဘောပေါက်ပါပြီ နုနီ။ ဒီနေ့ကစပြီး ကိုယ့်ညီမလေးအဖြစ် ကိုယ် သတ်မှတ်လိုက်ပါပြီ"

"ကျေးဇူး"





"ဪ... ဒါနဲ့ နုနီ။ နုနီ ရန်ကုန်ပြောင်းတော့မှာကို ချွန်သားဦး သိပြီးပြီလား။ သူ ဘာမှများ ပြဿနာရှာဦးမလဲ"

နုနီက အဲဒီမေးခွန်းအတွက် အဖြေးတစ်ခုကို ရင်ထဲကနေကော နှုတ်ခမ်းကနေပါ လိုက်လိုက်လဲ့လဲ့ ပြုံးမိသွားသည်။

"သူ နားလည်ပါတယ်။ နုနီတို့ကြားထဲက အမုန်းတရားတွေ အဆုံးသတ်သွားဖို့ သူ နားလည်လက်ခံမယ့်ကိစ္စတစ်ခုကို နီ သေချာစီစဉ်ခဲ့ပါတယ်။ အန်တီ ဒေါ်မြင့်မိုးရည်လည်း တရားမျှတစွာ ပြေငြိမ်းသွားတဲ့ အမုန်းတွေအတွက် သူတစ်နေရာကနေ သေချာပေါက် ကျေနပ်နေမှာပါ"

နုနီက ကိုယ့်စကားကို ကိုယ်ပဲ အဓိပ္ပာယ်နားလည်စွာ ကြည်ကြည်နူးနူး ပြုံးမိသွားသည်။ လျှို့ဝှက်ချက် ဘာလဲဆိုတာ အပွတပြင် သိချင်နေတဲ့ ချွန်သားဦးဟာ ဒီအချိန်မှာ နုနီ

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးခဲ့တဲ့ စာအုပ်လေး ဖတ်နေကာ နားလည်မှုတစ်စုံတစ်ရာ ရနေလောက်ပြီ ထင်ပါသည်။

✦ ✤ ✦





ကျောက်ဆည်တောင်ရဲ့ အပေါ်စီးကနေ စီးမိုးကြည့်ရတဲ့ ခံစားချက်တွေထဲမှာ ဒီတစ်ကြိမ်တွင်တော့ ရှုသွင်းလိုက်တဲ့ လေတွေဟာ ပိုပြီးတော့မှ သန့်စင်လတ်ဆတ်နေကာ အသက်ရှူဝနေသလို ခံစားရလေသည်။ သားဦးက လက်ထဲက ကိုင်ထားတဲ့ စာအုပ်လေးကို ဘယ်နှကြိမ်မြောက်မှန်းမသိလှန်ကာ ဖတ်မိသွားသည်။

စာဖတ်ဖို့အတွက် သူက စာအုပ်လေးကြားက ရောင်နီဆိုတဲ့ ချာတိတ်လေးရဲ့ ဓာတ်ပုံလေးနှင့်အတူ ကွန်ပျူတာစာစီထားတဲ့ စာရွက်လေးကို ဖြန့်ကြည့်မိကာ ဖတ်ကြည့်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့ နုနီသွေး ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သားလေးကို အများကြီး မျှော်မှန်းထားတဲ့ မိခင်တစ်ယောက်အတွက် ကလေးတစ်ယောက်အမေနဲ့ သဘောမတူနိုင်ဘူး...

ဒါပေမဲ့ ဒီကလေးလေးကို မြေးလေးတစ်ယောက်လို သံယောဇဉ်ဖြစ်မိတယ်။ ဒီကလေးလေး သားကြောင့် အသံမထွက်နိုင်တော့တာကိုလည်း စိတ်ထဲမကောင်းဘူး။ သားလေးက အဲဒီကလေးနဲ့ ပတ်သက်ရာက နုနီသွေးကို ချစ်ခင်လာတယ်။ သားရယ်... ဘယ်မိခင်က ကိုယ့်သားကို ကလေးတစ်ယောက်အမေနဲ့ သဘောတူနိုင်ပါ့မလဲ...

မေမေ့ကို သား စိတ်ကွက်နေလိမ့်မယ်။ မိဘဆိုတာ သားသမီးအတွက် အကောင်းဆုံးတွေကိုပဲ ပိုင်ဆိုင်စေချင်သလို အထိုက်တန်ဆုံးတွေနဲ့ပဲ ရရှိစေချင်တယ်...

နုနီသွေးဟာ သားကို လက်စံကောင်း လက်ခံလိမ့်မယ်။ ဒါပေမဲ့ ငါ့သားလေး ပထမကို ဘယ်တော့မှကျော်ခွင့်မရှိတဲ့ ဒုတိယပဲ ဖြစ်လိမ့်မယ်။ ချွန်သားဦးဆိုတဲ့ အဦးဆုံး





မေမေ့သားလေးကို မေမေ ရက်စက်စွာ ပြောမိနေရဦးမယ်။ မုန်းနေတဲ့ မိန်းမတစ်ယောက်ဆီက အချစ်တွေကို အမေက သားအတွက်မှ မပေးချင်တာ။ မေမေ သားအတွက် နုနီသွေးကိုကော ရောင်နီလေးကိုကော ချစ်ပေးမယ့် မုန်းပြရဦးမယ်"

သားဦးက စာအဆုံးဖတ်ပြီးသည့် နောက်မှာတော့ လေပူတစ်ချက်ကို ဖူးခနဲ မှုတ်ထုတ်မိသွားသည်။ စိတ်ထဲက ပင်ပန်းမွန်းကျပ်မှုဟာ မေမေ့စိတ်ထဲက ပင်ပန်းမွန်းကျပ်မှုကိုတော့ မမီနိုင်ချေ။ မေမေ ဘယ်လောက်တောင် ပင်ပန်းမွန်းကျပ်နေရှာမလဲ။ ဘယ်လိုမှ ပြောလို့မရတဲ့ သူ့အတွက် မေမေ့ရင်ထဲ ဘယ်လောက် နာကျင်ရှာမလဲ။

တကယ်ပဲ မေမေ တွေးသလို တစ်သက်လုံးအတွက် ဒုတိယနေရာမှာ သူ နေနိုင်ပါ့မလား။

မေမေ သေဆုံးသွားသည်အထိ သူနှင့် နုနီလက်မထပ်ဖို့ ကတိကို တစာစာ တောင်းခဲ့သည်။ ဘာပဲဖြစ်ဖြစ် အမေ့ကို ကတိမပေးခဲ့တာတောင်မှ မေမေ စိတ်ချမ်းသာသည့် အလုပ်တစ်ခုကို သူ လုပ်ပေးသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား..."

တောင်ပေါ်ကနေ သူ့ရဲ့စိတ်တွေ ပြေလျော့စေဖို့ အတွက် အကျယ်ကြီး အော်လိုက်မိသည်။ ပြီးရင်တော့ သူဟာ ဝေခွဲမရစွာဖြင့် တထင့်ထင့် နောင်တရနေသည့် အဖြစ်တစ်ခု အတွက် ပြတ်သားစွာ ဆုံးဖြတ်ချက် ချလိုက်သည်။

သူ လှည့်ထွက်လိုက်လျှင်တော့ သူပဲ မျက်စိအမြင် မှားသလားဟု ထင်ရအောင် နုနီသွေးနှင့် ရောင်နီက ရောက်နေ တာဖြစ်၏။ သူ့ကို ပြုံးပြတာမို့ ဒါဟာ အိပ်မက်မဟုတ်တာ သိသောအခါ သားဦးက နှုတ်ဆက်လိုက်လေသည်။

"နုနီ... ဘုရားလာဖူးတာလား"

"ဟုတ်တယ်... ချွန်သားဦးကိုတွေ့လို့ လာနှုတ်ဆက်တာ။ မနက်ဖြန် ကျွန်မတို့ ရန်ကုန်ပြောင်းကြတော့မယ်"

သြော်...။ တကယ်တမ်း နှလုံးသားတစ်ခုက ခွဲခွာ ခြင်းအတွက် ခံနိုင်ရည်မရှိချေ။ ဒါပေမဲ့ မေမေ့ဆန္ဒတစ်ခုကို ဖြည့်ဖို့အတွက် သူက ဒုတိယလူ အဖြစ်မခံချင်၍ နေတတ်အောင် နေရစ်ခဲ့ပါသည်။





"သြော်... တကယ်ပဲ ပြောင်းကြတော့မှာပေါ့"

"ဟုတ်တယ်။ သားအတွက်လည်း ရန်ကုန်က ပိုအဆင်ပြေ နိုင်မယ်လေ။ ကိုချွန်သားဦး ကျွန်မတို့ကို မိတ်ဆွေတစ် ယောက်လို သဘောထားပြီး ခင်ခင်မင်မင်နဲ့ လိုအပ်တဲ့ အကူအညီမျိုးများ ရှိခဲ့ရင် တောင်းနိုင်ပါတယ်။ ကျွန်မတို့ တွေက မိတ်ဆွေတွေပဲလေ"

"နုနီ ... ကိုယ့်ကို မမုန်းတော့ဘူးပေါ့နော်"

"တောက်ပနေတာတွေဟာ မေတ္တာတရားတွေပဲ ကောင်း ပါတယ်။ ဘယ်သူ့အပေါ်ကိုမှ ကျွန်မ အမုန်းမထားပါဘူး"

နုနီရဲ့စကားကြောင့် စိတ်ချမ်းသာစွာ ပြုံးနိုင်တော့ ၏။ သူ့ကိုကြည့်နေသော ချာတိတ်ကို သူက အရင်လို မကြမ်း တမ်းတော့ဘဲ အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

"သား... မနက်ဖြန် ရန်ကုန်ရောက်ရင် မမေ့သွားရဘူး နော်"

"သားသား ဘယ်တော့မှ မမေ့ပါဘူး ဖေ..."

"သား"



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီရဲ့ဖေဖေခေါ်သံ အစမှာ နှုန်းသွေးက သားဟု လှမ်းဟန့်လိုက်လျှင် ရောင်နီက သူ့အမေဘက်ကြည့်၍ ဟက်ဟက်ပက်ပက် ပြုံးပြသည်။ ပြီးတော့မှ သူ့ကိုကြည့်ကာ ရှိုးသားစွာ ခေါ်လေသည်။

"ဦးဦး"

"ဟား... ဦးဦး။ ဟုတ်ပါပြီဗျာ... သား... ဦးဦးကို မေ့မသွားရဘူးနော်"

"ဟုတ်... ဦးဦး"

"ကဲ... ကျွန်မတို့လည်း ဘုရားသွားဖူးလိုက်ဦးမယ်။ နောက်မှ ဆုံတာပေါ့"

နှုန်းသွေးက အပြုံးဖြင့် နှုတ်ဆက်သွားသည်။ ချာတိတ်က သူ့ကို လက်ပြနှုတ်ဆက်သွားသည်။ အေးလေ... ကလေးတောင် အမေ့စကား နားထောင်ပြီး သိပ်တူနေတဲ့ သူ့ကို ဖေဖေကနေ ဦးဦး ပြောင်းခေါ်နိုင်သေးတာပဲ။ သူလည်း ဘာကြောင့် စိတ်တွေ မပြောင်းနိုင်ရမှာလဲ။





ဆုံးဖြတ်ချက်က နိုင်မာသေချာစွာ ချပြီးနောက်မှာ လေတွေက ပိုတိုက်လာသည်။ မေမေ ကျေနပ်သွားလို့ပဲ ဖြစ်လိမ့်မည်။

တကယ်တော့လည်း ဘဝဟာ အမုန်းမထားဘဲ နေပျော်မှာပါလေ။

သားဦးက မေမေ့အတွက် ကောင်းမှုကုသိုလ်တွေ လုပ်ပေးနေသလို နှုန်းသွေးကလည်း ဆုံးသွားတဲ့ သူ့ခင်ပွန်း ကိုမောင်မောင်အတွက် ကုသိုလ်တွေ လုပ်ပေးနေတာဖြစ်မည်။ ကောင်းသောစိတ်ထားနှင့် ရည်ရွယ်ချက်တွေ တူလာသောအခါ မုန်းနေတဲ့သူ နှစ်ယောက်ဟာလည်း ချက်ချင်းပြုံးပြဖို့အတွက် မခက်ခဲတော့ပါ။

✦ ✤ ✦

www.burmeseclassic.com

www.burmeseclassic.com





ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"





မိန်းမတစ်ယောက်အတွက်

ငယ်တုန်းကသာ

အချစ်က အရေးပါခဲ့ပြီး

အရွယ်ရင့်ကျက်မှ ရလာချိန်မှာတော့

အမှန်းမရှိတဲ့ အေးချမ်းမှုကသာ

အရေးကြီးဆုံးပဲ ဖြစ်လေသည်။

✦ ✤ ✦

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

29. Jul. 2015

6:12 AM.


ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်

**မယ်မင်းဘုံ**

အမှတ်–၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"


www.burmeseclassic.com